www.burmeseclassic.com


ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

အောင်မြင်စာပေ

# ကြိစဏွ

(၂)

ဆွေးသက်ဝတ်ပါ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်

စာပေ



၈၉၅.၈၃

ပြိတ္တာ

ဘေးဝက်ကတ်ပါ/ပြိတ္တာ။ -ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၂။

၂၄၀-စာ၊ ၁၂.၅ x ၁၈.၅ စင်တီ။

(၁) ပြိတ္တာ

**ရေးသားသူ** ဦးအောင်မြင့်၊

**ဖြန့်ချိရေး** အောင်မြင်စာပေ၊



14 NOV 2012

**အတွင်းပုံနှိပ် နှင့်**
**မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊
ပထမအကြိမ်၊ ၂၀၁၂ခုနှစ်
(နိဝင်ဘာလ)
အုပ်ရေ(၅၀၀)။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- အလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို လုပ်လျှင်
  ချက်ချင်းတော့ အောင်မြင်မှု မရနိုင်ပေ။
  အချိန်ကာလတစ်ခုတော့ ပေးရသည်။
  ထိုအတောအတွင်း စိတ်ရှည်ဖွဲ့ရှိခြင်းနှင့်
  ကြိုးစားခြင်း ရှိနေဖို့က အဓိက သော့ချက်ပင်ဖြစ်၏။

- မုန်းတီးစိတ် မစ္ဆရိယစိတ်တို့သည်
  စိတ်ထားသေးသိမ်သူတို့အတွက်
  အဖော်ပင်ဖြစ်သည်။
  ၎င်းအဖော်များသည်
  အခြားသူကို ဒုက္ခပေးခွင့်မရလျှင်
  မိမိကိုယ်ကို ပြန်ပြီးဒုက္ခပေးလေ့ရှိသည်။

- လုပခြင်းသည် လူတစ်ယောက်၏တန်ဆာဖြစ်သလို
  အန္တရာယ်လည်းဖြစ်နိုင်ပေသည်။
  မိမိ၏အလှကို တန်ဖိုးမထားခြင်းမှာ
  အန္တရာယ်ကို ဖြားယောင်းဖိတ်ခေါ်
  နေခြင်းသာဖြစ်သည်။

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

14 NOV 2012

- မဖြစ်သေးသောကိစ္စကို
  ကြိုတင်ပူပန်နေခြင်းသည်
  လက်ရှိအချိန်နှင့်အခြေအနေကို
  ဖျက်ဆီးနေခြင်းသာဖြစ်ပေသည်။

- ချစ်ခြင်းမေတ္တာဟူသည်
  ကိုးကွယ်ရမည့်အရာ မဟုတ်ပေ။
  တန်ဖိုးထားရမည့်အရာသာဖြစ်သည်။
  ၎င်းကို တန်ဖိုးမထားသူမှာ
  ချစ်ခြင်းမေတ္တာ၏ဒဏ်ခတ်ခြင်းကို
  ခံရလေ့ရှိသည်။

- ချစ်ခြင်းမေတ္တာသည်
  ဘဝ၏အနှစ်အရသာပင်ဖြစ်၏။
  အနှစ်သာရကင်းသောဘဝသည်
  ပျော်ရွှင်ချမ်းမြေ့မှုကိုမရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ အချစ်၏ချိုမြိန်သောအရသာကို
ခံစားလိုလျှင်...
အချစ်နှင့် ပတ်သက်ပြီး
ခါးသီးသောအရာများကိုလည်း
ခံစားတတ်အောင် အဆင်သင့် ပြင်ထားရပေမည်။

➤ မြစ်ရေသည်...
နိမ့်ရာမှမြင့်ရာသို့ ဆန်တက်လေ့ မရှိပေ။
ချစ်ခြင်းမေတ္တာကတော့
မည်သည့်နေရာမှမဆို စီးဆင်းလာတတ်သလို
ဆန်တက်ခြင်းလည်း ပြုနိုင်ပေ၏။

➤ နလုံးသားက နားလည်နေသော်လည်း
ဦးနှောက်က လက်ခံလာသည်အထိတော့
အချိန်ပေးရပေသည်။
ဦးနှောက်အတွက် အချိန်မပေးလျှင်
မှားယွင်းမှု ဖြစ်တတ်လေသည်။

# ဒဿနလက်ဆောင်

➤ အိမ်ထောင်တစ်ခု တည်မြဲရန်အတွက်
ဘဝအဖော်ကောင်း လိုသလို
အဓိက အရေးအကြီးဆုံးက
မိမိကိုယ်တိုင် ကောင်းဖို့ပင်ဖြစ်၏။

➤ မှသားချည်းသက်သက် ပြောနေလျှင်
အကဲခတ်ရသည်မှာ လွယ်ကူပေ၏။
မှသားကို အမှန်တစ်ဝက်နှင့်
ရောပြောလာလျှင်တော့...
ဇဝေဇဝါဖြစ်ရလေတော့သည်။

➤ မိမိကိုယ်ကို လှည့်စား၍ရနိုင်စေကာမူ
ဘဝကိုတော့ လှည့်စား၍မရပေ။
ဘဝကို လှည့်စားမိလျှင်...
ဘဝပျက်ခြင်းနှင့်သာ ကြုံတွေ့ရပြီး...
ဒဏ်ခတ်ခြင်းကိုပါ အဆစ်ရတတ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ဝိညာဉ်မာယာကလဲ့စား
အခန်း(၂) ဦးဒီပနှင့်ထူးဆန်းသောပန်းချီကား
အခန်း(၃) ပဟေဠိဆန်သောလူသတ်သမား
အခန်း(၄) ကံကြမ္မာစက်ကွင်းသက်ဆင်းရသူများ
အခန်း(၅) ဆရာကြီးကိုင်ရှိနှင့်ဆန်းကြယ်သောမှတ်တမ်း
အခန်း(၆) အန္တရာယ်ကိုလေလံဆွဲကြသူများ
အခန်း(၇) လမ်းမတော်မှနှစ်လောင်းပြိုင်လူသတ်မှု
အခန်း(၈) ပန်းချီကားပေါ်မှသွေးစက်များ
အခန်း(၉) မိစ္ဆာဝိညာဉ်ဘယ်သူလဲ
အခန်း(၁၀) ပန်းချီကားအတွင်းမှသဲလွန်စ
အခန်း(၁၁) မိစ္ဆာဝိညာဉ်၏မာယာ
အခန်း(၁၂) ဝိညာဉ်ပူးကပ်သောသားကောင်
အခန်း(၁၃) သချိုင်းနေရာဟောင်းသို့ရောက်ကြခြင်း
အခန်း(၁၄) ပန်းချီကားအတွင်းမှအကျဉ်းစံဝိညာဉ်များ
အခန်း(၁၅) ကံဆိုးရှာခဲ့သောမိန်းကလေး၏ကလဲ့စား
အခန်း(၁၆) အချစ်သည်အေးမြခြင်းကိုဖြစ်စေနိုင်ပါသည်




# အခန်း(၁)

## ဝိညာဉ်မာယာ ကလဲ့စား

မြန်မာနိုင်ငံကို မျက်နှာဖြူနယ်ချဲ့များ သိမ်းပိုက်ထားသောကာလမှာ နှစ်ပေါင်း(၁၀၀)ကျော်အထိ အချိန်ကြာမြင့်ခဲ့သည်။

မျက်နှာဖြူနယ်ချဲ့များမှာ မြန်မာနိုင်ငံအပါအဝင် အာရှ၌ရှိသော တိုင်းပြည်အတော်များများကို မတရားကျူးကျော် သိမ်းပိုက်ခဲ့သော အဓိကရည်ရွယ်ချက်မှာ ထိုတိုင်းပြည်များမှာရှိသော သယံဇာတပစ္စည်းများ ရွှေငွေရတနာ စသည်တို့ကို လိုချင်မက်

www.burmeseclassic.com



မောကြသောကြောင့်သာဖြစ်သည်။

မြန်မာနိုင်ငံသာမက အိန္ဒိယနှင့်တရုတ်တိုင်းပြည်များကို မတရား ကျူးကျော်သိမ်းပိုက်ခဲ့သော အကြောင်းအရင်းမှာလည်း ထိုရည်ရွယ်ချက်မှာ အဓိကကျသော အကြောင်းအရင်းတစ်ခုပင် ဖြစ်သည်။

မြန်မာနိုင်ငံကိုလည်း အကြောင်းအမျိုးမျိုး ပြကာ မတရား ကျူးကျော်သိမ်းပိုက်ခဲ့သော အကြောင်းအရင်းမှာလည်း မြန်မာနိုင်ငံမှ ထွက်သောအဖိုးတန်ရတနာနှင့် သယံဇာတပစ္စည်းများကို အလိုရှိကြသောကြောင့်ပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ကျွန်းသစ်၊ ရေနံနှင့် ကျောက်သံပတ္တမြား၊ ရွှေငွေရတနာတို့ များစွာပေါကြွယ်ဝသောတိုင်းပြည် ဖြစ်သည်။

ထို့ကြောင့်လည်း လက်နက်အားကိုးဖြင့် ကျူးကျော် သိမ်းပိုက်ယူကြခြင်းပင်ဖြစ်သည်။

အိမ်တစ်အိမ်ကို ဝင်ရောက်တိုက်ခိုက်ပြီး ပစ္စည်းဥစ္စာ လုယူသူများကို ဓါးပြဟု သတ်မှတ်ကြသည်။

သို့ဆိုပါက တိုင်းပြည်တစ်ခုလုံးကို လက်နက်အားကိုးနှင့် တိုက်ခိုက်သိမ်းပိုက်ပြီး ထိုတိုင်းပြည်မှ ထွက်သော ရွှေငွေရတနာ နှင့် အဖိုးတန် သယံဇာတပစ္စည်းများကို မတရား လုယူသော ဗြိတိသျှနယ်ချဲ့များကိုတော့ ကမ္ဘာ့အကြီးစားဓားပြ ဒါမှမဟုတ် ဒုစရိုက်ကောင်ကြီးများဟုပင် သတ်မှတ်သင့်ပါသည်။

၎င်းတို့တိုင်းပြည်များ ယခုအချိန်၌ ကမ္ဘာပေါ်၌ ချမ်းသာ





ကြွယ်ဝသော တိုင်းပြည်နိုင်ငံများအဖြစ် ရပ်တည်နေခြင်းမှာ မြန်မာနိုင်ငံအပါအဝင် အခြားတိုင်းပြည်များမှ မတရား ယူသွားခဲ့သောပစ္စည်းများကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် သိမ်းပိုက်ထားပြီး ထိုအချိန်ကာလအတွင်းမှာ ထုတ်ယူသွားသော ကျွန်းသစ်၊ ရေနံ၊ ဘော်၊ ခဲမဖြူ၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ အဘယ်လောက် များပြားမည်ကို မခန့်မှန်းနိုင်စေကာမူ သီပေါဘုရင်ထံမှ ယူသွားသော ပတ္တမြားငမောက်အပါအဝင် အဖိုးတန် ကျောက်မျက်ရတနာစာရင်းကို ကြည့်ရုံနှင့်ပင် တိုင်းပြည်တစ်ပြည် ချမ်းသာနိုင်လောက်သော အရေအတွက်ဖြစ်သည်။

ပတ္တမြားငမောက်သည်ပင် တန်ဖိုးမဖြတ်နိုင်သော ပြည်တန်ပတ္တမြားဖြစ်သည်။

သီပေါဘုရင်ထံမှ ကာနယ်စလေဒင် သိမ်းယူသွားသော စာရင်းပေါ်သည့် ပစ္စည်းစာရင်းမှာ အောက်ပါအတိုင်းပင်ဖြစ် သည်။

(စာရင်းပေါ်သည်ဟု ဆိုရခြင်းမှာ စာရင်းမပေါ်ဘဲ ယူဆောင်သွားခဲ့သော ရတနာပစ္စည်း အမြောက်အမြား ရှိနေသေးသောကြောင့်ဖြစ်သည်။)

(၁) ပတ္တမြားငမောက်

(၂) ရတီ(၂၀)ခန့်ရှိသော လှော်ကားတင်ကလေးကျောက် ထိုကျောက်မှာ ဘိုးတော်လက်ထက် လှော်ကားနှင့် တင်ယူဆက်သရသောကြောင့် ထိုအမည်ပေါ်ပေါက်ခဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းဖြစ်သည်။

(၃) ရတီ(၄၀)ကျော်ရှိသော လှော်ကားတင်ကြီးကျောက်၊ (၁၁၉၉)ခုနှစ်၊ ကုန်းဘောင်မင်းလက်ထက်တွင် မိုးကုတ်ကျောက်တွင်းတစ်ခုမှ လှော်ကားနှင့် တင်ယူဆက်သခဲ့သောကြောင့် ထိုအမည်ရခဲ့ခြင်းဖြစ်၏။

(၄) ရတီ(၄၀)ကျော်ရှိသော ဆင်မတော်ကျောက်၊ ဆင်မတော်နှင့် တင်ယူဆက်သခဲ့သောကြောင့် ထိုအမည် ရရှိခဲ့ခြင်းဖြစ်သည်။

(၅) (၆)ရတီသာ ရှိသော်လည်း အရည်အသွေး အလွန်ကောင်းလွန်းသဖြင့် စံပြုရသဖြင့် 'စံကျောက်တော်' ဟု အမည်ရှိသည့်ကျောက်၊

(၆) နဂါးဗိုလ် အစရှိသော အခြားကျောက်များ၊ ထိုကျောက်များအပြင် ဘုရင်၊ မိဖုရားနှင့် သမီးတော်တို့ထံမှ သိမ်းယူသွားခဲ့သော အခြားရတနာပစ္စည်း အမြောက်အမြားလည်း ရှိပေသေးသည်။

၎င်းတို့မှာ. . .

(၁) ဘုရင်နှင့်မိဖုရားနှစ်ပါး ပိုင်ပစ္စည်းအချို့နှင့် နန်းစဉ်ရတနာများကို သေတ္တာကြီးငယ်များနှင့် ထည့်ကာ ကာနယ်စလေဒင်အား အပ်ခဲ့ရသည်။

၎င်းပစ္စည်းများ၏တန်ဖိုးမှာ ရှေးခေတ်တန်ဖိုးနှင့်ပင် ကုဋေပေါင်းမြောက်များစွာ တန်ဖိုးရှိသည်။

(၂) အလယ်နန်းမဖော်တော်မိဖုရား ဆင်ဖြူမရှင်၏





ကိုယ်ပိုင် ရွှေဒင်္ဂါးများနှင့် တန်ဖိုးမဖြတ်နိုင်သောရတနာပစ္စည်းများ၊

(၃) ဘုရင်နှင့်မိဖုရားတို့၏ လက်ဝတ်ရတနာ၊ အသုံးအဆောင် ရတနာများကို ကန္နကမာသေတ္တာဖြင့် ထည့်၍ အပ်နှံရသည်။

ရှေးခေတ်ကာလတန်ဖိုးနှင့်ပင် ကုဋေပေါင်းမြောက်များစွာ တန်သည်ဟု ခန့်မှန်းရုံသာ တတ်နိုင်ကြသည်။

၎င်းတို့အနက် ဖော်ပြနိုင်သောပစ္စည်းစာရင်းမှာ. . .

(က) စိန်၊ မြ၊ ပတ္တမြား နားရွှောင်းတော် ၁၂-ရံ
(ခ) ပတ္တမြားစလွယ် ၁
(ဂ) ဒက်တော်ကြီးငယ် ၂
(ဃ) စိန်ခါးစည်း ၁
(င) စိန်ပန်းခွေ ၁
(စ) စိန်ပန်းနိုင် ၃
(ဆ) စိန်လက်ကောက် ၁
(ဇ) စိန်လည်ကပ် ၂၄
(ဈ) စိန်ကြိုးကုံးရေ ၁၀
(ည) စိန်လက်စွပ် ၂၀
(ဋ) လှော်ကားတင်ကျောက်နှင့်
ပြုလုပ်ထားသည့် ပတ္တမြားလက်စွပ် ၁
(ဌ) ကြိုကျောက် ၂၅
(ဍ) မောက်ကြီးကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



မောက်ကြီးနန်းစဉ်ကျောက် ၁

စုစုပေါင်း (၇၉)ခု၏ကာလတန်ဖိုးမှာ အဘယ်မျှ ရှိမည်ဟု မခန့်မှန်းနိုင်အောင် များပြားလှပေသည်။

ထို့ပြင် အခြားမဖော်ပြနိုင်သော ရတနာပစ္စည်း အမြောက်အမြားတို့လည်း ရှိကြပေသေးသည်။

ဧင်းကျောက်မျက်ရတနာတို့ကို ကာနယ်စလေဒင်မှ ဥပါယ်တံမျဉ်နှင့် သိမ်းယူသွားခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှတို့မှာ ယခုအခါတွင် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး စာရင်းဝင်နိုင်ငံဖြစ်နေခြင်းမှာ ထိုရတနာပစ္စည်းများအပြင် မြန်မာနိုင်ငံမှ နှစ်ပေါင်းတစ်ရာကျော်ကြာအောင် ထုတ်ယူသွားသော သယံဇာတပစ္စည်းများကြောင့်ဆိုက မှားမည်မဟုတ်ပေ။

ဂီရိရတနာဆောင်းပါးမဟာ၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသောအချက်ကို ကြည့်က မျက်နှာဖြူများ ယုတ်မာပုံကို တစေ့တစောင်း သိနိုင်ကြပေသည်။

ထိုဆောင်းပါးမှာ သီပေါဘုရင်၏အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေကိုယ်တွေ့ ရေးသားခဲ့သည့်မှတ်တမ်းလည်းဖြစ်သည်။

"နန်းစဉ်ပတ္တမြားဟု နာမည်ကျော်ကြားခဲ့သောပတ္တမြားငမောက်သည် အလွန်ပင် အဖိုးထိုက်တန်ပြီး ထင်ရှားကျော်စောခဲ့သော နန်းစဉ်ကျောက် ငမောက်ပတ္တမြားကြီးကား မင်းအဆက်ဆက်မှ ဆင်းသက်ခံရသည့်တွင် နောက်ဆုံး သီပေါမင်းတရားလက်ထက် တိုင်းပြည်အပျက်တွင်မှ လူမျိုးခြားလက်သို့ ပါရလေတော့သည်။





တိုင်းပြည်နိုင်ငံနှင့်တကွ မင်းမိဖုရားပါ ပါရရှာသည့်အတွက် ငမောက်ကျောက်မျှသောရတနာကို နှမြောဖွယ်ရာ မရှိတော့သော်လည်း ငမောက်၏သတ္တိကိုကား ကျွန်ုပ်တို့ သိရှိသင့်ပေသည်။

မည်သူ့လက်သို့ ရောက်နေသည်ကိုလည်း မှတ်သားသင့်သည်။

ထိုကျောက်မြတ်ရတနာနှင့် ပတ်သက်၍ ပင်းယမင်းသမီးက ပြောပြသည်ကို ဦးစံရွှေ၏ မှတ်တမ်းတွင် ဤသို့တွေ့ရ၏။

(. . . . ငမောက်ကျောက်သည် ကွမ်းသီးလုံးငယ်ခန့်ရှိ၏။ အကွက်မချထား စင်းချောပင်ဖြစ်သည်။

လက်စွပ်ကွင်းထားသည်။

တစ်ညသ၌ သီပေါဘုရင်မင်းမြတ်မှ အမိန့်တော်ရှိသည်မှာ

'နန်းစဉ်ငမောက်ကို မင်းတို့ မမြင်ဖူးကြသေးဘူး. . . လာကြည့်ကြ'

ဟု နန်းတော်အခန်းတစ်ခုသို့ အချင်နန်းမတော်ဖုရားနှင့် အပျိုတော်များကို ခေါ်သွား၍ ကလပ်ပေါ်မှာ တင်ထားပြီး မှောင်ချလျှင် မီးကဲ့သို့ လင်းနေသည်။

နွားနို့ထဲ ဂွမ်းထဲ ထည့်ပြသောအခါ ပန်းနီဆိုးထားသကဲ့သို့ နီသည်။ လက်စွပ်ကို မှောက်သောအခါ အရည်တစက်စက်နှင့် ယိုကျတော့မလို ထင်ရသည်။

ဧင်းကျောက်နီကို တောင်ဥယျာဉ်နန်းတော်မှာ ညနက်ပွဲတော်တည်ပြီး ဆလေဒင်က ဘုရင်မကြီးကြည့်ဖို့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တသနားတော်မူပါ တောင်း၍ သင်္ဘောမဆင်းခင် ဆင်မြန်းထားတော်မူသောလက်မှ ချွတ်ပေးခဲ့ရသည်။)

ဤသို့ သတ္တိထူးရှိသော ငမောက်ပတ္တမြားသည် နိုင်ငံခြားနှင့် ရှုပ်ထွေးသောကိစ္စကြီးတစ်ရပ်ကိုပင် ရင်းကျောက်အစွမ်းဖြင့် ရှင်းလင်းခဲ့ရသည်ကိုလည်း သတိပြု မှတ်သားသင့်ပေသေး၏၊

မင်းတုန်းဘုရင်လက်ထက်. . ကင်းဝန်မင်းကြီးသည် ဥရောပတိုက်အနောက်နိုင်ငံများသို့ သံအမတ်အဖြစ် သွားခဲ့ရဖူးသည်ကို အများပင် သိကြပေလိမ့်မည်။

ထိုစဉ်က ပြင်သစ်ပြည်တွင် ပြင်သစ်သူဌေးများနှင့် ကျောက်တွင်းအရောင်းအဝယ် ပြုလုပ်ခဲ့သည်ကို နေပြည်တော်ပြန်ရောက်၍ အကြောင်းစုံ လျှောက်ထားလျှင် ကင်းဝန်၏အမှားကိုမြင်သော ဘုရင်မင်းမြတ်သည် အကြံကျပ်လျက်ရှိရပေသည်။

ထို့နောက်မှ ရွှေပြည်မင်းကြီးကို တိုင်ပင်တော်မူရာ အဆိုပါ ငမောက်ကျောက်ပတ္တမြားကို ပြင်သစ်သူဌေးတို့အား ပြ၍ တန်ဖိုးဖြတ်စေ၏။

အဖိုးမဖြတ်နိုင်သောကြောင့် ရွှေပြည်မင်းကြီးက. . .

"ဤကျောက်တစ်လုံးကိုမှ တန်ဖိုးမဖြတ်နိုင်လျှင် ဤကျောက်မျိုးအများထွက်သောကျောက်တွင်းကို မည်သို့ တန်ဖိုးဖြတ်မည်လဲ"

ဟူသောနောက်ဆုံးစကားကြောင့် ကင်းဝန်၏အမှားကို အမှန်ရောက်အောင် ပြုပြင်နိုင်သည်။





ဤကား ငမောက်၏သတ္တိပင်ဖြစ်၏။

ဆလေဒင်ထံ ပေးအပ်လိုက်ရသည်မှာ. . . ငမောက်ကျောက်တစ်ခုတည်းသာလျှင်မဟုတ်၊ စိန်နားပန်(၃၀၀)စီ ထည့်သော သေတ္တာနှစ်လုံးလည်း ရှိသေးသည်။

ထိုသေတ္တာနှစ်လုံးကို လမ်းခရီး၌ အနှောင့်အယှက်ဖြစ်မည်စိုး၍ ခေတ္တထိန်းသိမ်းထားရန်၊ နောင် ပြန်အပ်ပါမည်ဟု ဆလေဒင်က လျှောက်တင်သောကြောင့် ယုံကြည်အပ်နှံခဲ့သော်လည်း ပြန်မရဘဲ အဆုံးခံရတော်မူ၏။

ထို့ကြောင့် ခရစ်သက္ကရာဇ်(၁၉၁၁)ခုနှစ် ဂျော့ဘုရင် အိန္ဒိယနိုင်ငံသို့ ထွက်တော်မူ၍ ဒေလီမြို့၌ ဘိသိက်ခံယူသောအခါ ဂျော့ဘုရင်ထံသို့ စာသွင်းရာ၌ ဆလေဒင်ကို ငမောက်ကျောက်နီလက်စွပ်၊ စိန်နားပန် သေတ္တာကြီးနှစ်လုံး တပ်ထားသည်မှာလည်း ပြန်မရကြောင်းများကို အခြားအကြောင်းများနှင့် ရေးသွင်းသောစာတွင် ဖတ်ရှုတွေ့မြင်ရသည်။

သို့ရာတွင် ပြန်ရဖွယ် မျှော်လင့်ချက်ကား မရှိတော့ပြီ။ အဘယ့်ကြောင့် ပြန်မရနိုင်ပြီဟု တထွေ့စ်ချ ကျွန်ုပ်ရေးသား ဖော်ပြရပါသနည်းဟူမူ စတုတ္ထသမီးတော်၏အရေးတော်ပုံ စာတမ်း၌. . .

"ခမည်းတော် မယ်တော်တို့ ရတနာဂီရိ ရောက်တော်မူ၍ အတော်ကြာလျှင် အစိုးရက ငွေကြေးမထောက်ပံ့သဖြင့် ပါရှိသောပစ္စည်းများ အသုံးပြု၍ကုန်ခြင်း၊

မည်သည့်နေ့တွင် အင်္ဂလိပ်အစိုးရနှင့် စာချုပ်မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ပြန်ရမည်ကို မသိခြင်းကြောင့် ဆလေဒင်ထံ အပ်တော်မူခဲ့သောပစ္စည်းများကို ခမည်းတော်မယ်တော်တို့ထံ တင်ပို့စေရန် ဆိုင်ရာအစိုးရအား ပြောဆိုရာ 'ဆလေဒင် ဘိလပ်ပြန်သွားပြီ'ဟု ပြန်ကြားပြောဆိုလိုက်ကြောင်း၊

ထို့နောက် ဆလေဒင် သေပြီဟု ပြန်ကြားပြောဆိုကြောင်း၊ တွေ့မြင်ဖတ်ရှုရသောကြောင့်ပင်ဖြစ်ပေသည်။

အထက်ပါမှတ်တမ်းများကို ဖတ်ရှုရသောအခါ အင်္ဂလိပ်အစိုးရ မည်မျှယုတ်မာရက်စက်ပုံတို့ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုမျှသာ မကသေးဘဲ မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် သိမ်းပိုက်ထားစဉ်မှာလည်း တန်ဖိုးရှိသော ရတနာပစ္စည်း အပါအဝင် အတော်များများကို တရားသည့်နည်းရော မတရားသည့်နည်းများဖြင့်သာ ယူဆောင်သွားခဲ့ကြသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများကလည်း အားမတန်၍ မာန်လျှော့ကာ ကြည့်နေခဲ့ရသော်လည်း ၎င်းတို့ကို နည်းအမျိုးမျိုးနှင့် တုံ့ပြန်ခဲ့ကြလေသည်။

အင်္ဂလိပ်တို့က လက်နက်အားကိုးဖြင့် အနိုင်ယူခဲ့ကြသော်လည်း ၎င်းတို့အနေနှင့် ဘယ်လိုမှ မတတ်နိုင်ဘဲ အရှုံးပေးခဲ့ရသည့်အဖြစ်များ၊ အသက်ပေးခဲ့ရသည့် အဖြစ်အပျက်ပေါင်းများစွာ ရှိကြပေသည်။

(၁၈၈၅)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းလိုက်ပြီဟု အိန္ဒိယ





ဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင်(Lrod Dufferin)က ဗြိတိသျှဘုရင်မ ဗိတိုရိယကိုယ်စား ကြေညာလိုက်လေသည်။

ထိုသို့ကြေညာခဲ့ပြီးနောက်ပိုင်းတွင် မိမိတို့ သူတစ်ပါးလက်အောက် ကျရောက်ခဲ့ပြီဟု သိလျှင်သိချင်း ဒီအတိုင်း ခေါင်းငြိမ်ခံနေကြသည် မဟုတ်ဘဲ ရရာလက်နက်များကို ကိုင်စွဲပြီး တိုက်ပွဲဝင်ခဲ့ကြလေသည်။

မျိုးချစ်တော်လှန်ရေးသမားများက ထိုကဲ့သို့ တိုက်ပွဲဝင်ခဲ့ကြသလို အင်္ဂလိပ်နယ်ချဲ့များမှာ ဆန်းကြယ်သောပညာရပ်များကြောင့်လည်း အသက်သေဆုံးခဲ့ရသည့် အဖြစ်အပျက်များစွာတို့ ရှိခဲ့လေသည်။

ထိုအဖြစ်အပျက်များထဲတွင် . . .

ဘုရားကို ရည်စူးလှူဒါန်းထားသော ရွှေငွေရတနာပစ္စည်းများကို ယူငင်မိသဖြင့် ကြောက်မက်ဖွယ်ရာ အန္တရာယ်ဆိုးများနှင့်တွေ့ကာ သေဆုံးရခြင်းနှင့် ရှေးဟောင်းပစ္စည်းများကြောင့် သေဆုံးရသော အဖြစ်အပျက်များစွာတို့လည်း ပါဝင်လေသည်။

ထိုအကြောင်းများကို အခြားဝတ္ထုများ ရေးသားရာ၌ အလျဉ်းသင့်သလို ဖော်ပြပေးခဲ့ပြီးဖြစ်ပေသည်။

ယခု ရေးသားထားမည့်အကြောင်းအရာမှာ မျက်နှာဖြူများ ကျွမ်းကျင်သော သိပ္ပံပညာများဖြင့် မည်သို့မှ ဖြေရှင်းမရနိုင်သော ဆန်းကြယ်မှုများကို အခြေခံပြီး ရေးသားထားခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့သည် မြန်မာတိုင်းရင်းသားအများစု၏ မျိုးချစ်စိတ်ဓါတ်နှင့် ဆန်းကြယ်သောပညာရပ်များကိုတော့ အသိအမှတ်ပြုခဲ့ကြရလေသည်။

လက်နက်အင်အားချင်း မတူသော်လည်း မျိုးချစ်စိတ်ဓါတ်ဖြင့် ခုခံတိုက်ခဲ့သောကြောင့် အတော်များများ သေကျေပျက်စီးခဲ့ရသည်။

ထို့ထက် ဆန်းကြယ်လှသော ဂမ္ဘီရပညာများကြောင့် သေကျေပျက်စီးမှု ဖြစ်ခဲ့ကြသည်မှာလည်း ရှိခဲ့ပေသည်။

ထိုအဖြစ်အပျက်များထဲမှ စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်တစ်ခုကို ဦးစွာဖော်ပြပေးလိုက်ပါသည်။

ကာနယ်စလေဒင် ဦးဆောင်သော ဗြိတိသျှတို့က မန္တလေး နေပြည်တော်ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက်တွင် နန်းတွင်းမှ ရတနာပစ္စည်းများကို ရသမျှ ယူငင်ခဲ့ကြသည်။

ထိုအထဲတွင် မင်းနှင့်မိဖုရားတို့ ပိုင်ဆိုင်သော ရတနာပစ္စည်းများနှင့် ပတ္တမြားငမောက်လို နန်းစဉ်ပတ္တမြားကဲ့သို့ အဖိုးမဖြတ်နိုင်သောရတနာပစ္စည်းများစွာတို့လည်း ပါဝင်လေသည်။

သို့သော် အားလုံးတော့ ရသွားခဲ့သည် မဟုတ်ပေ။

အချို့မှာ နန်းတွင်းသူ နန်းတွင်းသားများ လိမ္မာပါးနပ်မှုကြောင့် ကျန်ခဲ့ကြသည်။

၎င်းတို့ ထွက်ပြေးတိမ်းရှောင်သွားရာတွင် ထိုရတနာပစ္စည်းအချို့ကိုပါ ယူဆောင်သွားခဲ့ကြလေသည်။

နန်းစဉ်ရတနာများထဲတွင် ပတ္တမြားငမောက်ကို





မောက်ကြီးဟု ခေါ်ပြီး ၎င်းနှင့် အရည်အသွေး မတိမ်းမယိမ်းတူညီသော ပတ္တမြားအချို့ကို 'မောက်ကလေး' ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုပတ္တမြားများမှာလည်း ပတ္တမြားငမောက်၏အရည်အသွေးကို မမီသော်လည်း တန်ဖိုးမဖြတ်နိုင်အောင် အရည်အသွေး ကောင်းမွန်ကြောင်းကိုတော့ တွေ့ဖူးမြင်ဖူးသူများက သိကြလေသည်။

ပတ္တမြားငမောက်မှလွဲပြီး အခြားပတ္တမြားအချို့ကိုတော့ အင်္ဂလိပ်နယ်ချဲ့များ နန်းတွင်းသို့ ဝင်ရောက်လာပြီးနောက်တွင် ပျောက်ချင်းမလှ ပျောက်သွားခဲ့ကြလေသည်။

အခြားမဟုတ်ပေ။

၎င်းရတနာများကို အပါးတော်မြဲ သစ္စာရှိသော လူယုံတော်များက ယူငင်ပြီး အခြားနေရာသို့ တိမ်းရှောင်သွားကြသောကြောင့်ဖြစ်သည်။

ထိုသို့ယူဆောင်သွားခြင်းမှာ ၎င်းတို့ကိုယ်ကျိုးအတွက် အသုံးပြုရန် ယူဆောင်သွားခြင်းမျိုးတော့ မဟုတ်ပေ။ ဘာသာရေးနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုရန်အတွက်ပင်ဖြစ်သည်။

ထိုအကြောင်းများကို အင်္ဂလိပ်မျက်နှာဖြူများကတော့ မရိပ်မိကြပေ။

အသားထဲမှလောက်ထွက် ဆိုသကဲ့သို့ အတွင်းသစ္စာဖောက်များက သတင်းပေးသောကြောင့် သိကြရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီးဦးကောင်းကဲ့သို့ နောက်မှ ရောက်လာသော အရှင်သခင်နှင့် သင့်မြတ်အောင် ပေါင်းသင်းနိုင်သူများမှာ နန်းတော်နှင့် အနီးတစ်ဝိုက်မှာပင် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် တင့်တင့်တယ်တယ် နေနိုင်ခဲ့ကြသလို အလိုတော်ရိ သစ္စာဖောက်များမှာလည်း ထိုအချိန်က များစွာအခွင့်အရေး ရခဲ့ကြလေသည်။

အလိုတော်ရိအတော်များများမှာ သစ္စာမရှိသူများဖြစ်ကြသဖြင့် သီပေါဘုရင်လက်ထက်က ပစ်ပယ်ခံထားရသူများဖြစ်ကြလေသည်။

ထိုလူများမှာ အခဲမကျေနိုင်ဖြစ်နေကြပြီး ယခု အင်္ဂလိပ်လက်ထက် ရောက်သောအခါမှ နေရာရလာကာ အစွမ်းပြနိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

"သခင်ကြီး. . . နန်းစဉ်ရတနာတွေဟာ အခုသိမ်းယူသွားတဲ့ အရေအတွက်ထက် အများကြီး ကျန်ပါသေးတယ်၊ အခု ယူသွားတဲ့ပစ္စည်းတွေက ဘုရင်နဲ့မိဖုရား ပိုင်ဆိုင်တဲ့ လက်ဝတ်ရတနာတွေလောက်ပဲ ရှိပါသေးတယ်ဘုရား"

"ကျန်တဲ့ပစ္စည်းတွေက ဘယ်နေရာရောက်သွားပြီလဲ"

"နန်းတွင်းသူ နန်းတွင်းသားတွေက ယူပြီး ထွက်ပြေးသွားတာပါဘုရား၊ နန်းစဉ်ရတနာတွေထဲမှာတောင် ပတ္တမြားငမောက်နဲ့ အရွယ်အစားရော အရည်အသွေးပါ မတိမ်းမယိမ်းတူတဲ့ မောက်ကလေးလို့ အမည်ပေးထားတဲ့ပတ္တမြား ကျန်ပါသေးတယ်ဘုရား"





"အခု အဲဒီပတ္တမြားက ဘယ်မှာလဲ"

"အပါးတော်မြဲတစ်ယောက် ယူပြီး ထွက်ပြေးသွားခဲ့ပါတယ် ဘုရား"

"ဒါဖြင့် အဲဒီလူ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ စုံစမ်းပြီး ကျွန်ုပ်ကို ပြောပြပါ။ မောင်မင်းကို ထိုက်ထိုက်တန်တန် ဆုပေးမယ်"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

မျက်နှာဖြူအရာရှိက ထိုကဲ့သို့ မက်လုံးပေးကာ ပြောသဖြင့် ထိုလူလည်း မောက်ကလေးပတ္တမြားကို ယူ၍ တိမ်းရှောင်သွားသူကို လိုက်လံစုံစမ်းလေတော့သည်။

နောက်ဆုံးမှာတော့ စစ်ကိုင်းတောင်ရိုးမှာ ရှိသော ချောင်တစ်ချောင်မှာ ပုန်းအောင်းနေကြောင်း စုံစမ်းသိရသဖြင့် မျက်နှာဖြူအရာရှိအား ပြန်လည်ပြောပြလိုက်လေသည်။

ထိုအကြောင်းကို သိသော ကာနယ်ဂေါ်ဒွန်ဆိုသော မျက်နှာဖြူအရာရှိက ၎င်း၏တပည့်များကို ထိုလူနှင့် အတူထည့်ပေးလိုက်သည်။

ထိုအချိန်က ကာနယ်ဂေါ်ဒွန် ဦးစီးသော ဗြိတိသျှတပ်နှင့် အခြားတပ်စုတစ်စုတို့ ပေါင်းကာ အင်အားကောင်းလှသော ဗြိတိသျှတပ်ဖွဲ့တစ်ဖွဲ့သည် မန္တလေးတောင်တစ်နေရာတွင် တပ်စွဲကာ မန္တလေးတစ်ဝိုက်ကို စီမံအုပ်ချုပ်နေသောအချိန်လည်းဖြစ်သည်။

ဗြိတိသျှစစ်သားများနှင့် သစ္စာဖောက် စံခဆိုသူတို့ စစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းချောင်သို့ ရောက်သွားသောအခါ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ကာ ပုတီးစိပ်နေသော ထိုလူနှင့် တွေ့ရသည်။ ထိုလူ၏အမည်မှာ ဦးဇေယျာဖြစ်သည်။

စံခကို မြင်သောအခါ ဦးဇေယျာက ကောင်းစွာမှတ်မိလေသည်။

"ငါက အရင်ကလို အမှုထမ်းတစ်ယောက်လည်းမဟုတ်တော့ဘူး၊ အေးအေးဆေးဆေး တရားအလုပ်လုပ်နေတဲ့အချိန်မှာ ဘာကြောင့် လာပြီးနှောင့်ယှက်တာလဲ စံခ"

"ခင်ဗျားကို အနှောင့်အယှက်ပေးရအောင် လာခဲ့တာမဟုတ်ပါဘူး အပါးတော်မြဲကြီးရယ်၊ ကျုပ်တို့ လာတာက ခင်ဗျားယူသွားတဲ့ မောက်ကလေးပတ္တမြားကို ပြန်ယူဖို့ လာခဲ့တာပါ၊ သခင်ကြီးတွေက မောက်ကလေးပတ္တမြားကို လိုချင်နေကြတယ်"

ထိုစကားကြောင့် ဦးဇေယျာဆိုသူ၏မျက်နှာမှာ တင်းခနဲ ဖြစ်သွားလေသည်။

"မင်းက အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်၊ အဖေကို ကျော်ပြီး ပထွေးကိုမှ အဖေခေါ် ချင်တဲ့ လူယုတ်မာပဲကိုး၊ မင်းလိုချင်တဲ့ပတ္တမြား ငါ့ဆီမှာ မရှိဘူး၊ တကယ်လို့ ရှိနေရင်တောင်မှ မင်းတို့လိုလူမျိုးတွေရဲ့လက်ထဲကိုတော့ ဘယ်တော့မှ မရောက်စေရဘူးဆိုတာ မြဲမြဲမှတ်ထားပါ"

ဟု လေသံပြတ်ပြတ်နှင့် ပြောလိုက်လေသည်။

"ခင်ဗျားက အရင်ကလေသံတွေအတိုင်း အခုအချိန်ထိ ပြောနေတုန်းပဲကိုး၊ အခု အရင်ကလို ခင်ဗျားတို့ မောက်မာရ





မယ့်အချိန်မျိုး မဟုတ်တော့ဘူး၊

ခင်ဗျားအားကိုးရတဲ့ အရှင်သခင်တွေလည်း မရှိတော့ဘူး၊ ဒီတော့ အခုအချိန်မှာ ဒီက သခင်ကြီးတွေရဲ့သဘောကျတဲ့အတိုင်းသာ လုပ်ပေးဖို့ စိတ်ကူးပါတော့ဗျာ"

"ထွီ. . . ကြားရတာ နားခါးလိုက်တာ၊ မင်းလိုကောင်မျိုးက အမေကျော် ဒွေးတော်လွှမ်းပြီး ပထွေး အဖေခေါ် ချင်ပေမယ့် ငါတို့ကတော့ တစ်သက်လုံး ဒီအလုပ်မျိုး မလုပ်ဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်စမ်းပါ"

ဟု ပြောသဖြင့် စံခက နောက်မှာ ပါလာသော အင်္ဂလိပ်စစ်သားများကို တစ်စုံတစ်ခု ပြောလိုက်ရာ ၎င်းတို့က ဦးဇေယျာအား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကြလေရာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရရှိကာ သေလုမြောပါး ခံရလေသည်။

ထိုသို့ မချိမဆံ့ ခံနေရသော်လည်း ဦးဇေယျာကတော့ ၎င်းထံမှာ ရှိနေသော ပတ္တမြားကို လုံးဝထုတ်မပေးပေ။

"မင်းတို့ သတ်လို့ သေရင်သေပါစေ၊ ငါ့ဆီမှာ ရှိတဲ့ ပစ္စည်းကိုတော့ ဘယ်တော့မှ မရစေရဘူး၊

ဒီပစ္စည်းက ဘုရားတည်ဖို့ ရည်စူးထားတာဆိုတော့ မင်းတို့လို မိစ္ဆာကောင်တွေလက်ထဲတော့ ဘယ်နည်းနဲ့မှ မရောက်စေရဘူး"

ထိုသို့ပြောလေ နယ်ချဲ့စစ်သားများက ရိုက်နှက်ကြလေဖြစ်ရာ နောက်ဆုံး အသက်မျှော့မျှော့သာ ကျန်လေတော့သည်။

"မင်းတို့က ဒီဘဝမှာ အနိုင်ရလို့ နှိပ်စက်ပေမယ့် တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ကျရင် မင်းတို့ကို နိုင်တဲ့လူ ပေါ်လာလိမ့်မယ်"

ဟု ပြောဆိုကာ ဦးဇေယျာ ဆုံးသွားလေတော့သည်။

ထိုသို့နှိပ်စက်နေရင်းမှပင် အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ရီတရောအချိန်သို့ ရောက်လာခဲ့ပေပြီ။

ဦးဇေယျာ သေဆုံးသွားပြီးသည့်နောက်မှာတော့ စံခနှင့် မျက်နှာဖြူစစ်သားများမှာ ဦးဇေယျာ နေသောနေရာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ မြေလှန်ရှာဖွေကြသော်လည်း ပတ္တမြားနှင့် တူသောပစ္စည်းဆို၍ ကျောက်နီတစ်လုံးမှပင် မတွေ့ကြရပေ။

သို့ကြောင့် အားလုံး မကျေမနပ်ဖြစ်နေကြစဉ် မှောင်ရီသန်းစအချိန်တွင် အမျိုးသမီးနှစ်ယောက် ရောက်လာပြီး ဤသို့လာပြောလေသည်။

"သူသေသွားပြီလား"

"ဟုတ်တယ်. . . သေသွားပြီ၊ မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်မတို့က ဒီနားမှာပဲ နေကြတာပါ၊ သူယူလာတဲ့ ပတ္တမြားကြီး ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ ပြောပြမလို့ လာခဲ့တာပါ"

ထိုစကားကြောင့် စံခမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

"ဟာ. . . ဟန်ကျတာပဲ၊ မင်းတို့ တကယ်ပြောတာလား၊ ပတ္တမြားရှိတဲ့နေရာကို သိရင် မြန်မြန်သာ ပြောကြစမ်းပါ"

"သူက ပတ္တမြားကို ဒီနေရာမှာ ထားတာမဟုတ်ဘူး၊





ဟိုအောက်ဘက်မှာ ရှိတဲ့ လျှိုထဲက ဂူပေါက်တစ်ခုထဲမှာ ဝှက်ထားတာ၊ ဒီမှာ ရှာလို့ ဘယ်တွေ့မှာလဲ"

"အဲဒီနေရာကို မင်းတို့ သိသလား"

"သိပါတယ်"

"ဒီလိုဆိုရင် ငါတို့ကို လိုက်ပြပေးမလား"

"ကျွန်မတို့က ဂူထဲမှာ ဝှက်ထားတာကိုပဲ သိတာ၊ ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာတော့ မသိဘူး၊ ဂူပေါက်က အကျယ်ကြီးရယ်"

ထိုစကားကြောင့် စံခမှာ စိတ်ပျက်သွားရပြန်လေသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"သူ့ကို ခေါ်သွားပြီး မေးမှ ရမှာပေါ့"

မြေပြင်ပေါ်မှာ လဲကျနေသော ဦးဇေယျာကို လက်ညှိုးထိုးပြပြီး ပြောသဖြင့် အံ့ဩသွားသည်။

"ဟင်. . . သူက သေသွားပြီ မဟုတ်လား"

"မသေသေးပါဘူး. . . ရှင်တို့နှိပ်စက်တာ လက်လွန်သွားလို့ သတိလစ်နေတာပါ၊ နည်းနည်းပါးပါး ကုသပေးလိုက်ရင် သတိပြန်ရလာမှာပါ"

"မင်း ဆေးကုတတ်သလား"

မိန်းကလေးနှစ်ယောက်က ခေါင်းညိတ်ပြပြီးနောက် ဦးဇေယျာအနီးသို့ သွားပြီး အတန်ကြာအောင် ပြုစုပေးကြရာ အတန်ကြာတော့ ပြန်ထလာလေရာ စံခတို့မှာ များစွာအံ့ဩနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိန်းကလေးနှစ်ယောက်က ဦးဇေယျာနှင့်အတူ စံခတို့ပါ ခေါ်ပြီးနောက် လှိုဏ်တစ်ခုအတွင်းသို့ ဆင်းသွားကြလေသည်။

လှိုဏ်မှာ အတော်ကလေး နက်သဖြင့် ခက်ခက်ခဲခဲ ဆင်းကြရသည်။ စံခတို့တစ်တွေမှာ လူများသည်ကတစ်ကြောင်း၊ လက်နက်များ ပါလာသည်ကတစ်ကြောင်းကြောင့် မိန်းကလေးနှစ်ယောက် ခေါ်ရာနောက်သို့ မကြောက်မရွံ့ လိုက်သွားကြခြင်းဖြစ်သည်။

အံ့ဩဖွယ်ကောင်းသောအချက်မှာ စောစောပိုင်းက အင်္ဂလိပ်စစ်သားများ နှိပ်စက်ထားသဖြင့် မြေပေါ်သို့ ပုံကျနေသော ဦးဇေယျာမှာ လူကောင်းတစ်ယောက်ကဲ့သို့ပင် လိုက်လာနိုင်ခြင်းပင်ဖြစ်သည်။

သို့သော် မည်သူ့ကိုမှ မကြည့်တော့သလို စကားလည်း တစ်ခွန်းမှ မပြောတော့ပေ။

လှိုဏ်၏အောက်ခြေရောက်တော့ အတော်မှောင်နေချေပြီ။

ထိုနေရာရောက်ပြီး ရှေ့သို့ အနည်းငယ် လျှောက်သွားသောအခါ ဂူပေါက်ဝတစ်ခုကို တွေ့ရသည်။

အတွင်းပိုင်းမှာတော့ မှောင်မည်းနေလေသည်။

စစ်သားတစ်ယောက်ဆီမှာ လက်နှိပ်မီး ပါလာသောကြောင့် အတွင်းသို့ ထိုးကြည့်ရာ ဘာမှမတွေ့ရပေ။

သို့သော် မီးအလင်းရောင်ကြောင့် အတွင်းဘက်ဆီမှ





အနီရောင်များ ဖြာထွက်လာသည်ကိုတော့ အားလုံးလှမ်းမြင်ကြရလေသည်။

ထို့နောက် မိန်းကလေးနှစ်ယောက်နှင့်အတူ ဦးဇေယျာက ဂူအတွင်းသို့ အရင်ဝင်သွားကြသည်။

ပြီးမှ စံခနှင့် မျက်နှာဖြူစစ်သားများက နောက်မှ ဝင်လိုက်သွားကြသည်။

ထိုအတွင်းရောက်၍ လက်နှိပ်မီးကို အသုံးပြုကြည့်သောအခါ ရုတ်တရက် မီးမလင်းတော့ပေ။

အတန်ကြာအောင် ကြိုးစားလိုက်တော့မှ မီးရောင်ပြန်လင်းလာသည်။

ထိုအခါ သူတို့အနီးတွင် ဦးဇေယျာနှင့် မိန်းကလေးနှစ်ယောက်တို့ကို မတွေ့ရတော့ပေ။

"ဟင်. . . သူတို့ ဘယ်ရောက်သွားပြီလဲ"

"မသိဘူး. . . အတွင်းဘက်ကို ဝင်ပြေးသွားပြီလား"

"ဒီတစ်ခါတွေ့ရင်တော့ ငါတို့ကိုဒုက္ခပေးတဲ့ သုံးယောက်စလုံး သေနတ်နဲ့ ပစ်သတ်လိုက်တော့"

ဟု ပြောပြီး အတွင်းသို့ဝင်ကြည့်ကြသည်။

ထိုနေရာရောက်ကာမှ ဓါတ်မီးရောင်က လုံးဝပြန်လင်းမလာတော့ပေ။

ထိုအခိုက်မှာပင် ဂူအတွင်းပိုင်းမှ ကြောက်မက်ဖွယ်ကောင်းသော ရယ်သံကြီးများ ပေါ်ထွက်လာပြီးနောက် မည်းမည်းသဏ္ဌာန်ကြီးများက သူတို့အနီးသို့ ချဉ်းကပ်လာကြတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ပိုင်းမှာတော့ အမှောင်ထုများ ဖုံးနေသော ဂူအတွင်းမှ စံခနှင့် အင်္ဂလိပ်စစ်သားတို့၏ ကြောက်မက်ဖွယ်ကောင်းသော အော်ဟစ်သံများ ပေါ်ထွက်လာလေတော့သည်။







# အခန်း(၂)

## ဦးဒီမနှင့် ရုးအန်းစေသာမန်းဗျီကား

မန္တလေးနေပြည်တော်တစ်ခုလုံး အင်္ဂလိပ်နယ်ချဲ့များလက်အောက် ရောက်သွားပြီး သီပေါဘုရင်နှင့်မိဖုရားအပါအဝင်ခြွေရံသင်းပင်းတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက်တွင်မန္တလေးတစ်မြို့လုံး မြို့ပျက်ကြီးတစ်ခုကဲ့သို့ ဖြစ်သွားလေသည်။

တိုင်းပြည်၏အခြေအနေမှာလည်း မငြိမ်မသက်ဖြစ်နေလေသည်။

နေပြည်တော် ကျသွားပြီးနောက် မြန်မာတပ်မှူး၊ တပ်



www.burmeseclassic.com

www.burmeseclassic.com



သားများနှင့် မြန်မာ့တပ်မတော်သည် နေပြည်တော်မှ လက်နက်ချရန် ပေးလိုက်သောအမိန့်ကို မနာခံဘဲ ဗြိတိသျှတပ်များ ကမ်းပေါ်သို့ မတက်ရောက်မီ လက်နက်ဗိုလ်ပါ အစုံအလင် စုရုံး၍ နေပြည်တော်မှ တိမ်းရှောင်သွားကာ တိုင်းပြည်အနှံ့အပြားတွင် တပ်ဖြန့်နေကြလေသည်။

မန္တလေးနေပြည်တော် ကျပြီး သီပေါမင်းအား ဗြိတိသျှတို့က ဖမ်းဆီးကာ ဂေါဝိန်ဆိပ်ကမ်းသို့ ခေါ်ဆောင်စဉ် သီပေါမင်းက မဟာမြတ်မုနိဘုရားကြီးကို ဖူးမျှော်ခွင့်တောင်းရာ ဗြိတိသျှတို့က ခွင့်မပြုခဲ့ပေ။

အကြောင်းမှာ ခွင့်ပြုခဲ့လျှင် ဘုရားကြီးဝင်းအတွင်း စုရုံးနေသော ရှမ်းဘုန်းတော်ကြီးများနှင့် ရှမ်းအမျိုးသားများက မင်းမိဖုရားနှစ်ပါးကို လုယူ၍ ရှမ်းပြည်သို့ ခေါ်ဆောင်သွားမည့် အကြံအစည်ကို ရိပ်မိသောကြောင့်ပင်ဖြစ်သည်။

(၁၈၈၅)ခုနှစ်၊ ဒီဇင်ဘာလတစ်လလုံး မန္တလေးမြို့တွင်းတွင်လည်းကောင်း၊ နန်းမြို့တော်တွင်း၌လည်းကောင်း တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြသည်။

နယ်ခြံ့တော်လှန်ရေးသမားများနှင့် ဗြိတိသျှစစ်တပ်များမှာလည်း နေရာအနှံ့တွင် တိုက်ပွဲများ ဖြစ်နေကြသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ် ဆိုသကဲ့သို့ သူခိုးဓါးပြနှင့် လုယက်ဖျက်ဆီးသူများမှာ နေရာအနှံ့၌ လုယက်တိုက်ခိုက်နေကြလေသည်။





မြို့တော်တစ်ခုလုံး အုပ်ချုပ်မှု ကင်းမဲ့နေသောအချိန်ဖြစ်သဖြင့် တောကြောင်များ၊ မသမာသူများမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းရန် အခွင့်အရေး ရနေကြလေသည်။

ဗြိတိသျှစစ်သားများမှာလည်း ထိုကဲ့သို့အခြေအနေများကို နိုင်နင်းအောင် မအုပ်ချုပ်နိုင်ကြသေးချေ။ ၎င်းတို့အနေနှင့် နယ်ခြံ့တော်လှန်ရေးသမားများရန်ကို ကာကွယ်နေကြရသောကြောင့် သူခိုးဓါးပြများရန်ကို အကာအကွယ် မပေးနိုင်ကြသေးသောကြောင့် အခွင့်အရေး ရနေကြခြင်းဖြစ်ပေသည်။

ထိုအချိန်ကာလတွင် မန္တလေးနေပြည်တော်အပါအဝင် နေရာအတော်များများ ရှိကြသော သူဌေးသူကြွယ်များမှာ မိမိတို့ ဥစ္စာပစ္စည်းများကို လုံခြုံအောင် သိုဝှက်မြှုပ်နှံကာ လျှို့ဝှက်စွာနေကြရလေသည်။

သက္ကရာဇ်(၈၈၀)နောက်ပိုင်းကာလတွင် အင်းဝနေပြည်တော်အား ရှမ်းဘုရင် သိုဟန်ဘွားနှင့် ရှမ်းစစ်သည်များက ဝင်ရောက်ဖျက်ဆီးသဖြင့် မြို့ပျက်သောအချိန်တွင် ထိုမြို့မှာရှိသော ဘောဂဗလသူဌေးကြီးအပါအဝင် သူဌေးသူကြွယ်များမှာ ၎င်းတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် သိမ်းဆည်းဖျောက်ဖျက်ခဲ့ကြလေသည်။

ဘောဂဗလသူဌေးကြီးဆိုလျှင် ၎င်းပိုင်ဆိုင်သောပစ္စည်းများကို မြေအောက်အခန်းကြီးတစ်ခု ပြုလုပ်ကာ သိမ်းဆည်းထားခဲ့ကြောင်း မှတ်တမ်းများ ရှိသည်။

ထိုကဲ့သို့ပင် မန္တလေးနေပြည်တော် ဗြိတိသျှတို့ **သိမ်း**



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ခဲ့ပြီးနောက် တစ်မြို့လုံး အထိတ်ထိတ်အလန့်လန့် ဖြစ်နေကြသောအချိန်တွင် မန္တလေးမြို့မှာ နေကြသော သူဌေးသူကြွယ်များမှာလည်း ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေရတနာပစ္စည်းများကို လျှို့ဝှက်စွာ သိမ်းဆည်းပြီးနောက် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် နေထိုင်ကြရလေသည်။

ညအချိန်ရောက်လာပြီဆိုသည်နှင့် တစ်မြို့လုံး မီးရောင်မျှပင် မမြင်ရဘဲ မှောင်မည်းတိတ်ဆိတ်လျက် ရှိနေလေသည်။

အမှောင်ထဲမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများ၊ တစ်နေရာမဟုတ် တစ်နေရာမှ ပေါ်ထွက်လာလေ့ရှိသော ထိတ်လန့်ဖွယ်ရာ အကူအညီတောင်းသံများ၊ အော်သံဟစ်သံများကိုတော့ ညစဉ်တိုင်းလိုလို ကြားကြရလေသည်။

မန္တလေးနေပြည်တော်မှာ နေထိုင်ကြသော သူဌေးသူကြွယ်များမှာလည်း ဘယ်နေ့ဘယ်အချိန်တွင် မိမိတို့အလှည့် ရောက်လာလေမလဲဟု စိုးရိမ်သောက ရောက်နေကြရလေသည်။

ထိုအခြေအနေမျိုးမှာ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များကလည်း တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေခြင်းဖြစ်သည်။

အခြားမဟုတ်ပေ. . .။

မကြာခဏဆိုသလို လူသတ်မှုများ ပေါ်ပေါက်နေခြင်းဖြစ်သည်။

သာမန်ကြည့်မည်ဆိုလျှင်တော့ လူဆိုးဓါးပြများက ၎င်း





တို့ အလိုရှိသောပစ္စည်းများ မရသောကြောင့် လူသတ်သွားခြင်းမျိုးလည်းဖြစ်မည်ဟု ထင်စရာရှိသော်လည်း ထူးခြားချက်တစ်ခုကတော့ ရှိနေသည်။

ထိုအချက်မှာ မန္တလေးဂေါဝိန်ဆိပ်ကမ်းနှင့် မနီးမဝေးမှာ ခြံကျယ်ကြီးဖြင့် နေထိုင်သော သူဌေးကြီးဦးဒီပနှင့် ဆက်စပ်သူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေသောအဖြစ်အပျက်များပင် ဖြစ်ပေသည်။

သူဌေးကြီးဦးဒီပမှာ မန္တလေးမြို့တွင် လူသိများထင်ရှားသော သူဌေးတစ်ဦးဖြစ်သည်။

၎င်းမှာ မင်းစိုးရာဇာမျိုးနွယ်မှ ဆင်းသက်လာသူတစ်ဦးဖြစ်သော်လည်း မာန်မာနခက်ထန်ကာ ရက်စက်တတ်သူတစ်ဦးဖြစ်သည်။

၎င်းအနေနှင့် ယခုကဲ့သို့ သူဌေးသူကြွယ်တစ်ဦးဘဝသို့ မရောက်ခင်အချိန်က ဓါးပြခေါင်းဆောင်တစ်ဦးဘဝဖြင့် ကျင်လည်ခဲ့ပြီး ထိုအလုပ်မှ ရရှိသောရွှေငွေရတနာများကို စုဆောင်းမိသောအခါမှ မန္တလေးမြို့ပေါ်သို့ တက်ရောက်အခြေချနေထိုင်ကာ သူဌေးတစ်ဦးအသွင်မျိုး ပြောင်းကာ နေထိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဦးဒီပအနေနှင့် ယခင်က အဘယ်မျှပင် ဆိုးသွမ်းသောင်းကျန်းခဲ့စေကာမူ သူဌေးတစ်ဦးအသွင်ဖြင့် လူကုံထံအသိုင်းအဝိုင်းနှင့် ဝင်ဆံ့အောင်နေသောအခါ ယခင်က ဆိုးသွမ်းသောင်းကျန်းခဲ့မှုများမှာ မှေးမှိန်ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပအနေနှင့် အဘယ်မျှပင် လူကုံထံတစ်ဦးဘဝ ရောက်နေစေကာမူ မူလအကျင့်စရိုက်ကတော့ မပျောက်ပေ။

ဒေါသခက်ထန်နေခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုများကတော့ ပျောက်သွားခြင်း မရှိပေ။

ဓါးပြခေါင်းဆောင်ဘဝနှင့် နေထိုင်ခဲ့စဉ်က လူပေါင်းများစွာတို့၏ အသက်ပေါင်းများစွာတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုများက ယခုအချိန်အထိ လုံးဝပျောက်သွားခြင်း မရှိပေ။

၎င်းနှင့် စီးပွားပြိုင်ဘက်များ၊ ရန်သူများနှင့် ၎င်းစိတ်နှင့်မတွေ့သူများကို သတ်ဖြတ်ချင်စိတ် ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။

သို့သော်လည်း ၎င်းကိုယ်တိုင် သတ်ဖြတ်ခြင်း မပြုတော့သည့်တိုင် တပည့်များကို စေခိုင်းကာ သတ်ဖြတ်ပစ်လေ့ရှိသည်။

ဦးဒီပမှာ မင်းစိုးရာဇာ အသိုင်းအဝန်းအထိ ခရီးပေါက်သူဖြစ်ရာ ၎င်းနှင့် ပတ်သက်သောအမှုအခင်းများ ပေါ်ပေါက်လာပါက ငွေကြေးအရှိန်အဝါ၊ ပေါင်းသင်းဆက်ဆံမှု အရှိန်အဝါသုံး၍ ပြေပျောက်အောင် ဆောင်ရွက်နိုင်သူဖြစ်သည်။

ဦးဒီပတို့မှာ မိသားစုများများတော့ မရှိလှပေ။

ဦးဒီပအပြင် ဇနီးဖြစ်သူ ဒေါ်ငွေရှံ၊ ဦးဒီပ၏ညီ ဝမ်းကွဲတော်သူ ဦးရန်နောင်၊ သားဖြစ်သူရွှေလှ၊ သမီးဖြစ်သူရွှေရည်နှင့် မွေးစားသမီး မာလာဆိုသူတို့ဖြစ်သည်။

မာလာမှာ မွေးစားထားသည်ဆိုသော်လည်း တစ်အိမ်သားလုံး၏ရက်ရက်စက်စက် အနှိပ်စက်ခံဘဝမျိုးဖြင့် နေရသူဖြစ်သည်။





မာလာ၏မိဘများမှာ ဦးဒီပလက်ချက်ကြောင့် သေဆုံးသွားကြခြင်းဖြစ်သည်။

တစ်ယောက်တည်း ကျန်ခဲ့သော မာလာဆိုသော မိန်းတလေးကို ဦးဒီပက ခေါ်ယူကျွေးမွေးထားခြင်းဖြစ်သည်။

ဦးဒီပအပါအဝင် ဒေါ်ငွေရှံ၊ ဦးရန်နောင်၊ ရွှေလှနှင့်ရွှေရည်တို့မှာ ဒေါသခက်ထန်နေပြီး ကိုယ်ချင်းစာတရား ကင်းမဲ့ကြသူများဖြစ်သည်။

မာလာသည် ၎င်းတို့တစ်အိမ်သားလုံး၏အနှိပ်စက်ခံဘဝမျိုးဖြင့် နေရသူဖြစ်သည်။

သူမအနေနှင့် အသက်(၁၅)နှစ်အရွယ်ခန့် ရောက်လာခဲ့ပြီဖြစ်သော်လည်း အခြားအားကိုးစရာ မရှိရှာသောကြောင့် အနှိပ်စက်ခံဘဝဖြင့် ကြိတ်မှိတ်ပြီး နေလာခဲ့ရသူဖြစ်သည်။

ဦးဒီပသည် ၎င်းစိတ်တိုင်းမကျပါက တစ်အိမ်သားလုံးကို ကြာပွတ်ဖြင့် ရိုက်နှက်လေ့ရှိရာ ထိုကြာပွတ်ဒဏ်ကို မာလာအနေနှင့် အများဆုံး ခံရရှာလေသည်။

သူမတစ်ကိုယ်လုံးမှာ အရွယ်နှင့်မမျှအောင် ကြာပွတ်ဒဏ်ရာများဖြင့် ပြည့်နှက်နေတော့သည်။

အကယ်၍သာ မာလာကိုယ်ပေါ်မှ အဝတ်အစားများကို ဖယ်ကြည့်ပါက တစ်ကိုယ်လုံး ဓါးဖြင့် လှီးဖြတ်ထားသကဲ့သို့ ရှိသော ဒဏ်ရာဟောင်း ဒဏ်ရာသစ်များကို တွေ့ကြရမည်ဖြစ်သည်။

သူမသည် ထိုမိသားစုများနှင့် အတူတကွ နေရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မိသားစုဝင်တစ်ယောက်တော့ မဟုတ်ပါချေ။

သူမ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများ မရှိ လျှင် အခန်းထဲသို့ ဝင်ပြီး အခန်းတံခါးကို ပိတ်ကာ တစ်ယောက် တည်း ငြိမ်သက်စွာ နေလေသည်။

သူမ နေသောအခန်းတွင်း၌ အသုံးအဆောင်ပစ္စည်းက တော့ များများစားစား မရှိပေ။

သူမ၏ဘဝအချိန်အတော်များများကိုတော့ ထိုအခန်း ကျဉ်းကလေးထဲမှာပင် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကုန်ဆုံးသွား စေ့လေသည်။

တစ်နေ့နေ့တစ်ချိန်ချိန်၌သော်လည်းကောင်း၊ ဒါမှ မဟုတ် နှစ်အနည်းငယ် ကြာမြင့်ပြီးနောက်သော်လည်းကောင်း သူမအတွက် လွတ်မြောက်ရာတစ်ခုခု တွေ့ရလိမ့်မည်ဟု စိတ် အားထက်သန်စွာ မျှော်လင့်ထားလေသည်။

ဦးဒီပတို့မိသားစုကလည်း မာလာကို အခြားသူများနှင့် ထိတွေ့ဆက်ဆံခွင့် မပေးသလို အပြင်ထွက်ခွင့်လည်း လုံးဝမပြု ခဲ့ပေ။

အဘယ့်ကြောင့်ဆိုသော် သူတို့အကြောင်းများကို အခြားသူများအား ပြောပြမည်စိုးသောကြောင့် အပြင်သို့ ထွက် ခွင့်မပေးဘဲ အခန်းတွင်း၌သာ ပိတ်လှောင်ထားခြင်းဖြစ်သည်။

မာလာမှာ အထီးကျန်ဆန်စွာဖြင့် အခန်းကျဉ်းကလေး ထဲမှာ နှစ်ပေါင်းများစွာ တစ်ယောက်တည်း နေခဲ့ရာမှ နောက် ပိုင်းတွင် သူမအတွက် စိတ်ဝင်စားဖွယ်ရာကောင်းသောအဖော်





ရရှိခဲ့ပေသည်။

နောက်ပိုင်းမှာတော့ ဦးဒီပမှာ မည်ကဲ့သို့သောစိတ်ကူး ပေါ်သွားသည် မသိပေ။

၎င်းတို့မိသားစုအားလုံး ပါဝင်သော ပန်းချီကားကြီး တစ်ချပ်ရေးဆွဲရန် ပြင်ဆင်လေတော့သည်။

ထိုသို့စီစဉ်ရာမှာတော့ ထူးထူးခြားခြား မာလာ၏ပုံပါ ထည့်ဆွဲရန် ပြင်ဆင်လေရာ ကျန်မိသားစုများက ဝိုင်းဝန်းကန့် ကွက်ကြသည်။

"မာလာက ကျုပ်တို့သွေးသားမှ မဟုတ်တာ၊ ဘာ ကြောင့် မိသားစုပန်းချီကားထဲမှာ သူ့ကို ထည့်ရမှာလဲ"

ထိုသို့ပြောသော်လည်း ဦးဒီပမှာ မတုန်မလှုပ်နှင့်သာ ရှိနေလေသည်။ အားလုံးက ဝိုင်းပြောသော်အခါမှ ၎င်း၏ရည် ရွယ်ချက်ကို ထုတ်ပြောလေသည်။

"ငါ ဒီပန်းချီကားကို ဆွဲဖို့ပြင်တာ သာမန်ရည်ရွယ်ချက် နဲ့ လုပ်တာမဟုတ်ဘူး၊ ငါဆွဲမယ့်ပန်းချီကားက သာမန်အမှတ် တရ ပန်းချီကားမျိုးလည်း မဟုတ်ဘူး၊ ငါတို့တစ်တွေ မရှိကြတော့ တဲ့နောက်မှာ တစ်ယောက်နဲ့တစ်ယောက် အကူအညီရအောင် အားလုံးရဲ့ဝိညာဉ်တွေကို ဒီပန်းချီကားထဲမှာ ထည့်ထားခဲ့ဖို့ ရည် ရွယ်ချက်ပဲ"

"ဟင် . ."

ထိုကဲ့သို့ ထူးထူးဆန်းဆန်းစကား ကြားသောအခါမှာ အားလုံးမှာ အံ့ဩသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . ဒါဖြင့် မာလာကိုပါ ပန်းချီကားထဲ ထည့်စေချင်တဲ့ ရည်ရွယ်ချက်က ဘယ်လိုစိတ်ကူးလဲဟင်"

"သူ့ရဲ့ဝိညာဉ်လည်း ပါစေချင်လို့ပေါ့ကွာ၊ သူက ငါတို့ရဲ့ မိသားစု မဟုတ်ပေမယ့် ငါတို့နဲ့ ပတ်သက်ပြီး ငါတို့မိသားစု အကြောင်းကို ကောင်းကောင်းသိနေတဲ့ သူတစ်ယောက်ပဲ၊ ဒါကြောင့် သူ့ရဲ့ဝိညာဉ်ကိုပါ ပါစေချင်တာ၊ တစ်ချိန်ချိန်မှာတော့ ငါတို့အတွက် အသုံးဝင်ကောင်း ဝင်လာမှာပေါ့"

ထိုအခါမှပင် ကျန်မိသားစုများက ဦးဒီပ၏အကြံအစည်ကို သိကြရပြီး နားမလည်နိုင်လောက်အောင် ဖြစ်ကြရလေသည်။

နောက်ပိုင်းမှာတော့ ဦးဒီပကိုယ်တိုင် မန္တလေးမြို့ပေါ်မှ ပန်းချီဆရာတစ်ယောက်ကို ခေါ်ပြီး ဆီဆေးပန်းချီကားတစ်ချပ် ရေးဆွဲစေသည်။

ထိုပန်းချီကားထဲမှာပါသော မိသားစုများမှာ အလှအပ အနေနှင့်သော်လည်းကောင်း၊ အမှတ်တရအနေဖြင့်သော်လည်း ကောင်း ရေးဆွဲကြခြင်း မဟုတ်ပေ။

မာလာအနေနှင့်ကတော့ ထိုပန်းချီကားထဲမှာ ပါဝင်ခွင့် ရသည်ကို အံ့ဩနေပြီး ငြင်းဆန်မှု ပြုခဲ့သေးသည်။

"ကျွန်မ ဒီပန်းချီကားထဲမှ မပါပါရစေနဲ့၊ ကျွန်မကို ဖယ်ထားပေးကြပါ"

ထိုသို့ငြင်းပယ်သည်ကို ဦးဒီပက လက်မခံပေ။ သူမကိုပါ တစ်နေရာမှာ ထည့်သွင်းရေးဆွဲစေသည်။





မတတ်သာသည့်အဆုံး မာလာက အဖြူရောင်ဝတ်စုံကို ဝတ်ပြီး ရေးဆွဲခံလေသည်။

ထိုပန်းချီကားထဲမှာ ပါဝင်သူတို့၏မျက်နှာများမှာ ပြုံးရွှင် ကြည်သာမှုမျိုး မရှိဘဲ တင်းမာခက်ထန်မှုများ ရှိနေလေသည်။

အဆိုးဆုံးကတော့ ဦးဒီပ၏မျက်နှာအမူအရာပင်ဖြစ် ပေသည်။ ၎င်းမျက်နှာမှာ ခက်ထန်မာကျောပြီး ကြောက်မက် ဖွယ်ရာ သွင်ပြင်အမူအရာမျိုးဖြစ်လေသည်။

ထို့ထက် ပိုမိုထူးခြားသောအချက်မှာ ၎င်းတို့လက်ထဲ တွင် သွေးစွန်းနေသော သင်တုန်းဓါးတစ်လက်စီကို ကိုင်ဆောင် ထားသောပုံဖြစ်သည်။

အဘယ့်ကြောင့် ပန်းချီကားထဲမှ ရုပ်ပုံများမှာ သင်တုန်း ဓါးများ ထည့်သွင်းရေးဆွဲခဲ့သည်ကိုတော့ မည်သူမှ မသိကြတော့ ပေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# မဖော်ဦးဆဲသော လူသတ်သမား

မန္တလေးမြို့ကို ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်ပြီးစကာလတွင် မြို့ပျက်ကြီးတစ်ခုကဲ့သို့ဖြစ်ကာ နေ့တထိတ်ထိတ် ညတထိတ်ထိတ်နှင့် နေကြရသောအချိန်မျိုးလည်းဖြစ်သည်။

ထိုအချိန်မျိုးတွင် ထူးထူးဆန်းဆန်း လူသေမှုမျိုးများလည်း မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။

ထိုကဲ့သို့ သေပျောက်မှုများမှာ ရက်ရက်စက်စက် **အ**သတ်ခံရခြင်းဖြစ်သော်လည်း သတ်သွားသည့် လူသတ်တ**ရားခံ**



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ရှာမတွေ့ခဲ့ကြပေ။

အများအားဖြင့်တော သေဆုံးသူများမှာ ဦးဒီပနှင့် ဆက်နွယ်ပတ်သက်မှု ရှိနေသူများချည်းဖြစ်သောကြောင့် အံ့သြစရာတော့ ဖြစ်နေသည်။

ပထမတော့ တိုက်ဆိုင်မှုဖြစ်သည်ဟု ထင်ခဲ့ကြသော်လည်း နောက်ပိုင်းမှာမှ ထိုအချက်ကို သတိပြုမိခဲ့ကြခြင်းဖြစ်ပေသည်။

မကြာခဏဆိုသလို ဦးဒီပတို့အသိုင်းအဝိုင်းမှ လူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ရာမှ ထိုကံကြမ္မာဆိုးများမှာ မကြာခင် ဦးဒီပတို့ မိသားစုများအလှည့်သို့ ရောက်လာကြလေတော့သည်။

ထိုကံကြမ္မာဆိုးများနှင့် စတင်ကြုံတွေ့သူမှာ ဦးရန်နောင်ပင်ဖြစ်သည်။

ဦးရန်နောင်ဆိုသူမှာ ဦးဒီပ၏ ညီတော်စပ်သူဖြစ်သည်။

၎င်းသေဆုံးပုံမှာ ထူးဆန်းလှသည်။

ဦးရန်နောင်မှာ အစ်ကိုဖြစ်သူနှင့် လက်တွဲဖော်တစ်ဦးဖြစ်ခဲ့ပြီး ယခုကဲ့သို့ အလုပ်နားလိုက်သောအခါ မည်သည့်အလုပ်မှ မယ်မယ်ရရ မလုပ်တော့ဘဲ အေးအေးဆေးဆေးနှင့်ပင် ဝါသနာပါသောအလုပ်များ လုပ်နေသူဖြစ်သည်။

ယနေ့ညမှာပင် မြောက်ပြင်ဘက်မှာ အငြိမ့်ပွဲ သွားကြည့်ပြီး အတော်ကလေး ညဉ့်နက်မှ အိမ်သို့ ပြန်လာခြင်းဖြစ်သည်။ ထိုအငြိမ့်ပွဲမှာ မျက်နှာဖြူအရာရှိများ အောင်ပွဲခံသည့်





အထိမ်းအမှတ်အဖြစ် ဖျော်ဖြေသောပွဲတစ်ခုဖြစ်သည်။

သူပြန်လာသောအချိန်မှာ အတော်ကလေး ညဉ့်နက်နေပြီဖြစ်၏။

လမ်းတစ်လျှောက်လုံး လူသွားလူလာများ ကင်းရှင်းလျက် အမှောင်ရိပ်များက ဖုံးလွှမ်းလျက်ရှိသည်။

ဦးရန်နောင်မှာ ခါးပြဘဝနှင့် နှစ်အတော်ကြာအောင်နေလာခဲ့သူမို့ ကြောက်ရွံ့တတ်ခြင်းတော့ မဟုတ်ပေ။

သို့သော်လည်း ထိုနေ့ညကတော့ ထူးထူးခြားခြား တစ်ခုခုကို ကြောက်ရွံ့နေသလို စိတ်ထဲမှာ ခံစားနေရသည်။

စိတ်မချသဖြင့် နောက်ဘက်သို့မကြာမကြာ လှည့်ကြည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

လမ်းတစ်လျှောက်လုံးတော့ ဘာမှမတွေ့ရဘဲ ချောချောမောမော အိမ်သို့ ပြန်ရောက်လာသည်။

ခြံပေါက်ဝ ရောက်တော့မှ အနည်းငယ် စိတ်အေးသွားသလို ခံစားရသည်။

အဘယ့်ကြောင့်ဆိုသော်. . .

၎င်းတို့ခြံဝင်းအတွင်း၌ လူတစ်ယောက်ကို အသာလေး ကိုက်သတ်နိုင်သော အင်းခွေးကြီးသုံးလေးကောင် ရှိနေသောကြောင့်ဖြစ်သည်။

ထိုအင်းခွေးကြီးများမှာ ခြံဝင်းအနီးသို့ လူကပ်လာသည်နှင့် သဲကြီးမဲကြီးဖြစ်နေကြကာ မည်သူမှ ခြံဝင်းအတွင်းသို့ မဝင်ဝံ့အောင် ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ခြံဝန်းအတွင်းသို့ ဝင်တော့ အင်းခွေးကြီးသုံးကောင်က မာန်ဖီပြီး ပြေးလာကြသည်။

အနားရောက်တော့မှ မှတ်မိသွားဟန်ဖြင့် အမြီးနှံ့ကာ အရှိန်တန့်သွားကြသည်။

ဦးရန်နောင်က စိတ်ချလက်ချဖြင့် ခြံဝင်းတံခါးချပ်များကို ပြန်ပိတ်နေစဉ် နောက်ဘက်မှ မသင်္ကာစရာအသံတစ်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

အခြားမဟုတ်ပေ. . .။

သူ့အနောက်ဘက်မှာ ရှိနေသော ခွေးနက်ကြီး သုံးကောင်ထံမှ မာန်ဖီသံကဲ့သို့အသံမျိုး ကြားလိုက်ရသောကြောင့် ဖြစ်သည်။

နောက်ဘက်မှာတော့ ခွေးနက်ကြီးသုံးကောင်မှလွဲပြီး အခြားဘာမှမတွေ့ရသဖြင့် စိတ်ချလက်ချနှင့်ပင် တံခါးကို ပြီးအောင် ပိတ်လိုက်လေသည်။

"ဂီး. . ဂီး. . ဂီး"

နောက်တစ်ကြိမ် မာန်ဖီသံ ကြားရသဖြင့် ထိတ်လန့်တကြား ဖြစ်သွားလေသည်။

"တယ်. . . ဒီခွေးတွေ ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကိုတောင် မမှတ်မိကြတော့ဘူးလား၊ ထမင်းကျွေးတဲ့သခင်ကို ပြန်ပြီးမာန်ဖီဝံ့တဲ့ နင်တို့တော့ နေကြဦးပေါ့၊ မနက်လင်းတော့မှ ကြိုးနဲ့တုတ်ပြီး မှတ်လောက်အောင် ရိုက်ပစ်မယ်"

ထိုခွေးသုံးကောင်မှာ ငယ်စဉ်ကတည်းက မွေးထားခြင်း





ဖြစ်ပြီး သူကိုယ်တိုင်လည်း အစာကျွေးနေကျ ဖြစ်သည်။ အိမ်မှာရှိသောလူများကို တစ်ကြိမ်တစ်ခါမှတော့ ထိုကဲ့သို့ ပြန်လှန်ရန်ပြုမည့် အမူအရာမျိုး မတွေ့ခဲ့ရဖူးချေ။

ယခုမှ ထူးထူးခြားခြား သူ့ကို စိုက်ကြည့်ပြီး မာန်ဖီနေကြခြင်းဖြစ်သည်။

"ကေန္တ ညဘက်ကြီး ပြန်လာတော့ ငါ့နောက်များ မကောင်းဆိုးဝါးတွေ ကပ်ပါလာလို့ မာန်ဖီနေကြလား မသိဘူး"

ဟု တွေးကာ ဟန်မပျက် သွားရန် လှုပ်လိုက်သည်နှင့် နောက်ဘက်မှာ ရှိနေကြသော အင်းခွေးကြီးသုံးကောင်က သူ့ကိုယ်ပေါ်သို့ တစ်ပြိုင်နက်တည်း ခုန်ဝင်လာကြလေသည်။

ဦးရန်နောင်မှာ အတိုက်အခိုက် အသတ်အပုတ် အတန်အသင့် ကျွမ်းကျင်သူဖြစ်သောကြောင့် လူနှစ်ယောက် သုံးယောက်တို့နှင့် တိုက်ခိုက်နိုင်သော်လည်း လူ့ခါးစောင်းခန့် မြင့်ပြီး ကျားပေါက်တစ်ကောင်ကဲ့သို့ အလုံးအထည် ထွားကျိုင်းလှသော အင်းခွေးကြီးသုံးကောင်တို့၏ တိုက်ခိုက်မှုကိုတော့ မည်သို့မှ မခုခံနိုင်ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

၎င်းမှာ အရက်သောက်ထားသောကြောင့် မည်သို့မှ တုံ့ပြန်နိုင်ခင်မှာ မျက်နှာနှင့်လည်ပင်းတစ်ဝိုက်သို့ အင်းခွေးသုံးကောင်၏အစွယ်ချက်များ စူးဝင်သွားလေတော့သည်။

"ကယ်. . ကယ်ကြပါဗျို့. . ကယ်ကြပါဦး"

၎င်း၏အော်သံက အမှောင်ထဲမှ ထွက်လာသော်လည်း အိမ်အတွင်းမှ လူများမှာ တစ်ယောက်မှ ထွက်မလာကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော်. . .

ညစဉ်ညတိုင်း ယခုကဲ့သို့ ညဉ့်နက်ပိုင်းအချိန်မျိုး ရောက်လာသောအခါ ထိုကဲ့သို့သော အော်ဟစ်အကူအညီ တောင်းခံသောအသံမျိုးကို မကြာခဏ ကြားကြရသောကြောင့် ဖြစ်သည်။

ဦးရန်နောင်မှာ တတ်နိုင်သမျှ ရုန်းကန်ဖယ်ရှားသော် လည်း အင်းခွေးကြီးသုံးကောင်တို့၏ တရကြမ်း တိုက်ခိုက်မှု ကြောင့် နောက်ဆုံး မရှုမလှ သေဆုံးရလေတော့သည်။

အသက်ထွက်ခါနီးကျမှ အိမ်ကြီးရှိရာဘက်သို့ လှမ်း ကြည့်လိုက်ရာ လူတစ်ယောက် ရပ်နေသည်ကို ဝိုးတဝါး လှမ်းမြင် လိုက်ရလေသည်။

ထိုလူမှာ သူ့အဖြစ်ကို လှမ်းမြင်ရဟန်ရှိသော်လည် တစ်စုံတစ်ခု လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာ ရပ်နေပြီး အတ ကြာသောအခါ နောက်သို့ ပြန်လှည့်ဝင်သွားကာ တံခါးပေါက် ပြန်ပိတ်သွားလေသည်။

ဦးရန်နောင်မှာလည်း လည်ပင်းနှင့်မျက်နှာတစ်ဝို တွင် ခွေးကိုက်ခံရသည့် အစွယ်ဒဏ်ရာများနှင့်ပင် နေရာ၌ သက်ပျောက်သွားလေသည်။

ငင်းသေဆုံးသွားတော့မှ ခွေးနက်သုံးကောင်လည်း ငှ ကို နမ်းရှုံ့ကြည့်ပြီးနောက် အေးအေးဆေးဆေး အမူအရာ အိမ်ဘက်သို့ ပြန်လှည့်သွားကြလေတော့သည်။

ဦးရန်နောင် သေဆုံးသွားပြီး တစ်လခန့်ကြာသော





ဦးဒီပ၏သားဖြစ်သူ ရွှေလှ သေဆုံးပြန်လေသည်။

ငင်းကတော့ ကိုယ့်ကိုယ်ကို ဆွဲကြိုးချကာ သေဆုံးသွား ခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်ကြည့်ပါက စိတ်ညစ်ပြီး ဆွဲကြိုးချ၍ သေ သွားသည်ဟု ထင်စရာရှိသော်လည်း တကယ်ဆိုမူ ရွှေလှ လည် ပင်း၌ ပတ်နေသောကြိုးမှာ ကြိုးကွင်းမဟုတ်ဘဲ မြွေတစ်ကောင် ကဲ့သို့ ရစ်ပတ်နေခြင်းမျိုးဖြစ်သည်။

ငင်းအလောင်းကို အောက်သို့ ဖြည်ချလိုက်တော့ သူ့ အလိုအလျောက် ပြန်ဖြည်ထွက်သွားခြင်းဖြစ်သည်။

တကယ်ဆိုလျှင် လည်ပင်း၌ နှစ်ပတ်သုံးပတ်သာ ရစ် ပတ်နေသည့်ကြိုးမှာ ကိုယ်အလေးချိန်ကြောင့် လျှောထွက်ပြီး ပြေထွက်သွားရမည်ဖြစ်သော်လည်း မပြေဘဲ သက်ရှိမြွေတစ် ကောင်ကဲ့သို့ ရစ်ပတ်ထားပုံကတော့ အံ့ဩဖွယ်ရာဖြစ်သည်။

ဦးဒီပက ဦးရန်နောင်နှင့်ရွှေလှတို့၏အလောင်းကို သီး သန့်ထားသော သုသာန်မြေတွင် မြှုပ်နှံသဂြိုဟ်ထားလေသည်။

တတိယအလှည့်ကတော့ သမီးဖြစ်သူ ရွှေရည်ဖြစ် သည်။ သူမသည်လည်း ရှေးကလူများနှင့် မရှေးမနှောင်းမှာ သေဆုံးသွားခြင်းဖြစ်သည်။

သူမ သေဆုံးပုံကတော့ အတော်ကလေး ဆန်းကြယ် လေသည်။ အခန်းတံခါး အလုံပိတ်ထားပါလျက် အတွင်းမှာ သေဆုံးနေခြင်းဖြစ်သည်။

သံတိုင်များကို စိုက်ထားသော ပြတင်းပေါက်တစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



သာ ပွင့်နေပြီး ထိုအပေါက်မှာလည်း လူမပြောနှင့်၊ ကြောင်တ ကောင်ပင် ဝင်ရောက်ရန် မလွယ်ကူပေ။

ရွှေရည်ဆိုသောမိန်းကလေးမှာ အသက်(၁၃)နှစ် အ ရွယ်ခန့်ရှိပြီး မောက်မာသူတစ်ဦးဖြစ်သည်။

သူမ သေဆုံးနေသောနေရာမှာ ခုတင်ပေါ်မှာဖြစ်ပြီး လည်ပင်းကို ဓါးဖြင့် လှီးခံထားရသောကြောင့် သေဆုံးနေခြင်း ဖြစ်သည်။

ဒဏ်ရာမှာ အသွားထက်လှသော သင်တုန်းဓါးကဲ့သို့ အသွားထက်လှသောဓါးဖြင့် လှီးဖြတ်ခံထားသကဲ့သို့ တစ်ဝက် လောက် ပြတ်နေပြီး လည်တိုင်ရိုးပင် အဖွေးသား ပေါ်နေလေ သည်။

လည်ပင်းက တစ်ဖက်သို့ စောင်းကျနေပြီး ထိုနေရာမှ သွေးများ ဒလဟော စီးကျနေသည်။

ရွှေရည်မှာ အသက်မခံရခင်အချိန်အတွင်းမှာ အလွန် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော အရာတစ်ခုခုကို တွေ့ မြင်ခဲ့ရဟန်ဖြင့် သူမ၏မျက်နှာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေ သည်။

မျက်လုံးများမှာလည်း အဆမတန် ပြူးထွက်နေသည်။ သူမ အိပ်ခန်းအတွင်းမှာတော့ လူသတ်နိုင်လောက်သော လက် နက်မရှိပေ။

သူမ၏အခန်းအပြင်ဘက်မှာတော့ မှန်တင်ခုံပေါ်မှ တင်ထားသော သင်တုန်းဓါးတစ်လက် ရှိနေလေသည်။ ထိုဓါး





သွားပေါ်မှာ သွေးများ စွန်းပေနေသည်။ ထိုဓါးပေါ်မှ သွေး များမှာ ရွှေရည်၏သွေးများ ဖြစ်လေသလောဟု ထင်စရာရှိပေ သည်။

သို့သော်လည်း သော့ချထားသော အခန်းတံခါးပေါက်မှ အခန်းအတွင်းဝင်ရန် မဖြစ်နိုင်သော အခြေအနေမို့ မစဉ်းစား တတ်အောင် ဖြစ်နေကြသည်။

ရွှေရည်၏အလောင်းကိုလည်း မိသားစုသင်္ချိုင်းမှာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြလေသည်။

အိမ်မှာရှိကြသောလူများ တစ်ယောက်ပြီးတစ်ယောက် ဖြစ်ဆိုးမျိုးများနှင့်ကြုံကာ သေဆုံးသွားကြသည်ကို မြင်သော အခါ ကျန်လူများမှာ ထိတ်လန့်တုန်လှုပ်နေကြလေသည်။

"ဦးဒီပ. . . ကျုပ်တို့ရဲ့အိမ်မှာ ဘယ်လိုဖြစ်နေတာလဲ၊ လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေကြတာ သုံးယောက် တောင် ရှိနေပြီ၊

ကျုပ်တို့ပဲ ကျန်တော့တယ်၊ ဘယ်သူတွေကများ ဒီ လောက် ရက်ရက်စက်စက် သတ်နေတာလဲ မသိဘူး"

"ငါလည်း ဘယ်သိပ့်မလဲကွာ"

"ကျုပ်တော့ ဒီအိမ်မှာနေရတာ တဖြည်းဖြည်းနဲ့ ကြောက်လာပြီ၊ ဒီအတိုင်းဆိုရင် တစ်နေ့ကျရင် ကျုပ်တို့အလှည့် ရောက်လာမှာ အသေအချာပဲ၊

ဒီအိမ်မှာ တခြားလူလည်း မရှိတော့ဘူး၊ အပြင်လူဆိုလို့ သလာတစ်ယောက်ပဲ ကျန်တော့တယ်၊ သူကများ သတ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လား မသိဘူး"

"မဟုတ်တာတွေ လျှောက်တွေးမနေစမ်းပါနဲ့ကွ

မာလာက တစ်အိမ်လုံးကို ကြောက်နေရပြီး သူ့ဘာသာ အ

နိုင် နေရတဲ့သူပါ။ သူကတော့ ဘယ်လိုသတ်နိုင်မှာလဲ၊ ရန်နေ

သေရတာဆိုရင် အိမ်ကခွေးတွေက လူမှားပြီး ပြန်ကိုက်လို့ ေ

ရတာ မဟုတ်လား"

ထိုသို့ပြောသောအခါ ဒေါ်ငွေရုံမှာ ဘာမှပြန်မပြော

တော့ပေ။

"အင်း . . . မင်းပြောသလိုပဲ အခု ဖြစ်ပျက်နေတာ

က ထူးဆန်းတာတော့ အမှန်ပဲ၊ တစ်သက်လုံး ကျွေးမွေးလာ

ခွေးတွေက လူမှားပြီး ကိုက်တယ်ဆိုတာကတော့ မဖြစ်နိုင်စရ

တစ်ခုခု အနှောင့်အယှက်များ ရှိနေရော့သလား မသိဘူး"

ဟု ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ ဦးဒီပ၊ တစ်နေ

ရာ ရွှေ့နေကြရရင် မကောင်းဘူးလား"

"ဒီလိုရွှေ့နေလို့လည်း ရမှာမဟုတ်ဘူး၊ အန္တရာယ်

မယ့်ကိစ္စဆိုရင် မတွေ့တွေ့အောင် လိုက်ရှာပြီး အန္တရာယ်ပေ

အမှန်ပဲ၊ ငါသဘောကတော့ အန္တရာယ်ကို ရှောင်နေတာနဲ့စာ

လာမယ့်ဘေး ပြေးတွေ့လိုက်ချင်တော့တာပဲ"

ဟု ပြောလေသည်။

နောက်ပိုင်းမှာတော့ ဦးဒီပတို့လင်မယားနှစ်ယောက်

ခါတိုင်းထက် သတိဝီရိယ ပိုထားကာ နေကြလေသည်။





ခြံဝင်းထဲမှာ စိတ်ချရသောအင်းခွေးကြီးသုံးကောင်ကို

တ်ထားသည့်အပြင် ခြံစောင့်များကိုလည်း ဂရုတစိုက် စောင့်

ပ်ခိုင်းထားလေသည်။

ခြံဝင်းတံခါးများကိုလည်း အသေအချာ ပိတ်ထားစေပြီး

စောင့်များကိုလည်း အထပ်ထပ် ချထားလေသည်။

ဦးဒီပတို့လင်မယားနှစ်ယောက်မှာ ၎င်းတို့ အသက်

န္တရာယ်ဘေးကိုသာ ဂရုတစိုက် ပြုလုပ်နေကြသော်လည်း မွေး

းသမီးဖြစ်သူ မာလာကိုတော့ ဖုတ်လေသည့်ငပိ ရှိသည်ပင်

အောက်မေ့ကြပေ။

မာလာခမျာလည်း အားကိုးစရာ မရှိရှာသောကြောင့်

င်းအခန်းအတွင်းမှာသာ ကြောက်ကြောက်ရွံ့ရွံ့နှင့် နေရရှာ

လသည်။

တစ်ညမှာတော့ ဒေါ်ငွေရုံတစ်ဦးတည်းနေသော အ

န်းတွင်းမှ စူးစူးဝါးဝါးအော်သံများ ထွက်ပေါ်လာလေသည်။

"အမယ်လေး . . ကြောက်ပါပြီရှင် . . ကြောက်ပါပြီ"

"ကျွန်မကို မသတ်ပါနဲ့၊ ကြောက်ပါပြီရှင် . . အသက်ကို

မ်းသာပေးပါ"

ဟူသောအသံများ စူးစူးဝါးဝါး ပေါ်ထွက်လာလေတော့

သည်။ ထိုအသံမှာ အလုံပိတ်ထားသောအခန်းတွင်းမှ အော်နေ

ခြင်းဖြစ်သောကြောင့် ဦးဒီပ နေသောအခန်းဘက်မှ ရုတ်တရက်

ကြားနိုင်သလို ခြံဝင်းထဲမှာ ရှိနေကြသော အစောင့်များ ရှိရာ

ဘက်မှလည်း သိပ်မကြားရပေ။



www.burmeseclassic.com

www.burmeseclassic.com



"လာကြပါဦးရှင်. . . ကယ်ကြပါဦး၊ ကျွန်မကို သတ်
တော့မယ်၊ သေရပါတော့မယ်. . . ကယ်ကြပါဦး"

နောက်မှ ထိုအသံကို အစောင့်တစ်ယောက်က ကြ
သွားသဖြင့် ဦးဒီပကို လာပြောပြသည်။

ထို့နောက်မှာတော့ ဓါးလှံလက်နက်များကို ယူပြီး လူ
ကာ ဒေါ်ငွေရုံအခန်းရှိရာသို့ သွားကြလေသည်။

အခန်းပေါက်ဝ ရောက်သောအခါ အတွင်းမှအသံ
ကြားရတော့ပေ။

တံခါးကို တွန်းကြည့်တော့လည်း အတွင်းမှ ချက်ချထ
သောကြောင့် ဖွင့်မရပေ။

"မငွေရုံ. . မငွေရုံ"

အပြင်ဘက်မှ ခေါ်ကြည့်သော်လည်း အတွင်းဘက်
အသံမကြားရတော့ပေ။

"မငွေရုံ. . မငွေရုံ"

ခေါ်မရသည့်နောက်ဆုံးမှာတော့ တံခါးချပ်ကို လူအ
အားသုံးပြီး တွန်းဖွင့်ကြလေသည်။

နောက်ဆုံး တံခါးချပ်မှာ ပတ္တာပြုတ်ပြီး ပွင့်သွားသေ
တော့သည်။

အခန်းအတွင်းမှာ မီးအိမ်တစ်လုံး ထွန်းထားသေ
ကြောင့် အလင်းရောင် ရှိနေသည်။

ထိုမီးရောင်ကြောင့် အခန်းအတွင်းသို့ ကြည့်လိုက်သေ
လည်း မည်သူမှ မတွေ့ရပေ။





ထိုအခန်းအတွင်းမှာ ဒေါ်ငွေရုံတစ်ယောက်တည်းသာ
ရှိနေလေသည်။

သို့သော် ပုံမှန်အနေအထားမျိုးတော့ မဟုတ်ပေ။ အ
ခန်းနံရံတွင် ကျောမှီကာ မတ်တတ်အနေအထားမျိုးဖြင့် တောင့်
တောင့်ကြီး ရပ်နေခြင်းဖြစ်သည်။

"မငွေရုံ. . မငွေရုံ"

ဦးဒီပက အထိတ်တလန့် ခေါ်ရင်း အနီးသို့ တိုးသွား
လေသည်။ မြင်ကွင်းကတော့ မကောင်းလှပေ။

ဒေါ်ငွေရုံမှာ အသက်မရှိတော့ပေ။

ရှစ်လက်မခန့် ရှည်သောဓါးတစ်လက်က ပါးစပ်နေရာမှ
ဖောက်ဝင်ကာ နောက်ဘက်နံရံမှာ စိုက်ဝင်နေလေသည်။ ဒေါ်
ငွေရုံ ကြောက်လန့်တကြားနှင့် အော်နေရင်းမှာပင် ဓါးက ပါးစပ်
တွင်း ဝင်လာပြီး နောက်သို့ ဖောက်ထွက်သွားခြင်း ဖြစ်ဟန်တူ
သည်။

ဇင်းဒဏ်ရာနှင့်ပင် အသက်ပျောက်သွားခြင်း ဖြစ်ဟန်
ရှိပေသည်။

မျက်လုံးနှစ်လုံးမှာ အဆမတန် ပြူးထွက်နေပြီး အသက်
မထွက်ခင်အထိ သူ့ရှေ့မှာ ရှိနေသော ကြောက်စရာတစ်ခုခု၊
ဒါမှမဟုတ် လူသတ်ကောင်ကို အထိတ်တလန့် ကြည့်နေခဲ့ဟန်
ရှိသည်။

ဦးဒီပတို့က အခန်းအတွင်းမှ အခြေအနေကို လိုက်
ကြည့်ကြသော်လည်း ထုံးစံအတိုင်း ထူးထူးခြားခြား ဘာမှမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရပေ။

ပိတ်ထားသောအခန်းတွင်းမှာပင် လူသတ်သမားက ဝင်လာပြီး ရက်ရက်စက်စက် သတ်သွားခြင်းဖြစ်သည်။

ပိတ်ထားသောအခန်းထဲ ရောက်အောင် ဝင်လာသော လူသတ်သမားမှာ ကိုယ်ပျောက်နေသူ၊ သို့မဟုတ် မြေလျှိုးမိုးပျံနိုင်သူမှသာ ဝင်ရောက်လာနိုင်ပေမည်။

ဦးဒီပတို့ လိုက်လံကြည့်ရှုနေစဉ်မှာ အဖြူရောင်ဝတ်စုံကို ပင် ဝတ်ထားသော မာလာမှာ အခန်းပေါက်ဝမှာ မှိုရပ်နေရင်း နှင့် မျက်ရည်များ စီးကျနေလေသည်။







# အခန်း(၄)

# ဓါးကြမ်းမှာစက်ကွင်း သက်ဆောင်းခဲ့ရသူများ

ဒေါ်ငွေရုံ မရှိတော့သည့်နောက်ပိုင်းမှာ ဦးဒီပကို ထိုနေ ရာမှ ရွှေ့ပြောင်းပြီး နေထိုင်ရန် တပည့်များက ဝိုင်းဝန်းပြောဆို ကြသော်လည်း ဦးဒီပက လုံးဝလက်မခံပေ။

"ငါ့အကြောင်းကိုလည်း မင်းတို့ အသိသားပဲ မဟုတ် လား၊ ငါက လူပျော့လူညံ့တစ်ဦး မဟုတ်ဘူး၊ အရင်က လူသတ် ဓါးပြတိုက်ခဲ့တဲ့လူတစ်ယောက်က အခုလို ကိုယ့်အလှည့်ရောက် လာတော့မှ ထွက်ပြေးရမှာတော့ ဟန်မကျလှပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ငါသေချင်လည်း သေပါစေ၊

ဒါပေမယ့် မသေခင် လူသတ်သမား ဘယ်သူလဲဆိုတာ တော့ သိရမှဖြစ်မယ်၊

ဒါမှ ဒီဘဝမှာ လက်စားမချေရရင်တောင်မှ နောက် တစ်ဘဝမှာ ဝိညာဉ်ဘဝနဲ့ ဒင်းနဲ့ ပြန်တွေ့ရမယ်"

ဟု အာယာတ ကြီးမားစွာဖြင့် ပြောဆိုနေသောကြောင့် တပည့်များလည်း ဆက်မပြောတော့ပေ။

နောက်ရက်မှာတော့ ဦးဒီပက မာလာကို ခေါ်မေး သည်။

"အိမ်မှာ လူတွေ တစ်ယောက်ပြီးတစ်ယောက် သေသွား ကြတာ နင်မကြောက်ဘူးလား"

မာလာက မျက်ရည်ကလေး အဝိုင်းသားဖြင့် ခေါင်း ညိတ်ပြသည်။

"ကြောက်. . ကြောက်ပါတယ်. . ဘဘကြီး"

"လူသတ်သမား ဘယ်သူဆိုတာရော နင်သိသလား"

ခေါင်းခါပြသည်။

"ကျွန်မ မသိပါဘူး"

"အခုဆိုရင် ဒီအိမ်ကြီးမှာ နင်နဲ့ငါနဲ့ပဲ ကျန်တော့တယ်၊ ဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်က လူသတ်သမား ဖြစ် ချင်ဖြစ်နေမယ်၊ ဒါမှမဟုတ် တို့နှစ်ယောက်ထဲက တစ်ယောက် ယောက်က အသတ်ခံရတော့မယ့်သားကောင် ဖြစ်နေမယ်၊

နင်မကြောက်ဘူးလား"





ဟု မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ကာ မေးလေ သည်။

"ကြောက်. . ကြောက်ပါတယ်"

"ဒီလိုဆိုရင် နင် တခြားတစ်နေရာကို ထွက်သွားမလား၊ အဲဒီလိုသွားရင်လည်း နင့်ကို ငါခွင့်ပေးလိုက်မယ်"

"ကျွန်မမှာ သွားစရာနေရာလည်း မရှိတော့ပါဘူး ဘဘ ကြီး၊ သေရင်လည်း သေပါစေ၊ ဒီမှာပဲ နေပါ့မယ်ရှင်"

ဦးဒီပက သဘောကျစွာဖြင့် ရယ်လိုက်သည်။

"နင်က ငါတို့နဲ့ အနေကြာလာလို့လား မပြောတတ်ဘူး၊ သတ္တိတော့ အတော်ကောင်းနေပါလား၊ ဒါထက် နင့်မိဘတွေကို ငါ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ နင်သိတယ် မဟုတ်လား"

ဦးဒီပအသံက သာမန်ထက် ပိုမိုမာကျောပြီး ကြောက် စရာအသံမျိုး ဖြစ်နေသောကြောင့် မာလာက မကြည့်ဝံ့တော့ သဖြင့် ခေါင်းငုံ့ကာ ခေါင်းညိတ်ပြလေသည်။

"သိ. . သိပါတယ် ဘဘကြီး"

"အခုလို ငါတို့မိသားစုတွေ တစ်ယောက်ပြီးတစ် ယောက် အသတ်ခံနေရတာ နင့်မိဘတွေက ဝိညာဉ်ဘဝနဲ့ လာ ပြီးကလဲ့စားချေနေတာရော မဖြစ်နိုင်ဘူးလား"

"ကျွန်မ မသိပါဘူး ဘဘကြီးရယ်"

ဦးဒီပက အတန်ကြာအောင် စဉ်းစားနေပြီးမှ စကားပြန် ဆက်လေသည်။

"ဒါဖြင့် ငါတို့နှစ်ယောက် ဒီအိမ်ကြီးမှာပဲ ဆက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ ငါကတော့ ငါပိုင်ဆိုင်တဲ့ရတနာပစ္စည်းတွေကို ဒီအိမ်ထဲမှာ ဝှက်ထားတာဆိုတော့ ဒီပစ္စည်းတွေကို ထားခဲ့ပြီး ဘယ်နေရာကိုမှ မသွားနိုင်ဘူး၊ အခု နင်ကပါ ဒီမှာပဲ နေမှာဆိုတော့ ငါ့အတွက် အဖော်ရတာပေါ့"

မာလာက ဦးဒီပအား မျက်လုံးအဝိုင်းသားနှင့် ကြောက်ရွံ့စွာ ကြည့်နေလေသည်။

"လူသတ်သမားက နင်နဲ့ငါနဲ့ နှစ်ယောက်ထဲက တစ်ယောက်ယောက် ဘယ်သူ့ကို ရွေးမယ်ဆိုတာတော့ ဒီကနေ့ညကစပြီး စောင့်ကြည့်ရတော့မှာပေါ့။ ဒါထက် မေးပါရစေဦး၊ တကယ်လို့ ငါအရင်သေသွားခဲ့ရင် နင်ဘာလုပ်မှာလဲ"

"ကျွန်မ မသိပါဘူး"

"အေး. . . တကယ်လို့ ငါသေသွားခဲ့ရင် နင်လည်း ဒီမှာဆက်မနေတော့ဘဲ တစ်နေရာရာကိုသာ သွားပေတော့"

"ကျွန်မ ဘယ်နေရာကို သွားရမယ်ဆိုတာ စဉ်းစားထားပါတယ်"

"ကောင်းတယ်. . ကောင်းတယ်. . ဒီလိုမှပေါ့"

ဟု ပြောဆိုကာ မာလာကို ပြန်လွှတ်လိုက်ရလေသည်။

ထို့နောက်မှာတော့ ဦးဒီပသည် ၎င်း၏အခန်းထဲသို့ ဓါးလှံလက်နက်များ ထည့်ကာ ညအချိန်ရောက်လျှင် မအိပ်တော့ဘဲ လူသတ်သမားကို ထိုင်စောင့်လေသည်။

သူသည် နေ့ဘက်အချိန်များ၌ တရေးတမော အိပ်ပြီး ညအချိန်ရောက်လာလျှင် မအိပ်တော့ပေ။





တစ်ခါတစ်ရံ မတတ်နိုင်တော့သဖြင့် မှေးခနဲ ဖြစ်သွားသော်လည်း ခဏသာဖြစ်ပြီး ချက်ချင်းပြန်နိုးလာတတ်လေသည်။

စိတ်မဖြောင့်သောကြောင့် မကြာခဏ လန့်နိုးနေခြင်းလည်းဖြစ်ပေသည်။

ညအချိန်ရောက်လာလျှင် တပည့်များက အောက်၌ သတိဝီရိယကြီးစွာနှင့် စောင့်နေကြသလို ဦးဒီပကလည်း အခန်းတံခါးကို လုံခြုံအောင် ပိတ်ထားပြီး အခန်းတွင်းမှာ လက်နက်အပြည့်အစုံ ထည့်ထားကာ မအိပ်ဘဲ ထိုင်စောင့်နေလေသည်။

ထိုသို့စောင့်နေရင်းမှာပင် မာလာ ရှိနေသောအခန်းတွင်းမှ မည်သည့်အချိန်တွင် အော်သံကြားရလေမလဲဟု နားတစွင့်စွင့်နှင့် ရှိနေလေသည်။

ထိုကဲ့သို့ စောင့်နေသောကြောင့်လော မပြောတတ်ပေ။ တစ်ပတ်လောက် အချိန်ကြာသွားသည်အထိ မည်သည့်ထူးခြားမှုမျိုးမှ ဖြစ်မလာပေ။

ထို့ကြောင့် အနည်းငယ်တော့ စိတ်သက်သာရာ ရလာလေသည်။ နောက်တစ်ပတ်ခန့်ကြာသောအခါ မတတ်နိုင်တော့ဘဲ ညအချိန်ရောက်လာလျှင် တစ်ရေးတမော အိပ်လေသည်။ ထိုသို့အိပ်သော်လည်း ကောင်းစွာအိပ်ရခြင်းတော့ မရှိပေ။

အိပ်ပျော်သွားသည်နှင့် တစ်စုံတစ်ယောက်က တစ်ခုခုနှင့် ရိုက်လိုက်သကဲ့သို့ဖြစ်ကာ ပြန်လန့်နိုးလာရသည်။

ကြည့်လိုက်လျှင် ခုတင်နံဘေးမှာ လဲကျနေသော တုတ်



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် လုံရှည်တစ်ချောင်းကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

"ဒီလုံနဲ့တုတ်က ဘယ်သူယူလာလို့ ငါ့ခုတင်ဘေးကို ရောက်နေတာလဲ၊ ဒီအခန်းထဲမှာလည်း ငါတစ်ယောက်တည်းပဲ ရှိနေတာပဲ၊ အခန်းတံခါးတွေလည်း ဒီအတိုင်း ရှိနေတာဆိုတော့ ဘယ်သူများ လာလုပ်နေတာလဲ၊

မဟုတ်ကာမှလွဲရော ပုဏ္ဏကတိုက်သလိုများ မကောင်းဆိုးဝါးတွေ ငါ့အခန်းထဲ ရောက်နေရော့သလား"

ဟု ထိတ်လန့်စွာ တွေးတောနေမိလေသည်။

နောက်ရက်များမှာတော့ လူကို အန္တရာယ် မပေးသေးသော်လည်း အခြေအနေက တဖြည်းဖြည်းနှင့် ပိုဆိုးလာလေသည်။

မှေးခနဲ အိပ်ပျော်သွားသည်နှင့် တစ်စုံတစ်ယောက်က ပုတ်နှိုးလိုက်သကဲ့သို့ ဖြစ်ကာ ပြန်နိုးလာသောအခါ ထိတ်လန့်ဖွယ်ရာမြင်ကွင်းကို တွေ့ရလေသည်။

လုံရှည်တစ်လက်က ကိုင်မည့်သူ မရှိဘဲ ကိုယ်ပေါ်မှာ ဝဲနေသည်ကို တွေ့ရသဖြင့် များစွာထိတ်လန့်သွားလေသည်။ သူသည် တစ်ချက်ကလေးမှ မလှုပ်ဝံ့ဘဲ ရင်ဘတ်ပေါ်မှာ ဝဲနေသောလုံသွားကို မျက်တောင်မခတ် ကြည့်နေရလေသည်။

ချွန်မြနေသောလုံသွားက အပေါ်သို့ မြောက်တက်သွားလိုက်၊ အောက်သို့ ပြန်နိမ့်ဆင်းလာလိုက်နှင့် ရှိနေရာမှ တစ်ကြိမ်မှာတော့ လူလက်ဖြင့် ကိုင်ကာ ထိုးစိုက်ချလိုက်သကဲ့သို့ ဖြစ်ကာ





သူ့ရင်ဝ ရှိရာသို့ တန်းဝင်လာလေတော့သည်။

ဦးဒီပမှာ မည်သို့မှ ရှောင်တိမ်းချိန်မရတော့သဖြင့် မျက်စိကို မှိတ်ထားလိုက်ရတော့သည်။

သို့သော် သူထင်ထားသကဲ့သို့ ရင်ဝသို့ စိုက်ဝင်မလာဘဲ ရင်ဝနှင့် နီးတော့မှ အပေါ်သို့ ပြန်တက်သွားလေသည်။

ဒီတော့မှ မျက်စိပြန်ဖွင့်ကြည့်လိုက်သည်။

လုံသွားက လူတစ်ယောက် မတ်တတ်ရပ်ထားလျက် လက်ကို မြှောက်ထားသော အကွာအဝေးအမြင့်မှာ ငြိမ်သက်စွာ ရှိနေပြန်သည်။

လုံသွားက ရင်ဝနှင့် တည့်တည့်နေရာတွင် တည်ရှိနေသည်။ ပုံသဏ္ဌာန်မှာ လူတစ်ယောက်က လုံကို ကိုင်ပြီး ရင်ဝကို ထိုးစိုက်ချရန် ချိန်ရွယ်ထားသော အနေအထားမျိုး ရှိနေသည်။

ဦးဒီပမှာလည်း မမျှော်လင့်သောအခြေအနေကြောင့် အသက်ပင် မရှူဝံ့ဘဲ ဇောချွေးများ ပြန်နေသည်။ သူ့အဖြစ်က သေမိန့်ကို စောင့်နေရသကဲ့သို့ အချိန်မရွေးသေသွားနိုင်သော အခြေအနေမျိုးဖြစ်သည်။

ထိုအခိုက်မှာပင် လုံသွားက သူ့ရင်ဝသို့ စိုက်ချလိုက်လေတော့သည်။

"ဒုတ်. ."

"အား. ."

ဦးဒီပမှာ ကြောက်လန့်တကြားနှင့် လန့်အော်လိုက်လေသည်။ သို့သော် သူမျှော်လင့်ထားသလို လုံသွားက ရင်ဝသို့

www.burmeseclassic.com



စိုက်ဝင်လာခြင်း မရှိဘဲ နံဘေးမှာ ကပ်၍ စိုက်ဝင်သွားခြင်းဖြစ်သည်။

ထိုသို့ စိုက်ဝင်သွားပြီးနောက် လုံးဝမလှုပ်တော့ပေ။

ထိုအခါမှ အလန့်တကြား ထပြီး ကြည့်လိုက်သောအခါ လှံသွားက မွေ့ရာအခင်းသာမက ခုတင်ကြမ်းခင်းပျဉ်ကိုပါ ဖောက်ထွက်သွားပြီး ကြမ်းပြင်ပေါ်မှာ စိုက်ဝင်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ရလေသည်။

ထိုသို့ စိုက်ချလိုက်သောအားမှာ သာမန်လူတစ်ယောက်အားနှင့် စိုက်ချလိုက်ရုံနှင့် ဘယ်လိုမှ မပေါက်နိုင်သောအနေအထား ဖြစ်လေသည်။

နောက်တစ်နေ့ မနက်လင်း၍ ကြည့်သောအခါ ကြမ်းပြင်အတွင်းသို့ လှံသွားက သုံးလက်မခန့် မြုပ်ဝင်နေသောကြောင့် အတော်ကလေး ခက်ခက်ခဲခဲ ပြန်နှုတ်ယူရလေသည်။

ထိုအခြေအနေကို မြင်ရသောအခါမှ ဦးဒီပမှာ အခြေအနေကို သဘောပေါက်ပြီး ကြောက်ရွံ့မှု ဖြစ်လာမိလေတော့သည်။

ဇနီး၏တပည့်များ ပြောသကဲ့သို့ ထိုနေရာမှ ရွှေ့ပြောင်းသွားရင် ကောင်းမလားဟု စိတ်ကူးမိသေးသည်။

သို့သော်လည်း ဇနီးလျှို့ဝှက်သိမ်းဆည်းထားသော ရွှေငွေရတနာများက ရှိနေသောကြောင့် အခြားနေရာသို့ ရွှေ့ပြောင်းသွားရန် ခက်ခဲနေလေသည်။

ထို့ထက်. . . ယခုကဲ့သို့ တိုင်းပြည်မငြိမ်မသက် ဖြစ်နေသော အချိန်တွင် ရွှေငွေရတနာများကို အခြားနေရာသို့ ရွှေ့ပြောင်းရန် မဖြစ်နိုင်ပေ။





အင်္ဂလိပ်စစ်သားများနှင့် တွေ့ပါက သိမ်းဆည်းခံရမည်ဖြစ်သလို လူဆိုးများနှင့် တွေ့ပါကလည်း လုယက်ခြင်း ခံရမည်မှာ သေချာသည်။

သို့ကြောင့် ထိုရတနာပစ္စည်းများကို ယူဆောင်ပြီး အခြားနေရာသို့ မသွားဝံ့အောင် ဖြစ်နေခြင်းပင်ဖြစ်၏။

ထိုရတနာပစ္စည်းများမှာ အသက်နှင့် ရင်းပြီး ရှာဖွေစုဆောင်းထားရသောကြောင့်လည်း ထိုမျှတွယ်တာနေခြင်းဖြစ်သည်။

သို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ထိုနေရာမှာပင် ဆက်နေရန် ဆုံးဖြတ်ခဲ့လေသည်။

နောက်သုံးရက်ခန့်ကြာသောအခါမှာတော့ ထိုကဲ့သို့အဖြစ်မျိုးနှင့် နောက်တစ်ကြိမ် ကြုံရပြန်သည်။

အိပ်ရေးပျက်ပါများသောကြောင့် မှေးခနဲ အိပ်ပျော်သွားစဉ်မှာ လည်ပင်းနေရာမှာ စစ်ခနဲ နာကျင်သွားသောကြောင့် လန့်နိုးလာသည်။

လည်ပင်းနေရာကို စမ်းကြည့်သောအခါ သွေးများထွက်နေလေသည်။

"ဟင်. . ."

သူ့လည်ပင်းပေါ်မှာ ဓါးတစ်စင်းက ကိုင်မည့်သူ မရှိဘဲနှင့် သူ့အလိုလို ဝဲပျံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံသည်လည်းကောင်း၊ ယခု ဝဲနေသောခေါင်းသည်လဲ
ကောင်း သူ့အခန်းအတွင်းမှာ အကြောင်းရှိပါက အသုံးပြု
အသင့်ဆောင်ထားသော လက်နက်များပင်ဖြစ်သည်။

ခေါင်းက လည်ပင်းပေါ်မှာ ဝဲနေသောကြောင့် ဦးဒီပ
မလှုပ်ဝံ့တော့ပေ။

အသက်ပင် ပြင်းပြင်းမရှူဝံ့အောင်ဖြစ်နေသည်။

အသွားထက်လှသောခေါင်းမှာ ပါးကွက်အာဏာသားတ
ယောက်က စီရင်ရမည့်လူ၏ကုပ်ပေါ်သို့ ခေါင်းဖြင့် မိုးထားသကဲ့
ဝဲနေခြင်းဖြစ်သည်။

ဦးဒီပမှာ လည်ပင်းပေါ်မှာ အသက်ဝင်နေသကဲ့သို့
နေသော ငှက်ကြီးတောင်ခေါင်းကို ကြည့်ကာ ချွေးသီးချွေးပေါ
များ စီးကျလျက်ရှိသည်။

အခန်းထဲမှာ မီးအိမ်တစ်လုံး ထွန်းထားသဖြင့် ခေါ
လှုပ်ရှားမှုအတိုင်း အရောင်တလက်လက် ထွက်နေသည်မှ
ကြက်သီးထဖွယ်ရာဖြစ်သည်။

နောက်ဆုံးမှာတော့ အပေါ်မှာ ဝဲနေသောခေါင်းက
ပေါ်သို့ မြောက်တက်သွားပြီးနောက် ဦးဒီပ၏လည်ပင်းပေါ်
ပိုင်းချလိုက်လေတော့သည်။

"ဒုတ်. . "

"အား. . ."

ဒီတစ်ကြိမ်မှာတော့ နံဘေးသို့ ချော်ခုတ်လိုက်ခြင်
မဟုတ်ဘဲ လည်ပင်းတည့်တည့်သို့ ခုတ်ချလိုက်ရာ ငှက်ပျော





ကို ခေါင်းဖြင့် ပိုင်းချလိုက်သကဲ့သို့ တိခနဲ ပြတ်ကျသွားလေတော့
သည်။

နောက်တစ်နေ့မနက်ပိုင်း ရောက်သောအခါမှ တပည့်
များက အခန်းတံခါးကို လာဖွင့်ကြည့်သောအခါ သွေးအိုင်
အတွင်းမှာ လည်ပင်းပြတ်လျက်သားနှင့် သေဆုံးနေသော ဦးဒီပ
အလောင်းကို တွေ့ကြရသည်။

၎င်းလည်ပင်းကို ခုတ်ဖြတ်သွားသောခေါင်းမှာ ခေါင်းအိမ်
အတွင်းသို့ ပြန်ရောက်နေချေပြီ။

သွေးစက်များ တွေ့သဖြင့် ထုတ်ကြည့်သောအခါမှ အ
တွင်းမှ သွေးများ စိမ့်ထွက်လာသည်ကို အံ့သြဖွယ်ရာ တွေ့ကြရ
သည်။

ဦးဒီပ သေဆုံးသွားသောအခါ ထိုအိမ်ကြီးမှာ မာလာဆို
သော မိန်းကလေးတစ်ယောက်သာ ကျန်ခဲ့လေတော့သည်။ ထို
အခါ သတင်းအမျိုးမျိုး ထွက်လာလေတော့သည်။

အချို့က တစ်အိမ်လုံး တစ်ယောက်ပြီးတစ်ယောက်
သတ်သောတရားခံမှာ မာလာဖြစ်မည်ဟု ပြောလာသည်။

"တစ်အိမ်လုံး သူတစ်ယောက်ပဲ ကျန်ခဲ့တော့တာ၊ သူ
မသတ်လို့ ဘယ်သူဖြစ်မလဲ"

"ဦးဒီပလို စိတ်ကြမ်းကိုယ်ကြမ်း လူတစ်ယောက်ကို
ဒီလို အားနွဲ့တဲ့မိန်းကလေးတစ်ယောက်က သတ်တယ်ဆိုတာ
ဖြစ်နိုင်ပါ့မလား"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ဘယ်လောက်သန်မာ



www.burmeseclassic.com

www.burmeseclassic.com



သွက်လတ်တဲ့လူပဲဖြစ်ဖြစ် အိပ်မောကျနေတဲ့အချိန်မျိုးမှာ သတ်ရင် မိန်းကလေးမပြောနဲ့၊ ဓါးကိုင်နိုင်တဲ့ ကလေးတစ်ယောက်က သတ်ရင်တောင် ခံရမှာပဲ"

"သူက ဘာကြောင့် သတ်ရမှာလဲ"

"မင်းတို့မှ မသိကြဘဲကိုး၊ မာလာဆိုတဲ့မိန်းကလေးက ဦးဒီပရဲ့သမီးအရင်းမှ မဟုတ်တာ၊ မာလာရဲ့မိဘတွေကို ဦးဒီပက သတ်ပြီး သနားလို့ ခေါ်မွေးထားတာ၊ ဒါပေမယ့် တစ်အိမ်သားလုံးရဲ့အနှိပ်စက်ခံဘဝနဲ့ နေလာခဲ့ရတာ၊ ဒါကြောင့် အငြိုးအတေးထားပြီး တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်တာ ဖြစ်မှာပေါ့ကွ"

ထိုသို့ပြောသောအခါ အချို့က လက်ခံကြပြီး အချို့ကတော့ ဘယ်နည်းနှင့်မှ လက်မခံနိုင်ကြပေ။

"ငါကတော့ မင်းပြောတာ ဖြစ်နိုင်တယ်ဆိုပေမယ့် လက်မခံချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဦးရန်နောင် သေတာ မထူးဆန်းဘူး၊ အိမ်မှာ တစ်သက်လုံး ကျွေးမွေးထားတဲ့ခွေးတွေ ပြန်ကိုက်လို့ သေရတာ မဟုတ်လား"

"ဒါကတော့ ညဘက် လူမှားပြီး အကိုက်ခံရတာလည်း ဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်ဘူး. . . ခွေးဆိုတာ အင်မတန် သစ္စာရှိတယ်၊ အစာကျွေးတဲ့သခင်ကို သုံးနှစ်လောက် ခွဲခွာပြီး ပြန်တွေ့ရင်တောင် မှတ်မိတယ်၊ ဘယ်တော့မှ မကိုက်ဘူးကွ"

"ဒါဖြင့် ဘာကြောင့် ဖြစ်တာလဲ"





"ငါ့အထင်ပြောရရင်တော့ ဦးဒီပတို့အိမ်မှာ မကောင်းဆိုးဝါးတစ်ကောင်ကောင် ဝင်ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်တာရော မဖြစ်နိုင်ဘူးလား၊ တစ်အိမ်လုံး သေပုံသေကြတာချင်း မတူပေမယ့် ထူးထူးဆန်းဆန်းချည်းပဲ မဟုတ်လား"

ထိုကဲ့သို့ ဇဝေဇဝါဖြင့် ကိုယ်ထင်ရာ ကိုယ်ပြောနေကြစဉ်မှာ နောက်ထပ်အဖြစ်အပျက်တစ်ခု ထပ်မံဖြစ်ပွားလေတော့သည်။

အခြားမဟုတ်ပေ. . .။

ထိုအိမ်ကြီးမှာ နောက်ဆုံးကျန်နေသောမာလာဆိုသောမိန်းကလေးမှာ ဦးဒီပ သေဆုံးပြီး မရှေးမနှောင်းမှာပင် ရင်ဝကို ဓါးတစ်လက် စိုက်ဝင်ပြီး သေဆုံးသွားခဲ့သောကြောင့်ပင်ဖြစ်၏။

ထိုအဖြစ်အပျက်ကို မြင်သော် အမျိုးမျိုး ထင်ကြေးပေးပြောဆိုနေမှုများမှာ ရပ်တန့်သွားကြတော့သည်။

ထို့အတူ ဦးဒီပတို့မိသားစုများအကြောင်းမှာလည်း တဖြည်းဖြည်းနှင့် ကန့်လန့်ကာ ချလိုက်သကဲ့သို့ဖြစ်ကာ ပြီးဆုံးသွားခဲ့လေတော့သည်။

သို့သော်လည်း မပြီးဆုံးနိုင်သော အကြောင်းတစ်ခုကတော့ ကျန်နေခဲ့ပေသည်။

ဦးဒီပ မသေဆုံးမီက ၎င်းတို့မိသားစုအားလုံး၏ပုံတူဆွဲထားသော ဆီဆေးပန်းချီကားကြီးတစ်ချပ်ကတော့ ကျန်နေခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပတို့ သေဆုံးသွားပြီးနောက်တွင် ထိုအိမ်ကြီးကို အင်္ဂလိပ်များက သိမ်းယူလိုက်လေသည်။

ထို့နောက်တွင် ထိုအိမ်ကြီး၌ မျက်နှာဖြူအရာရှိ မိသားစုများ နေထိုင်ခဲ့ကြသည်။

ဧည့်ခန်းမှာ ချိတ်ဆွဲထားသော ပန်းချီကားကြီးကိုတော့ ဖြုတ်ပြီး အနောက်ဘက် စတိုခန်းအတွင်း၌ ထည့်ထားလိုက်သည်။

မကြာမီမှာပင် ထိုမျက်နှာဖြူအရာရှိလင်မယားမှာ အိပ်နေရင်းမှပင် လည်ပင်းပြတ်လျက် သေဆုံးနေသည်ကို တွေ့ကြရသည်။

နောက်ပိုင်းမှာလည်း ထိုပန်းချီကားကို ပိုင်ရှင်များ အဆင့်ဆင့် ပြောင်းလဲသွားလေသည်။

ပြောင်းလဲသွားတိုင်းမှာလည်း အန္တရာယ်ဆိုးများနှင့် တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့ကြရလေသည်။

ထိုပန်းချီကားနှင့် ပတ်သက်ပြီး ထူးထူးထွေထွေ ဂရုမထားမိကြသော်လည်း ထူးခြားသောပြောင်းလဲမှု ရှိနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ထို့ထက် ပိုမိုဆန်းကြယ်သောအဖြစ်မှာ အချို့ပိုင်ရှင်များက ထိုပန်းချီကားနှင့် ပတ်သက်ပြီး အန္တရာယ်ရှိသည်ဟု ယူဆကြသောကြောင့် ဖျက်ဆီးပစ်ရန် ကြိုးစားကြသည်။

သို့သော်. . . မရပေ။

ပန်းချီကားကို ဖျက်ဆီးရန် ကြံသူတိုင်း ဘေးအန္တရာယ်





တစ်ခုခုနှင့် ကြုံတွေ့ရပြီး သေဆုံးသွားကြလေသည်။

နောက်ပိုင်းမှာတော့ မည်သူမှ မဖျက်ဆီးဝံ့ကြတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

## ဆရာကြီးကိုင်ရိုနှင့် ဆန်းကြယ်သောမှတ်တမ်း

ကံကြမ္မာစက်ကွင်းသို့ သက်ဆင်းခဲ့ကြရပြီး တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့ကြသော ဦးဒီပတို့မိသားစုနှင့် ပတ်သက်ပြီး အမျိုးမျိုး ထင်ကြေးပေး ပြောဆိုခဲ့ကြလေသည်။

အချို့က လူသတ်တရားခံမှာ ဦးဒီပဖြစ်ရမည်ဟု ထင်ကြေးပေး ပြောဆိုကြသည်။

အဘယ့်ကြောင့်ဆိုသော် ဦးဒီပ၏မျက်နှာသွင်ပြင် အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာမှာ ရက်စက်ကြမ်းကြုတ်မှု ရှိနေသောကြောင့်ဖြစ်သည်။

အချို့ကလည်း မွေးစားသမီးမာလာက နာကြည်းစိတ်ဖြင့် တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်ခဲ့သည်ဟု မှတ်ချက်ချသည်။

မာလာမှာ သူ့ဘဝတစ်လျှောက်လုံး အနှိပ်စက်ခံဘဝဖြင့် နေလာခဲ့ရာမှ နောက်ဆုံး နာကြည်းစိတ်ကြောင့် သတ်ပစ်သည်ဟု ထင်ကြသည်။

အချို့ကတော့ ဦးဒီပမှာ ယခင်က လူဆိုးဓါးပြတစ်ဦးဖြစ်ခဲ့ရာ ၎င်းနှိပ်စက်သတ်ဖြတ်ခဲ့သော မိသားစုများကသော်လည်းကောင်း၊ ကျန်ရစ်ခဲ့သူများမှသော်လည်းကောင်း ကလဲ့စားချေ သတ်ဖြတ်ခြင်းဖြစ်မည်ဟု ခန့်မှန်းပြောဆိုကြသည်။

ထိုပြောဆိုချက်များမှာလည်း ဖြစ်နိုင်စရာအကြောင်းရှိနိုင်ပေသည်။

သို့သော် အများကတော့ ကျန်ရစ်ခဲ့သော ပန်းချီကားထဲမှ ရုပ်ပုံများကို ကြည့်ပြီး လူသတ်တရားခံမှာ ဦးဒီပ,ပင် ဖြစ်နိုင်သည်ဟု မှတ်ချက်ချသည်။

အဘယ့်ကြောင့်ဆိုသော် ပန်းချီကားမှာ စိတ္တဇဆန်သော ပန်းချီကားတစ်ချပ်နှင့် တူနေသောကြောင့်ဖြစ်သည်။

ပန်းချီကားထဲမှာ ပါဝင်နေသူတို့၏ မျက်နှာအမူအရာများမှာ ရက်စက်ကြမ်းကြုတ်ခြင်း၊ ခက်ထန်မာကျောခြင်း အသွင်သဏ္ဍာန်များက အထင်းသား ပေါ်နေကြသည်။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ပန်းချီကားများနှင့် ဆန်းကြယ်သောပန်းချီကားများမှာ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရှိနေကြသည်။





အချို့မှော်ဝင်ပန်းချီကားတို့မှာ လူတို့ကို များစွာဒုက္ခပေးတတ်ကြသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး သုတေသနပြုနေကြသော အသင်းအဖွဲ့များနှင့် လူအချို့လည်း ရှိကြသည်။

အသင်းအဖွဲ့များတွင် သီအိုဆိုဖီအသင်းကြီးက ထိပ်ဆုံးမှပါဝင်ပြီး တမလွန်လောကနှင့် ဝိညာဉ်များအကြောင်းကို လေ့လာဆန်းစစ်ရုံမကဘဲ ထူးဆန်းသောနေရာများ၊ အိမ်များ၊ ရဲတိုက်ကြီးများနှင့် ပန်းချီကားများအကြောင်းကို ဦးစားပေးလေ့လာခဲ့ကြလေသည်။

လူပုဂ္ဂိုလ်များထဲမှာ ကမ္ဘာကျော် ဂမ္ဘီရပညာရှင်ကြီးဘလာမာစကီ၊ စာရေးဆရာကိုနင်ဒွိုင်းနှင့် လက္ခဏာဆရာကြီးကိုင်ရိုတို့ ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။

ဆရာကြီးကိုင်ရိုသည် ထိုအကြောင်းများကို သုတေသနပြုလုပ်ပြီး မှတ်တမ်းစာအုပ်များ ရေးခဲ့ရာ (Real Life Stories) စာအုပ်မှာ ကမ္ဘာကျော်ခဲ့သည်။ ထိုစာအုပ်မှ မှတ်တမ်းအချို့ကို ပြန်လည်ဖော်ပြရလျှင် ဦးဒီပတို့မိသားစုများ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် များစွာတူညီနေသည်ကို တွေ့ရပေမည်။

ဆရာကြီးကိုင်ရိုသည် သူ့ရုံးခန်းအပြင်ဘက်သို့မျှော်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွန်းလမ်းသွယ်၏ဘေးတစ်ဖက်တစ်ချက်ရှိ ထင်းရှူးပင်တန်းနှင့် သစ်အယ်ပင်များတို့၏ အကိုင်းအခက်များသည် ညဦးပိုင်းမှာ ကျထားသောနှင်းပွင့်တို့၏ဒဏ်ကြောင့် ကိုင်းညွတ်လျက်ရှိ၏။

လက္ခဏာလာရောက်မေးမြန်းသည့် ဧည့်သည်များမှာ ဆိုးရွားသောရာသီဥတုကြောင့် လာရောက်ကြခြင်း မရှိသဖြင့် ဆရာကြီးကိုင်ရို၏ ရုံးခန်းကလေးမှာ တိတ်ဆိတ်လျက်ရှိသည်။

ဤကဲ့သို့ တိတ်ဆိတ်ငြိမ်သက်မှုကို ဖောက်ထွင်းလိုက်သည့် စူးရှသောတယ်လီဖုန်းသံကြောင့် ဆရာကြီးကိုင်ရိုသည် ငေးမောတွေးတောနေရာမှ သတိပြန်ရလာသည်။

တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်နှင့် တစ်ဖက်မှ သူ့မိတ်ဆွေ စာပေဝေဖန်ရေးမဂ္ဂဇင်းကြီး (Review's of Review)၏ အယ်ဒီတာချုပ်ကြီးနှင့် လန်ဒန်မြို့ မနောသုတေသန အသင်း(Society of Psychical Research) အမှုဆောင်လူကြီး မစ္စတာစတိ(Steed)၏ တည်ငြိမ်အေးဆေးသည့်အသံကို ကြားရတော့၏။

"ဆရာကိုင်ရို. . . ခင်ဗျားစိတ်ဝင်စားတဲ့ အမှုအခင်း တစ်ခုကို ယနေ့ညနေမှာ သွားရောက်လေ့လာဖို့ အစီအစဉ် ရှိတယ်ဗျာ၊ ခင်ဗျားလိုက်ဖြစ်အောင် လိုက်စေချင်တယ်၊

ခင်ဗျားအဖို့ ကိုယ်တွေ့ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်မှန် တစ်ခု ရေးကွက်ရနိုင်တာပေါ့ဗျာ၊ ကျွန်တော်တို့ ညနေခင်းမှာ တွေ့ပြီး အကျိုးအကြောင်း အသေးစိတ်ရှင်းပြပါ့မယ်၊ ပြီးတော့





သူငယ်ချင်းနှစ်ယောက် အတူသွားပြီး စနစ်တကျ လေ့လာကြရအောင်ဗျာ"

ဟု ပြောပြောဆိုဆို တစ်ဖက်မှ ကျွန်တော့်မိတ်ဆွေကြီး မစ္စတာစတိသည် တယ်လီဖုန်းကို ချသွားပါသည်။

ထိုစဉ် မစ္စတာစတိမှာ လန်ဒန်မြို့အမှတ်(၂၀)၊ ဟင်နီ့တာလမ်းတွင် ဌာန ဖွင့်လှစ်ထားသည့် ဗြိတိသျှ မနောသုတေသနအသင်းကြီး၏ အမှုဆောင်တစ်ဦးဖြစ်လေသည်။

ထိုအသင်းကြီးမှ မနောသုတေသီများသည် ကွယ်လွန်သူတို့ သွားလာလှုပ်ရှားသည်များကို မြင်ရသည်၊ ကွယ်လွန်သူတို့၏အသံများကို ကြားရသည်၊ ကွယ်လွန်သူတို့၏အနံ့ကို ရရှိသည်ဆိုသည့်အချက်များသည် စိတ်အာရုံ၌ ထင်ခြင်းသာဖြစ်သည်ဟု ယူဆ၍ တစ္ဆေခြောက်သည်၊ ပရလောကသားတို့ အနှောင့်အယှက်ပေးခြင်း ခံရသည်ဆိုသောအိမ်များ၊ ဘုရားရှိခိုးကျောင်းများ၊ ယာတောအိမ်များသို့ ကွင်းဆင်း၍ လေ့လာ သုတေသနပြုနေသည့်အချိန်ဖြစ်သည်။

ကျွန်တော့်အနေဖြင့် ဗြိတိသျှ မနောသုတေသန အသင်းကြီး၏အသင်းဝင် မဟုတ်ပါ။

အခြား စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနပြုသည့်အသင်း၊ သီအိုဆိုဖီအသင်း စသောအသင်းတော်ကြီးများ၏ အသင်းဝင် တစ်ဦးလည်း မဟုတ်ပါ။

လွတ်လွတ်လပ်လပ် အချုပ်အချယ်မရှိ နေလိုသူတစ်ဦး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လျှို့ဝှက်ဆန်းကြယ်သည့်ဖြစ်ရပ်များကို (Real Life Stories) ဟူသောအမည်ဖြင့် စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရန် ကြံရွယ်လျက်ရှိနေသဖြင့် ကျွန်တော့်အား တယ်လီဖုန်းဆက်၍ အကြောင်းကြားခြင်းဖြစ်ပါသည်။

ကျွန်တော်သည် မစ္စတာစတိ ချိန်းဆိုထားသည့် လန်ဒန်မြို့ ဖလိလမ်းရှိ သူ၏စာပေဝေဖန်ရေးတိုက်သို့ သွားရောက်တွေ့ဆုံခဲ့ပါသည်။

မစ္စတာစတိသည် ကျွန်တော့်အား စောင့်မျှော်နေပြီး ကျွန်တော် သွားရောက်လေ့လာရမည့် လန်ဒန်မြို့ ကင်ဆယ်ရပ်ကွက်ရှိ တစ္ဆေခြောက်လှန့်ခြင်း ခံရသည်ဆိုသော အိမ်ဟောင်းကြီးတစ်အိမ်အကြောင်း ရှင်းလင်းပြောပြပါသည်။

ထိုအိမ်ကြီးအား နှစ်ပေါင်း(၂၀)တိုင်တိုင် ပင်လယ်ရေကြောင်း သွားလာရေးလုပ်ငန်း၌ အလုပ်လုပ်ခဲ့သူ သင်္ဘောအရာရှိတစ်ဦးက ဝယ်ယူထားခဲ့ကြောင်း၊ ထိုသင်္ဘောအရာရှိ၏ ရည်ရွယ်ချက်မှာ သူ အလုပ်မှ နုတ်ထွက်ပြီးသည်နှင့် မိသားစုနှင့်အတူ အေးအေးဆေးဆေး အနားယူနေထိုင်ရန်ဖြစ်သည်။

ထိုရပ်ကွက်မှာ မော်တော်ကား၊ မြင်းရထားနှင့် လူအများ ဆူညံသည့် လန်ဒန်မြို့ဗဟိုနှင့် ကွာဝေးပြီး တိတ်ဆိတ်ငြိမ်သက်သည့် ရပ်ကွက်ဖြစ်၏။

နေထိုင်သူအားလုံးမှာ လူကုံထံများသာ ဖြစ်ကြသဖြင့် အေးအေးဆေးဆေး အနားယူလိုသူများအဖို့ နေထိုင်သင့်သည့် ရပ်ကွက်ကြီးဖြစ်သည်။





သင်္ဘောအရာရှိနှင့် မိသားစုသည် ထိုအိမ်ကြီးကို ဝယ်ယူပြီးသည်နှင့် မရှေးမနှောင်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။

ပြောင်းရွှေ့လာသည်နှင့် ထိုအိမ်ကြီးပေါ်ရှိ ရုပ်ဝတ္ထုများ အလိုအလျောက် လှုပ်ရှားဖြစ်ပျက်မှုကို ကြုံတွေ့လာခဲ့ရသည်။

ပထမအကြိမ်တွင် အထက်ဖော်ပြပါ သင်္ဘောသား၏ ဇနီးတစ်ဦးတည်း ရှိနေသည့်အချိန်တွင် လေးလံသောအရာဝတ္ထုများ ကြမ်းပြင်ပေါ်သို့ ကျလာသောအသံတစ်သံကို ကြားရ၏။

သင်္ဘောသား၏ဇနီးဖြစ်သူသည် တစ်စုံတစ်ယောက် လှေကားမှ ဆင်းလာခဲ့သလောဟု ယူဆမိသဖြင့် လှေကားကြီး၏ခြေရင်းသို့ ပြေးကြည့်ခဲ့၏။

သူ လှေကားအနီးသို့ ရောက်လာသည်နှင့် ထုသံရိုက်သံနှင့် တစ်စုံတစ်ယောက်က ပရိဘောဂများကို ဆွဲယူသွားသည်ဟု ယူဆရသောအသံများသည် ရပ်သွားခဲ့ပြန်၏။

တစ်ညတွင်မူ သင်္ဘောသား ဇနီးမောင်နှံသည် ညစာစားနေစဉ် လှေကားကြီးထိပ်မှ လေးလံသောပစ္စည်းတစ်ခုကို တစ်စုံတစ်ယောက်က ဆွဲယူနေသည့်အသံကို ကြားရသဖြင့် သူတို့နှစ်ဦးစလုံး လှေကားခြေရင်းသို့ ပြေးသွားခဲ့ပြန်သည်။

မည်သူ့ကိုမျှ မမြင်ရသော်လည်း လေးလံကြီးမားလှသည့် သေတ္တာကြီးတစ်လုံးသည် လှေကားတစ်ထစ်ချင်းအပေါ်မှ အလိုအလျောက် လျှောကျလာသည့်အသံကို ဆက်တိုက်ကြားနေရသည်။

သူတို့နှစ်ဦးစလုံး လှေကားခြေရင်းတွင် ရှိနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အသံကြီးမှာ ရပ်သွားခြင်း မရှိတော့။

လူတစ်ယောက် မောပန်း၍ ညည်းတွားနေသည့်အသံမျိုးကို ကြားနေရသည်။

နောက်နေ့၌မူ သဘော်သားမိသားစုသည် ဆက်လက်နေထိုင်ခြင်းမပြုတော့။

ပြောင်းရွှေ့သွားခဲ့တော့၏။

တစ္ဆေခြောက်သည်ဟု နာမည်ကျော်လာသဖြင့် ထိုအိမ်ကြီးအား မည်သူမျှ ငှားရမ်းနေထိုင်ခြင်း မပြုတော့။

လွန်ခဲ့သော ရက်အနည်းငယ်ခန့်ကမူ အိမ်ငှားခကို လျှော့ချသဖြင့် ကနေဒါနိုင်ငံမှ ပြောင်းရွှေ့လာသူ မိသားစုသည် ထိုအိမ်ကြီးကို ငှား၍နေထိုင်ခဲ့ကြပြန်၏။

ထိုမိသားစု၌မူ ကလေးငယ်နှစ်ဦး ပါဝင်၏။

ပြောင်းရွှေ့လာကြသည့်နေ့၌ပင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသံများ ကြားရပြီး (၆)နှစ်အရွယ် သမီးငယ်ကလေးကမူ သူအိပ်ပျော်နေသော ခုတင်အနီးသို့ လူကြီးတစ်ယောက် လာရပ်ခဲ့ပြီး သူ့လက်ကို ကိုင်သွားပါသည်ဟု ပြောခဲ့သည်။

မိခင်နှင့်ဖခင်တို့ကမူ သူတို့သမီးကလေး အိပ်မက်မက်ခဲ့သည်ဟု ယူဆခဲ့ကြ၏။

နောက်နေ့ညဉ့်ဦးပိုင်း၌ လှေကားထိပ်မှ လေးလံသော အရာဝတ္ထုများ ကျလာသည့်အသံကို ကြားရသဖြင့် ကနေဒါအမျိုးသား ဖနီးမောင်နံသည် လှေကားထိပ်သို့ သွားရောက်ကြည့်





ကြသည်။

တစ်စုံတစ်ခု လှေကားထစ်ပေါ်သို့ ကျလာသောအသံ ....ပ်သွားသော်လည်း လှေကားခြေရင်းတွင် ရပ်နေသော ဖနီး...မောင်နံ့အနီးတွင် လူစိမ်းတစ်ဦး ရပ်နေသည်ဟု သူတို့စိတ်ထဲ...တွင် သိလာခဲ့၏။

သူတို့နှစ်ဦးအား ရုပ်ဝတ္ထုကို မမြင်ရသည့်အရာသည် ...တိုးဝှေ့သွားသည်ကို ခံစားလိုက်ရသည်ဟု ထင်မြင်မိကြ၏။

ထိုမိသားစုသည် ချက်ချင်း ထိုအိမ်ကြီး၌ ဆက်လက်နေထိုင်ခြင်း မပြုတော့၊ ပြောင်းရွှေ့သွားခဲ့ကြတော့သည်။

ကျွန်တော်၌ တစ္ဆေခြောက်သည်ဆိုသည်ကို ထူးထူးဆန်းဆန်း ကြည့်လိုစိတ်ထက် စွန့်စားလိုသောစိတ်က လွှမ်းမိုးနေသည်ဟု ထင်မိပါသည်။

သို့ဖြစ်၍ မနောသုတေသီ မစ္စတာစတီနှင့် ကျွန်တော်တို့သည် နှောင့်နှေးခြင်း မရှိတော့ဘဲ ထိုနေ့ညနေ၌ ရထားလုံးတစ်စီးကို ငှား၍ ကင်ဆယ်ရပ်ကွက်သို့ ထွက်ခွာခဲ့ကြပါသည်။

မစ္စတာစတီသည် အထက်ဖော်ပြပါအိမ်ကြီး၏ပိုင်ရှင်ထံမှ အိမ်သော့ကို ယူဆောင်လာခဲ့ပါသည်။

မြင်းများမှာ အလွန်သွက်လှသဖြင့် အချိန်အနည်းငယ်အတွင်း ကင်ဆယ်ရပ်ကွက်သို့ ရောက်ရှိလာခဲ့ပါသည်။

လမ်းမီးတိုင်များ၏အလင်းရောင်ကြောင့် ကျွန်တော်တို့သွားရောက်စုံစမ်းရမည့်အိမ်ကြီးကို လှမ်း၍မြင်နေရပါသည်။

ကျွန်တော်နှင့် မစ္စတာစတီတို့သည် အားအလျင်ေတာင်း



www.burmeseclassic.com

www.burmeseclassic.com



သော လက်နှိပ်ဓါတ်မီးနှစ်လုံးကို ယူလာခဲ့သဖြင့် အနေအထားကို ကောင်းစွာမြင်ရပါသည်။

အိမ်ကြီးမှာ ဟောင်းနွမ်းနေခဲ့ပြီး ဝိတိုရိယခေတ်အတွင်း ဆောက်လုပ်ခဲ့သည့် အိမ်ကြီးတစ်ဆောင်ဟု ယူဆကြ၏။

ကျွန်တော်နှင့် မစ္စတာစတိတို့သည် လေးလံသော သေတ္တာကြီး ရွှေ့ပြောင်းသည့်အသံကို ကြားရသည့် လှေကားရင်း၊ ထမင်းစားခန်း၊ အိပ်ခန်းများကို အသေးစိတ် စစ်ဆေးကြည့်ရှုခဲ့ကြပါသည်။

မီးဖိုခန်းအတွင်း အသင့်တွေ့ရသည့်ထင်းများကို စုဆောင်းပြီး မီးလင်းဖိုကြီးကို ထွန်းညှိခဲ့ကြသည်။

နှစ်ယောက်သား မီးလှုံရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရင်း အချိန်ကုန်ခဲ့ကြသည်။

မီးဖိုချောင်တံခါးကိုမူ ဖွင့်ထားခဲ့ကြပါ၏။

ကျွန်တော်တို့ ကြာကြာမစောင့်ရပါ။

ည(၁၂)နာရီထိုးခါနီးတွင် ကျွန်တော်တို့ ငိုက်လာတော့သည်။

မစ္စတာစတိက. . .

“ကိုင်ရှိရေ. . . ကြားလားဗျို့”

ဟု ကျွန်တော့်နားအနား ကပ်၍ လေသံဖြင့် ပြောလိုက်သည်။ ကျွန်တော်တို့သည် အနည်းငယ် ထိတ်လန့်စပြုလာသည်။

လှေကားမှ အလွန်လေးလံသောပစ္စည်းတစ်ခုကို ဆွဲယူလာသည့်အသံနှင့် လူတစ်ယောက် မောဟိုက်သဖြင့် သက်ပြင်း





ရှူသံကို ကြားကြရသည်။

မီးဖိုမှ အလင်းရောင်သည် လှေကားပေါ်သို့ ကျရောက်လျက်ရှိသဖြင့် လှေကားပေါ်မှ တစ်စုံတစ်ယောက် ဆင်းလာမည်ဆိုက မြင်နိုင်ပါသည်။

အပြင်မှ တိုက်ခတ်လာသောလေသည် အိမ်အတွင်းသို့ ဝင်လာသဖြင့် အေးစိမ့်လျက်ရှိပြီး လေတိုက်သံမှာ ညည်းညူသံပါနေသည်ဟု ထင်မိ၏။

အခြားဘာမှ ထူးထူးခြားခြား မတွေ့ရ။

နံနက်လင်း အရုဏ်ပျို့လာပြီဖြစ်သဖြင့် ကျွန်တော်တို့နှစ်ယောက်သည် မှေးခနဲ အိပ်ပျော်သွားခဲ့ကြ၏။

မနောသုတေသီတို့ကမူ နေရာဌာန တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော အတိတ်ကာလက အဖြစ်အပျက်များသည် ထိုနေရာသို့ ရောက်ရှိသွားသော အချို့ပုဂ္ဂိုလ်များအား အရိပ်ထင်လာတတ်သည် ဟုဆိုသည်။

အိမ်တစ်အိမ်၌ တစ္ဆေခြောက်သည်ဆိုခြင်းမှာ ထိုအိမ်တွင် နေထိုင်ဖူးသောလူနှင့် ယခုနေထိုင်သောလူများကို အိမ်က စိတ်ဓါတ်ချင်း ဆက်သွယ်ပေးသဖြင့် အာရုံထင်လာခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုအိမ်ကြီး၌ လွန်ခဲ့သောနှစ်ပေါင်းများစွာက ရက်စက်ကြေကွဲဖွယ်ရာမှုခင်း ဖြစ်ခဲ့ဖူးသည်။

အိမ်ရှင်ကြီးက သူ၏ဇနီးဖြစ်သူနှင့် ကလေးငယ်နှစ်ဦးအား သတ်ဖြတ်ခဲ့ပြီး အလောင်းများကို သေတ္တာကြီးတစ်လုံးအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်၍ လန်ဒန်မြို့ ဗိတိုရိယ မီးရထားဘူတာရုံကြီးသို့ လက်တွန်း
လှည်းဖြင့် ကိုယ်တိုင်သယ်ယူလာခဲ့၏။

လမ်းတွင် လက်တွန်းလှည်းဘီးကျွတ်ရာမှ လာရောက်
ကူညီသူ ပုလိပ်သား(ရဲ)တစ်ဦးက ထိုသူ၏လူသတ်မှုကြီးကို တွေ့
မြင်သွား၏။

လူသတ်သမားသည် သူ့ပြစ်မှုကို တွေ့သွားသည့် အ
တွက် ပုလိပ်သား(ရဲ)ကိုပါ သတ်ခဲ့လေသည်။

ထိုလူသတ်သမားမှာမူ သေဒဏ်ခံယူခဲ့ရလေသည်။

ကျွန်တော့်မိတ်ဆွေကြီး မစ္စတာစတီကမူ အထက်တွင်
ဖော်ပြခဲ့သည့်အတိုင်း ထိုပြစ်မှုကြီးကြောင့် ဖြစ်ပျက်ခဲ့သည်များ
သည် တယ်လီပသီခေါ် မနောဆက်သွယ်နည်းအရ ထိုအိမ်ကြီး
သို့ လာရောက်သူများ၌ အာရုံထင်မှု ဖြစ်လာသည်ဟု ယူဆခဲ့ပေ
သည်။

အထက်ပါ ဖော်ပြချက်များမှာ ဆရာကြီးကိုင်ရိုက သူ၏
မှတ်တမ်း၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာများပင်ဖြစ်
ပေသည်။

ထိုကဲ့သို့ ဆန်းကြယ်သောအဖြစ်အပျက်များမှာ စိတ္တဇ
ဆန်သောအဖြစ်အပျက်များဖြစ်ပြီး အစဉ်အဆက် ရှိနေခဲ့ကြ
လေသည်။

ယခု ဦးဒီပတို့မိသားစုများနှင့် သက်ဆိုင်သော ထိုပန်းချီ
ကားမှာလည်း ဆန်းကြယ်သောအမျိုးအစားထဲမှာ ပါဝင်ခဲ့လေ
သည်။





ဦးဒီပတို့မိသားစုများ သေဆုံးသွားခဲ့ကြပြီးနောက် နှစ်
ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုထူးဆန်းသော
ပန်းချီကားကတော့ ဆက်လက်ရှိနေခဲ့ပေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

## အန္တရာယ်ကို စေလံဆွဲကြရမျာ း

တစ်နေ့သ၌ ကျွန်ုပ်သည် ရေးလက်စ စာမူတစ်ပုဒ်ကို ပြီးစီးအောင် ရေးသားပြီးသွားသောကြောင့် စိတ်လက်ပေါ့ပါးစွာ ရှိနေလေသည်။

ထုံးစံအတိုင်း အလုပ်တာဝန်တစ်ခု ပြီးစီးအောင် ဆောင်ရွက်ပြီးသည်နှင့် မြို့ထဲ ထွက်ပြီး စာအုပ်ရာရကောင်းနိုးနိုး၊ ရုပ်ရှင်ရုံများ၌ တင်နေသော ရုပ်ရှင်ကားများ ဝင်ကြည့်ရကောင်းနိုးနိုး ဒါမှမဟုတ် အပေါင်းအသင်းမိတ်ဆွေများနှင့် လှည့်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လည်သွားရင်း လက်ဖက်ရည်ဆိုင်ထိုင်ကာ စကားပြောရလျှ[င်] ကောင်းနိုးနိုးနှင့် စိတ်ကူးပေါ်သမျှ လိုက်လံတွေးတောနေမိလေ[သ]သည်။

ဒါမှမဟုတ် အပြင်ထွက်ရန် စိတ်မပါလျှင်တော့ စောင်[း] ဦးဘသန်း၏ စောင်းတီးလုံးများချည်း သပ်သပ်သွင်းထားသော ခါတ်ပြားဖွင့်ပြီး နားထောင်လျှင်နားထောင်၊

ဒါမှမဟုတ်လျှင်တော့ ကျွန်ုပ်ဝါသနာပါသော ပန်းချီဆွဲ ခြင်းအလုပ်ကို လုပ်ရလျှင်ကောင်းမည်ဟု ရောက်တတ်ရာရာ တွေးတောနေမိလေသည်။

ထိုသို့သာ စိတ်ကူးရှိသမျှ တွေးတောနေသော်လည်း လက်တွေ့မှာတော့ ဘာတစ်ခုမှ မလုပ်ဖြစ်သေးဘဲ အိမ်ရှေ့ခန်း စားပွဲမှာ တစ်ယောက်တည်းထိုင်ကာ ဆေးတံသောက်နေစဉ်မှာ ပင် အိမ်ရှေ့ခြံဝန်းတံခါးပေါက်မှ ကားတစ်စင်း မောင်းဝင်လာ သည်ကို တွေ့ရလေသည်။

ကားကို မြင်ရုံနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာမင်းထင် ကျော်၏ကားဖြစ်မှန်း သိရသဖြင့် များစွာဝမ်းသာသွားမိလေ သည်။

ဘာပဲပြောပြော ဒေါက်တာမင်းထင်ကျော် ရောက်လာ လျှင်တော့ တစ်ခုခုထူးခြားမှာ အမှန်ပင်ဖြစ်သည်။

ကားရပ်သံ ကြားလိုက်ရပြီး ခဏကြာတော့ ဒေါက်တာ မင်းထင်ကျော် ဧည့်ခန်းအတွင်းသို့ ဝင်လာလေသည်။

"လာဟေ့ မောင်ထင်ကျော်၊ ဒါထက် ဘယ်က လှည့်





လာတာလဲ"

"ဆရာ့ဆီပဲ တမင်လာတာပါပဲ"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က ကုလားထိုင် ပေါ်မှာ ဝင်ထိုင်ရင်း ပြောသည်။

"ဘယ်လိုအကြောင်းကိစ္စများ ရှိလို့လဲ၊ ခရီးထွက်ကြဖို့ အကြောင်းပေါ်လာပြန်ပြီလား"

"လောလောဆယ်တော့ ခရီးထွက်ဖို့ အစီအစဉ် မရှိ သေးပါဘူး၊ ဒါပေမယ့် စိတ်ဝင်စားဖို့ကောင်းတဲ့နေရာတစ်ခုတော့ သွားဖို့ရှိတယ်၊ ဒါကြောင့် ဆရာ့ကိုပါ ဝင်ခေါ်တာ"

"ဘယ်နေရာလဲ"

"ဂျူဗလီဟော"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီး ညှိဖွာရင်း အေးအေးဆေးဆေး ပြန်ပြောလေသည်။

"ဂျူဗလီဟောမှာ ဘာများ စိတ်ဝင်စားစရာ ရှိလို့လဲ မောင်ထင်ကျော်ရဲ့၊ ကပွဲတွေလည်း မရှိတော့ဘူး မဟုတ်လား"

"ကပွဲတွေ မရှိပါဘူး၊ အခု အဲဒီမှာ ရှေးဟောင်းပစ္စည်း အတော်များများကို လေလံချရောင်းလိမ့်မယ်၊ ကိုယ်ကြိုက်တဲ့ ပစ္စည်းလေးတွေ တွေ့လိုတွေ့ငြား သွားကြည့်ကြရအောင်လို့ပါ"

ရှေးဟောင်းပစ္စည်းဆိုသဖြင့် ကျွန်ုပ်လည်း စိတ်ဝင်စား သွားလေသည်။

"ဒါထက် ဆရာ့ကို မေးရဦးမယ်"

"မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေးဟောင်းပန်းချီကားတွေထဲမှာ ထူးခြားတဲ့ ပန်းချီကားတွေ ရှိတယ်မဟုတ်လား"

"အများကြီး ရှိတာပေါ့၊ ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်းချီနဲ့ ခေတ်ပြိုင်ဖြစ်ခဲ့တဲ့ မိုက်ကယ်အန်ဂျလို ရေးဆွဲခဲ့တဲ့ 'လူဖန်ဆင်းခြင်းနှင့် နောက်ဆုံးတရားစီရင်ခြင်း' ဆိုတဲ့ပန်းချီကားမျိုးတွေဟာ ထူးခြားမှုအရှိဆုံး ပန်းချီကားတွေပေါ့၊

အချို့ပန်းချီကားတွေဆိုရင် ဘယ်လောက်အထိ ဆန်းကြယ်သလဲဆိုရင် မူလနေရာမှာ မိုးရွာနေတယ်ဆိုရင် ပန်းချီကားထဲမှာ မိုးရွာနေတယ်၊ မူလနေရာက နှင်းကျနေတယ်ဆိုရင် ပန်းချီကားအတွင်းမှာလည်း နှင်းကျနေတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ဒါတင် ဘယ်ကမလဲ၊ ညအချိန်မှာ ကြည့်ရပေမယ့် မူလနေရာမှာ နေထွက်နေမယ်ဆိုရင် ပန်းချီကားအတွင်းမှာလည်း နေထွက်ပြီး လင်းနေတယ်၊ ဒီမှာ နေ့ဘက် အလင်းရောင်ရှိတဲ့အချိန်မှာ ကြည့်တယ်ဆိုပေမယ့် မူလနေရာမှာ ညအချိန်ရောက်နေခဲ့ရင် ပန်းချီကားထဲမှာလည်း အမှောင်ဖုံးနေတာ တွေ့ရတယ်"

"ဒါက ဘာသဘောမျိုးလဲ ဆရာ"

"ရိုးရိုးလေးပဲ ပြောရရင်တော့ ပန်းချီကားအတွင်းကို သဘာဝရဲ့အငွေ့အသက်တွေ၊ ဒါမှမဟုတ် တစ်နည်းပြောရရင် သဘာဝရဲ့မူလဝိညာဉ်တွေ ပူးကပ်နေတယ်လို့ပြောလို့ရပါတယ်"

"ဒီလိုဆိုရင် ကိုရီးယားနဲ့တရုတ်ပြည်တွေဘက်မှာ ထူး





ဆန်းတဲ့ပန်းချီကားတွေက ဒါမျိုးတွေ ဖြစ်မှာပေါ့၊

ရုပ်ပုံပန်းချီကားချပ်ထဲ့က လူကို အပြင်ထုတ်ပြီးတော့ ခိုင်းချင်ရာခိုင်းပြီးမှ ပန်းချီကားထဲ ပြန်ပို့လိုက်တာ ကြားဖူးတယ်၊ ဒီပန်းချီကားမျိုးကျတော့ မှော်ဝင်ပန်းချီကားမျိုး ဖြစ်မှာပေါ့နော်"

"ဒါကတော့ သူ့နေရာနဲ့သူ အခေါ်အဝေါ်အမျိုးမျိုးတော့ ရှိတာပေါ့၊ အမှန်တော့ ပန်းချီကားထဲမှာ ပူးကပ်နေတဲ့ ဝိညာဉ်ကို အသုံးချတာမျိုးလည်း ဖြစ်နိုင်တာပေါ့"

"ကျွန်တော်တို့ဆီမှာရော ဒီလိုထူးဆန်းတဲ့ပန်းချီကားမျိုး ရှိခဲ့ဖူးသလား ဆရာ"

ကျွန်ုပ်က ဆေးတံကို ပြန်ချပြီး လက်ဖက်ရည်ကြမ်းထည့်ထားသောပန်းကန်ကိုယူကာ တစ်ငုံသောက်လိုက်သည်။

"ရှိခဲ့ဖူးပါတယ်. . . သက္ကရာဇ်(၈၈၀)ကျော်ကာလလောက်က အင်းဝဘက်မှာ ပန်းချီကားတစ်ချပ် ပေါ်ခဲ့ဖူးတယ်၊ ဆွဲတဲ့ပန်းချီဆရာရဲ့အမည်တော့ မသိတော့ဘူး၊ ပန်းချီကားရဲ့အမည်က 'ပါးကွက်သား' တဲ့"

"နာမည်ကြားရုံနဲ့ ကြောက်စရာပါလား"

"ပန်းချီကားကို မြင်ရင် ဒီထက်ပိုပြီး ကြောက်စရာကောင်းသေးတယ်၊ ဆွဲထားတဲ့ပုံက တစ်ကိုယ်လုံး ဆေးမင်ကြောင်တွေ ထိုးပြီး ခါးတောင်းမြှောင်အောင် ကျိုက်ထားတဲ့ ပါးကွက်သားကြီးတစ်ယောက်ရဲ့ပုံပဲ၊

လက်ထဲမှာလည်း သွေးစွန်းနေတဲ့ဓါးကြီးကို ကိုင်ထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြောတဲ့ပုံကို မျက်စိထဲမှာ ပုံဖော်ကြည့်တာနဲ့တင် ပဲ ကြောက်စရာအတော်ကောင်းနေပြီ၊ အဲဒီပန်းချီကားရဲ့ထူးခြား မှုက ဘယ်လိုတဲ့တဲ့"

"ပါးကွက်သား ပန်းချီကားကို ဆွဲထားပုံက လက်ရာ ကောင်းလွန်းတော့ တွေ့တဲ့လူတိုင်းက သဘောကျကြတယ်၊ ဒါပေမယ့် အဲဒီပန်းချီကားကို ဝယ်သူတိုင်း အသက်ခံကြရတယ်"

"ဘယ်လိုအသက်ခံရတာလဲ ဆရာ"

"လည်ပင်းကို ဓါးနဲ့ အဖြတ်ခံရလို့ သေတာချည်းပဲ၊ အဲဒီ လို သေသွားပြီးတဲ့နောက်မှာ ပန်းချီကားထဲက ပါးကွက်သား ကိုင်ထားတဲ့ဓါးမှာ သွေးတွေစွန်းနေတာ တွေ့ကြရတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ဒါထက်ဆန်းကြယ်တာ ရှိသေးတယ်၊ ညအချိန်ရောက် လာပြီဆိုတာနဲ့ အဲဒီပန်းချီကားထဲမှာ ဆွဲထားတဲ့ ပါးကွက်သား ကြီးရဲ့ပုံက အသက်ဝင်လာသလို ဖြစ်လာပြီး ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲလာတတ်တယ်လို့ ပြောကြတယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားသလဲ ဆရာ"

"နောက်ပိုင်းမှာတော့ ဘယ်သူမှ ယူမထားဝံ့တော့တာနဲ့ နောက်ဆုံး ပိုင်တဲ့သူက မီးရှို့ဖျက်ဆီးပစ်လိုက်တယ်လို့ ပြော တယ်"

"နှမြောစရာကောင်းလိုက်တာ ဆရာရယ်၊ တကယ်လို့ သာ အခုအချိန်ထိ ရှိနေဦးမယ်ဆိုရင် အဲဒီပန်းချီကားရဲ့လျှို့ဝှက် ချက်ကို ရှာလို့တွေ့ချင်တွေ့နိုင်မှာပေါ့"





ဟု ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီး ကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်သည်။

"ဒါထက် မောင်ထင်ကျော်က ရှေးဟောင်းပစ္စည်းတွေ လေလံပစ်တဲ့ဆီကို သွားမှာဆိုတော့ ဘာပစ္စည်းကို လိုချင်လို့ သွားမှာလဲ"

"ဝယ်မလို့တော့ မဟုတ်ပါဘူး၊ ကြည့်ချင်လို့ သွားမှာပါ"

"ဘယ်လိုပစ္စည်းမျိုးလဲ"

"ပန်းချီကားတစ်ချပ်ပါ"

ထိုစကားကြောင့် ကျွန်ုပ်မှာ များစွာအံ့ဩသွားမိလေ သည်။

"ဘယ်လိုပန်းချီကားမျိုးလဲ မောင်ထင်ကျော်ရဲ့. . . ပြောပါဦး"

"ကျိန်စာသင့်နေတဲ့ ပန်းချီကားတစ်ချပ်လို့ ပြောရင် ပိုပြီးမှန်မယ်၊ ဟိုရောက်တော့ ဆရာကိုယ်တိုင် တွေ့ရပါလိမ့်မယ်၊ ဒီအချိန်လောက်ဆိုရင် ပြခန်းဖွင့်လောက်ရော့မယ်. . . သွားကြ ရအောင်"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း အဝတ်အစားလဲပြီးနောက် ၎င်းခေါ်ရာနောက်သို့ လိုက်ခဲ့လေသည်။

နှစ်ယောက်သား ကားနှင့် ရွှေခုံတိုင်(ယခုရွှေဂုံတိုင်) ဘက်မှ ကြားတောရလမ်းဘက်မှ ဆင်းကာ ရွှေတိဂုံဘုရားလမ်း ဘက်သို့ မောင်းလာခဲ့ကြလေသည်။

ဂျူဗလီဟောမှာ ရွှေတိဂုံဘုရားလမ်းပေါ်၌ တည်ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒဂုံမြို့နယ်အတွင်း ယခု စစ်သမိုင်းပြတိုက်နေရာမှာ ကိုလိုနီခေတ်က ဂျူဗလီဟော(Jubilee Hall) အဆောက်အအုံကြီး တည်ရှိရာနေရာဖြစ်၏။

မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်သို့ ကျရောက်သွားပြီးနောက် (၁၈၉၇)ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် ဝိတိုရိယဘုရင်မ၏နန်းစံ(၂၅)နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်အဖြစ် ဂျူဗလီဟောကို စတင်အုတ်မြစ်ချခဲ့၏။

အင်္ဂလန်နိုင်ငံရှိ ပြဇာတ်ရုံများကဲ့သို့ ဇာတ်ခုံစင်မြင့်၊ ဝဲယာခန်းမဆောင်၊ ပွဲကြည့်ဆောင်များနှင့်တကွ ဆောက်လုပ်ခဲ့ရာ သုံးနှစ်အကြာ (၁၈၉၈)ခုနှစ်တွင် ပြီးစီးပါသည်။

ဂျူဗလီဟောသည် ကိုလိုနီခေတ်တစ်လျှောက် အရေးပါသော သမိုင်းဖြစ်ရပ်များနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်လျက်ရှိ၏။

(၁၉၂၁)ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ဘွဲ့နှင်းသဘင်အခမ်းအနားကို ဂျူဗလီဟော၌ ကျင်းပရာ Sir Reginald Craddock က လယ်တီဆရာတော်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးအပ်ခဲ့သည်။

နောက်ပိုင်းတွင် မိုးရာသီ ကပွဲရုံ ဖြစ်လာခဲ့ပြီး (၁၉၄၇)ခုနှစ်၊ မေလ(၁၉)ရက်နေ့တွင် ဖဆပလ ပဏာမ ညီလာခံကို ဂျူဗလီဟော၌ ကျင်းပခဲ့၏။

လွတ်လပ်ရေး ရရှိပြီးနောက် အမျိုးသား စာကြည့်တိုက်





အဖြစ် ပြောင်းလဲဖွင့်လှစ်ကာ တောင်လှန်ရေးကောင်စီ လက်ထက်တွင် ဖျက်သိမ်းခဲ့သည်။

(၁၉၉၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် ယင်းနေရာ၌ စစ်သမိုင်းပြတိုက်ကြီးကို ပန္နက်ချ ဆောက်လုပ်ခဲ့၏။

(၁၉၉၄)ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် စစ်သမိုင်း ပြတိုက်ကို ဖွင့်လှစ်ခဲ့သည်။

ကျွန်ုပ်တို့ သွားရောက်သောအချိန်မှာ ဂျူဗလီဟောခန်းမဆောင် ဖွင့်လှစ်စအချိန်ဖြစ်သော်လည်း လူဝင်လူထွက်များရှိနေကြပေပြီ။

အချိန်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစအချိန်ဖြစ်ပြီး တိုင်းပြည်အခြေအနေ မငြိမ်သက်သေးသောကြောင့် ထိုကဲ့သို့ပွဲမျိုး မပြုလုပ်ခဲ့သည်မှာ အတော်ကြာ ပြီ။

အရေးကြီးသော အစည်းအဝေးများနှင့် ဖဆပလ ညီလာခံကဲ့သို့ အခမ်းအနားများသာ ကျင်းပခဲ့ပြီး ယခုလို လေလံပွဲမျိုးတော့ မရှိခဲ့ပေ။

ထိုပွဲသည် ပထမဆုံးသော လေလံပွဲလည်းဖြစ်ပေသည်။ ထိုလေလံပွဲကို ကျင်းပသူမှာ ဦးကျော်မင်းဒင်ဆိုသူဖြစ်သည်။

သူသည် အသက်ငါးဆယ်ကျော်ခန့်အရွယ်ရှိပြီး တရုတ်သွေးပါသူဖြစ်သည်။

ဦးကျော်မင်းဒင်သည် ရှေးဟောင်းပစ္စည်း အရှာအဖွေကောင်းသော မုဆိုးတစ်ယောက်ဆိုက မမှားပေ။

မြန်မာပြည် တစ်နံတစ်လျား အနယ်အနယ်အရပ်ရပ်မှာ

www.burmeseclassic.com



ရှိသော ရှေးဟောင်းပစ္စည်းများကို ရှာဖွေကာ လေလံတင် ရောင်းချရာမှ ကြီးပွားချမ်းသာလာသူဖြစ်သည်။

မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်မှာ ရှိသော ရှေးဟောင်းပစ္စည်းများကိုပါ ရှာဖွေစုဆောင်းထားပြီး ကြိုက်ဈေးဖြင့် ရောင်းချလေ့ရှိသည်။

ပထမပုတ်ရဟန်းမင်းကြီး၏တောင်ဝှေး၊ ဟစ်တလာ၏ မှတ်တမ်းစာအုပ်၊ ခရစ်တော်ကို ထိုးသတ်ခဲ့သည့်လှံ၊ လက်ဝှာဏာ ဆရာကြီးကိုင်ရှိ အသုံးပြုခဲ့သော မုန်ဘီလူး အစရှိသောပစ္စည်း များအပြင် မြန်မာနိုင်ငံမှ ရှေးဟောင်းပစ္စည်း အများအပြားကို စုဆောင်းထားလေသည်။

ကင်းဝန်မင်းကြီးကွမ်းအစ်၊ ဗားမဲ့ဆရာတော်ကြီး အသုံး ပြုခဲ့သော အင်္ဂရိတ်ဖိုး၊ သီပေါမင်း မျက်နှာသစ်တော်ရေ ထည့် သည့် ရွှေဖလား၊ စုဖုရားလတ်၏လက်ဝတ်ရတနာ၊ တိုင်တားမင်း ကြီး၏ဆေးလွယ်အိတ်၊ ရတနာပုံခေတ်သုံးဒင်္ဂါးများ၊

အစရှိသော ရှားပါးသည့် ရှေးဟောင်းပစ္စည်းများ အပါ အဝင် ရှေးဟောင်းပန်းချီကားများနှင့် အနုပညာလက်ရာများစွာ တို့ကို ရှာဖွေစုဆောင်းထားပြီး လေလံတင် ရောင်းချရာမှ ကြီးပွား ချမ်းသာလာခြင်းဖြစ်သည်။

ယခုလည်း ရှေးဟောင်းပစ္စည်း အမြောက်အမြားတို့ကို စုဆောင်းထားပြီး ဂျူပလီဟောခန်းမဆောင်၌ လေလံတင် ရောင်းချခြင်းဖြစ်ပေသည်။

ထိုလေလံပွဲ၏ထူးခြားချက်မှာ အခြားရှေးဟောင်း





ပစ္စည်းများအပါအဝင် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်အချိန် ကတည်းက ရေးဆွဲထားခဲ့သော ပန်းချီကားတစ်ချပ်လည်း ပါ သည်။

ထိုပန်းချီကားမှာ နှစ်ပေါင်းများစွာ ကြာမြင့်လှပြီး ခေတ် အဆက်ဆက်၊ ပိုင်ရှင်အဆက်ဆက် ပြောင်းလာခဲ့သော ပန်းချီ ကားဖြစ်သည်။

မူလပိုင်ရှင်များမှာ ထိုပန်းချီကားကို ရေးဆွဲပြီးသည့် နောက်တွင် တစ်ယောက်ပြီးတစ်ယောက် အန္တရာယ်ဆိုးများနှင့် တွေ့ပြီး သေဆုံးသွားခဲ့ကြသည်။

နောက်ပိုင်း ပိုင်ရှင်အဆက်ဆက် ပြောင်းသွားသော် လည်း ထိုပိုင်ရှင်များမှာလည်း အကြောင်းအမျိုးမျိုး အန္တရာယ် အမျိုးမျိုးနှင့် တွေ့ပြီး သေဆုံးသွားကြရာမှ တစ်ဦးပြီးတစ်ဦး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းကာ ယခုနောက်ဆုံး ဦးကျော်မင်း ဒင်ထံသို့ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

ဦးကျော်မင်းဒင်မှာ စီးပွားရေး အကွက်မြင်သူပီပီ လေ လံပွဲ မပြုလုပ်မီ တစ်ပတ်လောက်ကပင် ထိုအချိန်က ထုတ်ဝေ သော သတင်းစာနှင့်ဂျာနယ်များတွင် ကြော်ငြာသတင်းအနေနှင့် ထည့်ခဲ့လေသည်။

ထိုသို့ထည့်ရာမှာလည်း ရှေးဟောင်းပစ္စည်းတစ်ခုချင်း ၏အကြောင်းအရာများအပြင် ပန်းချီကားနှင့် ပတ်သက်သော အကြောင်းများကိုပါ အကျယ်တဝင့် ရေးသားဖော်ပြခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြော်ငြာကို ဖတ်ရပြီးနောက် လူအများကလည်း စိတ်ဝင်စားကြလေသည်။

ထို့ကြောင့်လည်း လေလံပွဲ ဖွင့်စနေ့မှာပင် ဂျူဗလီဟော ပတ်ဝန်းကျင်မှာ ကားအတော်များများ ရောက်နေကြပြီး လူများဖြင့် စည်ကားနေလေပြီ။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့ ရောက်သွားသောအချိန်မှာ ပြခန်းဖွင့်ပြီးစချိန်ဖြစ်သောကြောင့် ပိုမိုစည်ကားနေလေသည်။

၎င်း၏ပြပွဲကို ယခုကဲ့သို့ လူအများအပြား လာရောက်ကြည့်သဖြင့် ဦးကျော်မင်းဒင်မှာ သဘောအကျကြီးကျနေလေသည်။

ရွှေသွားတဝင်းဝင်းနှင့် လာသမျှလူများကို လိုက်လံနှုတ်ဆက်လေသည်။

၎င်းသည် ရန်ကုန်မြို့ပေါ်မှ ငွေကြေးချမ်းသာသူများထံ ဖိတ်စာဖြင့် သီးသန့်ဖိတ်ကြားထားရာ ထိုသူဌေးကုန်သည်များ ရောက်လာသောအခါ ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်နေလေသည်။

ဧည့်ကြိုတာဝန်အပြင် ပြသထားသောပစ္စည်းများနှင့် ပတ်သက်ပြီး ပရိသတ်များက မေးမြန်းလာလျှင် ဖြေကြားနိုင်ရန် ဦးကျော်မင်းဒင်အပြင် ၎င်း၏သမီးဖြစ်သူ မြသီတာကိုပါ တာဝန်ပေးထားလေသည်။

မြသီတာမှာ အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး ဘွဲ့ရ





ပညာတတ် အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ဖခင်ရော မိခင်ပါ တရုတ်သွေးပါသူဖြစ်သဖြင့် သူမသည်လည်း အသားဖြူဖြူနှင့် ချောမောလှပသူတစ်ဦးဖြစ်သည်။

မြသီတာသည် သီးသန့်ဖိတ်ထားသောဧည့်သည်များ ရောက်လာလျှင် ဆီးကြိုနှုတ်ဆက်ပြီး ခန်းမအတွင်းသို့ လိုက်လံပို့ပေးနေသည်။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်တို့ကား ဝင်လာသည်ကို မြင်သောအခါ အနီးသို့ လျှောက်လာလေသည်။

ကားရပ်ပြီး နှစ်ယောက်သား အောက်သို့ ဆင်းသောအခါ သူမက ဇဝေဇဝါဖြစ်သွားဟန်ရှိသည်။

သူမအနေနှင့် ဒေါက်တာမင်းထင်ကျော်တို့ကို ယခင်က မတွေ့ဖူးသေးပေ။

"ဆရာတို့က ဖေဖေ သီးသန့်ဖိတ်စာနဲ့ ဖိတ်ထားတဲ့ ဧည့်သည်တွေလားဟင်"

"မဟုတ်ပါဘူးဗျာ. . . ကျွန်တော်တို့က ဝါသနာပါလို့ လာကြည့်ကြတာပါ"

"ဒီလိုဆိုရင်လည်း ဝင်ကြည့်ကြပါရှင်၊ သိချင်တာရှိရင်လည်း ကျွန်မကို မေးမြန်းနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုအချိန်မှာပင် ဦးကျော်မင်းဒင်က အနီးသို့ ရောက်လာပြီး ဒေါက်တာမင်းထင်ကျော်တို့ကို အကဲခတ်သလို ကြည့်သည်။

သူ ဖိတ်စာဖြင့် ဖိတ်ထားသောဧည့်သည်များ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိသောအခါ စိတ်ဝင်စားမှု ရှိဟန်မတူပေ။

"သမီး . . . ဟိုမှာ ဖိတ်ထားတဲ့ဧည့်သည်တွေ ရောက် လာပြီး သွားပြီးနှုတ်ဆက်လိုက်ဦး၊ ပြီးရင် ခန်းမဆောင်ထဲ သေသေချာချာ လိုက်ပို့ပေးလိုက်ဦး"

"ဟုတ်ကဲ့ ဖေဖေ"

မြသီတာက အနီးမှ ထွက်သွားလေသည်။

"ခင်ဗျားတို့က ဝါသနာပါလို့ လာကြည့်ကြတာလား"

"ဟုတ်ပါတယ်"

"ဒီတစ်ပတ် တင်တဲ့ပစ္စည်းတွေကတော့ တန်ဖိုးရှိ ပစ္စည်းတွေချည်းပဲ၊ တော်ရုံနဲ့တော့ အနားကပ်နိုင်မှာ မဟုတ်ဘူ

ဟု အထင်အမြင်သေးသောစကားမျိုး ပြောသဖြ ဒေါက်တာမင်းထင်ကျော်မျက်နှာမှာ တင်းခနဲ ဖြစ်သွားလေ သည်။

"ကျွန်တော်က ကမ္ဘာ့အရပ်ရပ်ကို လှည့်ပြီး ရှေးဟောင်း ပစ္စည်းတွေကို သုတေသနပြုနေတဲ့လူပါ၊ နာမည်က ဒေါက်တာ မင်းထင်ကျော်လို့ ခေါ်တယ်၊ ကျွန်တော့်နာမည်ကို ကြားဖူး သလား"

"ကြား . . ကြားဖူးပါတယ်"

"ကျွန်တော့်ဆီမှာ အီဂျစ်နဲ့ ပျောက်ဆုံးသွားတဲ့ အ လန္တိတ်မြို့ဟောင်းက ပစ္စည်းတွေနဲ့ သုဝဏ္ဏမြို့ဟောင်းက ပစ္စည် တွေ အများကြီးရှိတယ်"

ဟု ပြောလိုက်တော့မှ ဦးကျော်မင်းဒင်၏ မျက်နှာအ





အရာ ပြောင်းသွားပြီး ပျာပျာသလဲ ဖြစ်သွားလေသည်။

"အခုလို ကမ္ဘာ့အရပ်ရပ်ကို လှည့်နေတဲ့ သုတေသန ပညာရှင်တစ်ယောက်နဲ့ တွေ့ရတာ အများကြီး ဝမ်းသာပါတယ်၊ အတွင်းကို ကြွကြပါ"

ဟု ပြောဆိုကာ အနီးမှ ပြန်ထွက်သွားလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ဒီတစ်ခါတော့ မပြော ဖူး ကိုယ်ရည်ကိုယ်သွေးတွေ ထုတ်ပြောနေပါလား"

"အစွမ်းသတ္တိဆိုတာ မပြမသိ ပြမှသိမယ် မဟုတ်လား၊ ဒီလိုလူမျိုးတွေက ဒီလိုပြောမှဖြစ်မှာမို့ ပြောရတာပါ၊ သူက ကျွန်တော်တို့နှစ်ယောက်ကို အထင်သေးသလို ပြောနေတာ မဟုတ်လား"

ကျွန်ုပ်က ဘာမှမပြောတော့ဘဲ ရယ်နေလိုက်သည်။ ထို့နောက် နှစ်ယောက်သား ဂျူဗလီဟော ခန်းမဆောင်အတွင်းသို့ ဝင်ခဲ့ကြသည်။

ရှေးဟောင်းပစ္စည်းများ ပြသထားသောနေရာမှာ ပွဲက သည့်အခါ ဇာတ်စင်အဖြစ် အသုံးပြုသောစင်ပေါ်မှာ မှန်ဗီရို၊ မှန်သေတ္တာများဖြင့် ထည့်ကာ တန်းစီပြသထားလေသည်။

ခန်းမဆောင်အတွင်းမှာတော့ အများအားဖြင့် တရုတ်၊ ကုလား ကုန်သည်ပွဲစားများသာ အများဆုံး တွေ့ရပြီး မျက်နှာဖြူ အချို့လည်း တွေ့ရသည်။

မြန်မာလူမျိုး ကုန်သည်ပွဲစားကတော့ အတော်နည်းလှ သည်။ ပစ္စည်းများထားသော စင်ပေါ်သို့ ဇာတ်စင်အားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားသော လှေခါးမှ တက်ကြရသည်။

မိုးရာသီ ကပွဲရုံအဖြစ် အသုံးပြုခဲ့သောဇာတ်စင်မှ အတော်ကျယ်ဝန်းလှသည်။

ထိုနေရာ၌ ပစ္စည်းများကို သူ့နေရာနှင့်သူ စနစ်တကျ တင်ထားလေသည်။

ထိုပစ္စည်းများ၏သမိုင်းကြောင်းနှင့် သတ်မှတ်ထား သော လေလံကြမ်းခင်းဈေးများကိုလည်း အင်္ဂလိပ်-မြန်မာ နှစ် ဘာသာနှင့် ရိုက်နှိပ်ကာ ကပ်ထားလေသည်။

စင်ပေါ်၌ မြသီတာကိုလည်း တွေ့ရသည်။

သူမသည် တရုတ်ကုန်သည်တစ်ယောက်ကို လေလံ ပစ္စည်းတစ်ခုအကြောင်းကို ပြောပြနေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့သည် စင်ပေါ်မှ ပြသထားသော အခြားပစ္စည်းများကို ကြည့်ရှုသာကြည့်ပြီး ပန်း ကား ထားသောနေရာဘက်သို့ လာခဲ့ကြသည်။

ပန်းချီကား ထားသောနေရာမှာ စင်ထောင့်ဘက် သီးသန့်နေရာ၌ ဖြစ်သည်။

ပန်းချီကားနေရာတွင် ကြည့်ရှုသူ အတော်များသည် သတင်းစာနှင့်ဂျာနယ်များတွင် တစ်ပတ်ခန့် ကြာအော ကြော်ငြာအညွှန်း ထည့်ထားသောကြောင့် ထိုမျှ စိတ်ဝင်စားသ များနေဟန်ရှိသည်။

ပန်းချီကားကို အများမြင်သာအောင် စင်မြင့်ပေါ်မှ ချိတ်ထားပြီး ပန်းချီကား ရေးဆွဲခဲ့သောခုနှစ်နှင့် ပန်းချီကား





အတွင်းမှာ ပါဝင်သော မိသားစုများ၏ အမည်နာမများကို ရေးသားဖော်ပြထားသည်။

ထိုပန်းချီကားမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသည်ဟုသာ ရေးသားထားသော်လည်း မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကိုတော့ ဖော်ပြမထားပေ။

ဦးကျော်မင်းဒင်အနေနှင့် ထိုပန်းချီကား ရာဇဝင်ကို မသိသဖြင့် မရေးသလား၊

ဒါမှမဟုတ် အဖြစ်မှန်အတိုင်း ရေးလိုက်လျှင် လေလံဆွဲမည့်သူက ကြောက်ရွံ့ပြီး မဝယ်ဘဲ နေမည်စိုးသောကြောင့် မရေးဘဲ ထားသလားတော့ မပြောတတ်ပေ။

ပန်းချီကား ရေးဆွဲခဲ့သောခုနှစ်မှာ သီပေါမင်း ပါတော်မူပြီးစ (၁၈၈၅)ခုနှစ် ဒီဇင်ဘာလ၌ဖြစ်ပြီး ပန်းချီကားအတွင်းမှ မိသားစုများ၏အမည်မှာ. . .

ဦးဒီပ၊ ဒေါ်ငွေရုံ၊ ရွှေလှ၊ ရွှေရည်၊ ဦးရန်နောင်နှင့် မာလာတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

မိသားစုများ၏ပုံကို ရေးဆွဲထားသည်ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး ပုံသဏ္ဍာန်ချင်း မတူကြပေ။

ပန်းချီကားကို အညိုရောင်၊ အနီရောင်နှင့် အနက်ရောင်များကို အသုံးပြုပြီး ရေးဆွဲထားသော ဆီဆေးကား ဖြစ်သောကြောင့် ခပ်မှိုင်းမှိုင်းဖြစ်နေသည်။

ပန်းချီကား၏ထူးခြားချက်မှာ မျက်နှာအမူအရာများပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး မျက်နှာပေါက်ချင်း မတူကြသော
လည်း ရက်စက်ကြမ်းကြုတ်ခြင်းနှင့် တင်းမာခက်ထန်ပုံချင်း
တော့ တူညီကြသည်။

နောက်တစ်ချက်မှာ ပန်းချီကားထဲမှ ရုပ်ပုံများသည်
ပန်းချီကားကြည့်နေသူ ရွေ့လျားရာနောက်သို့ လိုက်ကြည့်နေ
ဟန်ရှိသည်။

အုတ်ခွက်ဘုရားပုံတော်များ ထုလုပ်ရာတွင် ကြည့်သူ
ဘက်သို့ လိုက်လှည့်နေသကဲ့သို့ ဖြစ်နေအောင် ရေးဆွဲထားခြင်း
ဖြစ်ဟန်ရှိသည်။

"ဆရာ. . . ပန်းချီကားကို ကြည့်တော့ ထူးခြားမှု ဘာ
တွေ့ရသလဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုး မေးသည်။

"ကျုပ်ကတော့ ပန်းချီပညာနဲ့ ပတ်သက်ပြီး သိပ်နား
မလည်လှပါဘူး၊ ဒါပေမယ့် ဒီပန်းချီကား ကြည့်ရတာတော့ တစ်
ခုခု ထူးခြားနေတယ်လို့ စိတ်ထဲမှာ ထင်နေမိတယ်"

"တစ်ခု ဘယ်ကမလဲ ဆရာရဲ့၊ ဒီပန်းချီကားမှာ ထူးခြား
ချက်တွေ အများကြီးရှိနေတာပဲ၊ အထူးခြားဆုံးက ရေးဆွဲခဲ့တဲ့
ခုနှစ်သက္ကရာဇ်သာ ပါပြီး ပန်းချီကားတစ်ခုလုံးရဲ့အမိကကျတဲ့
ပန်းချီရေးဆွဲခဲ့တဲ့လူရဲ့ နာမည်နဲ့လက်မှတ် မပါဘူးလေ"

"အင်း. . . ဒါလည်း ဟုတ်တာပဲ၊ နောက်တစ်ချက်က
ပန်းချီကားထဲမှာ ပါတဲ့လူတွေရဲ့မျက်နှာတွေက ရန်လိုနေတဲ့
မျက်နှာမျိုးတွေချည်းပဲ၊ နောက်တစ်ချက် လက်ထဲမှာ သင်တုန်း





ခါးတွေ ကိုင်ထားတာရော ဘယ်လိုအဓိပ္ပါယ်လဲ"

"ဒါကတော့ ဒီပန်းချီကားကို ရေးခိုင်းခဲ့တဲ့လူရဲ့စိတ်ကူး ဖြစ်မယ်ထင်ပါတယ်၊ ဆရာကြည့်စမ်းပါ။ ဟို. . ဦးဒီပဆိုတဲ့လူကြီးရဲ့မျက်နှာက ကျွန်တော်တို့ကို လိုက်ကြည့်နေသလိုပဲ၊ နောက်ပြီး သူ့မျက်လုံးတွေက ကျွန်တော်တို့ကို စိုက်ကြည့်နေသလိုပဲ"

"ဟုတ်ပါရဲ့. . . သူ့လက်ထဲမှာ ကိုင်ထားတဲ့ သင်တုန်းခါးမှာလည်း သွေးတွေ စွန်းနေသလိုပဲ၊ ကျုပ်တော့ ဒီပန်းချီကားကို ကြည့်ရင်းနဲ့ စိတ်ထဲမှာ ကြောက်လာသလိုပဲ"

ထိုသို့ပြောဆိုနေကြစဉ် ထိုနေရာသို့ ဦးကျော်မင်းဒင်၊ မြသီတာနှင့် အခြားနှစ်ယောက်တို့ ရောက်လာကြသည်။

ဦးကျော်မင်းဒင်တို့နောက်မှ လိုက်လာသော နှစ်ယောက်မှာ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်တို့ ဖြစ်ကြပြီး တရုတ်လူမျိုးလင်မယား ဖြစ်ကြဟန်ရှိသည်။

ယောကျ်ားမှာ အရပ်ပုပု၊ ဗိုက်ရွဲရွဲနှင့်ဖြစ်သည်။

ဦးကျော်မင်းဒင်တို့ ရောက်လာသောအခါ ထိုနေရာမှာ ရပ်ကြည့်နေကြသူများက နေရာဖယ်ပေးကြသည်။

ဦးကျော်မင်းဒင်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် အားလုံးကြားအောင် ပြောပြသည်။

"သူတို့နှစ်ယောက်က ဒီပန်းချီကားကို ဝယ်ယူကြမယ့်သူများ ဖြစ်ပါတယ်၊ ပန်းချီကားရဲ့သက်တမ်းဟာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီမို့ ရှေးဟောင်းပစ္စည်းတစ်ခုလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်၊ အများတွေ့မြင်တဲ့အတိုင်းပါပဲ၊ ပန်းချီကားကို ရေးဆွဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထားတာကလည်း အတော်ကလေး လက်ရာမြောက်လှပါတယ်"

ဦးကျော်မင်းဒင် စကားသံ ရပ်သွားတော့ တိတ်ဆိတ်သွားလေသည်။

"ဒီပန်းချီကားရဲ့ရောင်းမယ့် လေလံကြမ်းခင်းဈေးက အောက်ဘက်မှာ ရေးထားပါတယ်၊ ဝယ်ယူမယ့်သူကတော့ ဝက်သူဌေး ဦးဟန်စိန်တို့လင်မယားဖြစ်ပါတယ်၊ သူတို့ပေးတဲ့ဈေးထက် ပိုပေးမယ့်သူများ ရှိပါသေးသလားခင်ဗျာ"

"..........."

"ပိုပေးချင်တဲ့လူများ ရှိပါသေးသလားခင်ဗျား"

".........."

"ပိုပေးနိုင်တဲ့လူများ ရှိပါသေးသလားခင်ဗျား"

ဦးကျော်မင်းဒင်က အနီးအနားမှာ ရှိနေကြသူများကို မခံချင်အောင် မေးနေသော်လည်း တစ်ဦးတစ်ယောက်ထံမှ အသံမထွက်ကြပေ။

သို့ကြောင့် နောက်ဆုံးမှာတော့ ဝက်သူဌေး ဦးဟန်စိန်တို့ လင်မယားနှစ်ယောက်ကို ရောင်းချလိုက်လေသည်။

ပန်းချီကားကြီးကို ဖြုတ်ပြီး အလုပ်သမားများက ထုပ်ပိုးနေကြစဉ် ဒေါက်တာမင်းထင်ကျော်တို့လည်း နေရာမှ ထွက်လာကြပြီး အခြားပြထားသောပစ္စည်းများကို လိုက်လံကြည့်ရှုကြလေသည်။







# အခန်း(၇)

## လမ်းမတော်မှ နှစ်လောင်းပြိုင်ရှုသတ်မှု

ဦးဟန်စိန်နှင့် ဒေါ်ဌေးဌေးကြည်တို့လင်မယားမှာ ငွေကြေးချမ်းသာသောကြောင့်သာ ဦးတပ်ခေါ်ကြရသော်လည်း အရွယ်မကြီးလှသေးဘဲ အသက်သုံးဆယ်ကျော် လေးဆယ်ပတ်ဝန်းကျင်သာ ရှိကြသေးသည်။

ကိုဟန်စိန်က ဝက်ထောင်ကဲတစ်ယောက်ဖြစ်သည်။ ၎င်းပိုင်ဆိုင်သော ဝက်ရုံများမှာ ဒလဘက်ကမ်း၌ရှိပြီး အလုပ်သမားများနှင့် ထားလေသည်။ နံနက်တိုင်း ဝက်ရုံအတွင်းမှာ

www.burmeseclassic.com



ဝက်များကိုသတ်ပြီး ရန်ကုန်ရှိ ဈေးများသို့ ဖောက်သည်တင်ပို့ပေးလေသည်။

ဝက်သားကို ရေထိုးသောနည်းအမျိုးမျိုးရှိရာ ထိုနည်းများကိုလည်း ကောင်းစွာကျွမ်းကျင်လေသည်။

လူမသိအောင် ရေထိုးနည်းများသုံးပြီး အချိန်တိုးအောင်ပြုလုပ်နိုင်သူလည်း ဖြစ်သည်။

ထို့ပြင် အသားမလတ်သော ဝက်သားများကို ယခုချက်ချင်း သတ်ယူလာသော ဝက်သားကဲ့သို့ဖြစ်အောင်လည်း စီစဉ်နိုင်သည်။

သူသည် ဝက်ခန့်မှန်းရာ ကျွမ်းကျင်သော အလုပ်သမားများကို ငွေပေးပြီး တောရွာများသို့ လွှတ်ကာ ဝက်ဝယ်နိုင်းသည်။ ဝယ်၍ရသောဝက်များကို ဒလမှာရှိသော ခြံထဲမှာ လှောင်ကာ အစားကောင်းကောင်း ကျွေးမွေးထားသည်။

တွက်ခြေကိုက်လောက်သော အနေအထား ရောက်တော့မှ သတ်ဖြတ်ပြီး ဈေးသို့တင်ပို့လေ့ရှိသည်။

သူသည် လုပ်သက်ကြာမြင့်လာပြီဖြစ်သောကြောင့် ဝက်တစ်ကောင်ကို ကတ္တားနှင့်ပင် ချိန်စရာမလိုဘဲ ဝက်ခြေထောက်ကို လက်ဖြင့် ဆုပ်ကိုင်ကြည့်ရုံနှင့် အလေးချိန် ဘယ်လောက်ထွက်နိုင်မည်ကို အတပ်ပြောနိုင်သူဖြစ်သည်။

ယခုလည်း တရုတ်နှစ်သစ်ကူးပွဲတော်ရက် အတွင်း၌ ဝက်သားပိဿာချိန် အတော်များများ ရောင်းချရသဖြင့် ငွေရွှင်နေသောအချိန်ဖြစ်ပေရာ အားလပ်ရက်တွင် ဂျူဗလီဟောမှ ဦး





ကျော်မင်းဒင် လေလံပွဲသို့သွားပြီး ပန်းချီကားကြီးကို ဝယ်ယူလာခြင်းဖြစ်လေသည်။

ထိုသို့ဝယ်ယူလာသည်ကို မိန်းမဖြစ်သူက လုံးဝသဘောမကျပေ။

"ကိုဟန်စိန်. . . ရှင်က ဝက်သားရောင်းနေတဲ့သူ၊ အနုပညာသမားလည်း မဟုတ်၊ အနုပညာအကြောင်းကိုလည်း ဘာမှ နားလည်တာ မဟုတ်ဘဲနဲ့. . ဘာကြောင့် ပိုက်ဆံအကုန်ခံပြီး ဒီပန်းချီကားကြီးကို ဝယ်လာခဲ့တာလဲဟင်"

"သဘောကျလို့ပေါ့ကွာ"

ကိုဟန်စိန် သူဝယ်လာသော ပန်းချီကားကြီးကို ဧည့်ခန်းတစ်နေရာမှာ အကျအန ချိတ်ဆွဲနေရင်းမှ ခပ်တိုတိုပင် ပြန်ပြောသည်။

"ဘာကို သဘောကျတာလဲ၊ ကျုပ်ကိုလည်း ပြောပါဦး"

"ငါက ပန်းချီကားအကြောင်းကို နားမလည်ပေမယ့် ဒီပန်းချီကားကိုတော့ သဘောကျတယ်၊ မင်းကြည့်ပါလား၊ ဒီပန်းချီကားထဲမှာပါတဲ့ လူတွေရဲ့မျက်နှာတွေက ဘယ်လောက်အသက်ဝင်နေသလဲ၊ ကြည့်ရင်းနဲ့ ကြောက်စရာမကောင်းဘူးလား"

"ကြောက်စရာကောင်းတဲ့ပန်းချီကားကြီးကို ဘာကြောင့်ဝယ်ပြီးချိတ်နေရတာလဲ"

"ငါက ဝက်သတ်သမားဘဝကနေ ကြီးပွားလာပြီး အခုလို ထောင်ကဲဘဝ ရောက်လာတာဆိုတော့ ရက်စက်ကြမ်းကြုတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှုအရာတွေကို သဘောကျတယ်၊ နောက်ပြီး ပန်းချီကား ထဲမှာပါတဲ့လူကြီးက ငါ့ကို ကြည့်ပြီး ပန်းချီကားကို ဝယ်ဖို့ ပြော နေသလိုပဲကွ”

ဟု ပြောသောအခါ ဇနီးဖြစ်သူ ဒွေးဒွေးကြည်မှာ များစွာ စိတ်ပျက်သွားလေသည်။

သို့သော်လည်း ဝယ်ယူလာပြီးမှတော့ မည်သို့မှ မတတ် နိုင်တော့သဖြင့် ဒီအတိုင်းပင် ကြည့်နေရတော့သည်။

ညအချိန်ရောက်သောအခါ လင်မယားနှစ်ယောက် အ ပေါ်ထပ်အိပ်ခန်းသို့ တက်အိပ်ကြလေသည်။

ညဘက် တစ်ရေးနိုးသောအခါ အောက်ထပ်မှ လမ်း လျှောက်နေသောအသံအချို့ကို ကြားရသဖြင့် ကိုဟန်စိန်က ဒွေး ဒွေးကြည်ကို အိပ်ရာမှ နှိုးပြောသည်။

“အကြည် . . . ထပါဦး၊ အောက်ထပ်က ခြေသံကြားရ သလိုပဲ၊ ငါတို့အိမ်ထဲ သူခိုးများ ဝင်နေရော့သလား မသိဘူး”

ဟု ပြောပြီး လင်မယားနှစ်ယောက် အောက်ထပ်သို့ ဆင်းကြည့်ကြသည်။

ရင်းတို့ ဆင်းကြည့်တော့လည်း ဘာမှမတွေ့ရပေ။

အပေါ်ထပ်သို့ ပြန်တက်လာသောအခါ တရှပ်ရှပ်နှင့် သွားလာနေသောခြေသံများကို ကြားရပြန်သည်။

နောက်တစ်ကြိမ် မသင်္ကာသဖြင့် ဆင်းကြည့်ပြန်တော့ လည်း မူလအခြေအနေအတိုင်း ဘာမှမတွေ့ရပေ။

ထိုညက တစ်ညလုံး ကောင်းစွာမအိပ်ကြရဘဲ အိပ်





လိုက် ခြေသံကြားလိုက် ထကြည့်လိုက်နှင့် ဖြစ်နေကြသည်။

နံနက်လေးနာရီထိုးသောအခါ ကိုဟန်စိန်က ဆိပ်ကမ်း သို့ ဆင်းသွားလေသည်။

ရင်းတို့ နေသောလမ်းမှာ လမ်းမတော်ဖြစ်သောကြောင့် ဆိပ်ကမ်းနှင့် မဝေးလှပေ။

ကိုဟန်စိန်သည် မနက်လေးနာရီကျော်သည်နှင့် ဆိပ် ကမ်းသို့ ဆင်းလေ့ရှိသည်။

ထိုအချိန်တွင် ဒလဘက်ကမ်းမှာ ရှိသော ဝက်ရုံမှ ဝက် များကို ပေါ်ပြီး ရောင်းချရန် အဆင်သင့်ပြင်ကာ သမ္ဗန်များနှင့် တင်ကာ ညောင်ပင်လေးဈေးဆိပ်သို့ လာပို့ပေးကြသည်။

ထိုအချိန်မှာ ကိုဟန်စိန်က စောင့်ပြီး ရန်ကုန်မြို့ပေါ်မှ ဖောက်သည်ဆိုင်များ၊ အော်ဒါမှာထားသူများကို ပို့ပေးရလေ သည်။

ဝက်သားပို့ပေးရုံနှင့် မပြီးသေးဘဲ ဆိုင်များမှ ဝက်သား ဖိုးငွေများကို စောင့်သိမ်းပြီး လိုအပ်လျှင် ဒလဘက်ကမ်းသို့ သမ္ဗန်ဖြင့် ကူးကာ ဝက်ရုံအခြေအနေများကို သွားကြည့်ရသေး သည်။

သို့ကြောင့် တော်တော်နှင့် အိမ်ပြန်မရောက်နိုင်ပေ။ ထိုအချိန်တွင် အိမ်မှာ ဒွေးဒွေးကြည်တစ်ယောက်တည်း ကျန် နေခဲ့သည်။

ဒွေးဒွေးကြည်မှာ အသက်သုံးဆယ်ကျော်အရွယ်သာ ရှိသေးပြီး ကိုယ်လုံးကိုယ်ထည်တောင့်ပြီး အတန်အသင့် ချော



www.burmeseclassic.com

www.burmeseclassic.com



မောသူ ဖြစ်သည်။

သူမတစ်ယောက်တည်း ကျန်နေခဲ့စဉ် အောက်ထပ်မှ တံခါးခေါက်သံ ကြားရသဖြင့် အိပ်နေရာမှ ထကာ ကပျာကယာ အောက်ဆင်းသွားပြီး တံခါးဖွင့်ပေးလိုက်သည်။

တံခါးပေါက်ဝမှာ တရုတ်ကပြား လူရွယ်တစ်ယောက် ရပ်နေသည်ကို တွေ့ရသဖြင့် တံခါးဖွင့်ပေးလိုက်ပြီး အတွင်းသို့ ရောက်သည်နှင့် ကပျာကယာ ပြန်ပိတ်လိုက်သည်။

အတွင်းရောက်လာသော လူရွယ်မှာ အသက်သုံးဆယ် အရွယ်ခန့်ရှိပြီး စိန်သန်းဆိုသူဖြစ်သည်။

စိန်သန်းသည် ကိုဟန်စိန်၏အလုပ်သမားတစ်ယောက် ဖြစ်ပြီး နယ်လှည့်၍ ဝက်ဝယ်ရသည့်အလုပ် လုပ်နေသူဖြစ် သည်။ ဝက်ဖမ်းရာ၌သော်လည်းကောင်း၊ ဝက်သတ်ရာ၌သော် လည်းကောင်း များစွာကျွမ်းကျင်လှသောကြောင့် ကိုဟန်စိန်က လက်သပ်မွေးထားသောတပည့်တစ်ဦးဖြစ်သည်။

သူသည် အိမ်သို့ အဝင်အထွက်ရှိရာမှ မြေးမြေးကြည် နှင့် ငြိစွန်းနေသူဖြစ်သည်။

ကိုဟန်စိန် မရှိလျှင် အိမ်သို့ ရောက်လာလေ့ရှိသည်။

"နင်ကလည်း အတင့်ရဲလိုက်တာ၊ တော်ကြာ ကိုဟန်စိန် ပြန်လာလို့ တွေ့သွားမှ ခက်ကုန်တော့မယ်"

"မခက်ပါဘူး အစ်မရာ၊ အစ်မယောက်ျားကြီး ဆင် လိုက်ဘက်က ဝက်ပွဲစားတွေနဲ့ လိုက်သွားတာတွေ့မှ လာခဲ့တာ ပါ၊ ဘာလဲ. . . အစ်မက ကျွန်တော်လာတာ မကြိုက်လို့လား





"မဟုတ်ပါဘူးဟယ်. . . စိုးရိမ်လို့ပြောတာပါ၊ ဒါထက် နင့်တစ်ကိုယ်လုံးကလည်း နံစော်နေတာပဲ"

"ဝက်ရုံက လာပါတယ်ဆိုမှတော့ နံမှာပေါ့"

"ဒီလိုဆိုရင် ရေချိုးခန်းထဲမှာ ရေသွားချိုးလိုက်ဦး၊ ငါ အပေါ်ကပဲ စောင့်နေတော့မယ်"

ဟု ပြောသဖြင့် စိန်သန်းက ရေချိုးခန်းရှိသော အ နောက်ဘက်အခန်းသို့ ဝင်သွားရာ မြေးမြေးကြည်လည်း အပေါ် ထပ် ပြန်တက်ခဲ့သည်။

အပေါ်ထပ် တက်ကာနီးမှာ လှေခါးနှင့် မနီးမဝေး နံရံ ပေါ်မှာ ချိတ်ထားသော ပန်းချီကားရှိရာသို့ အမှတ်တမဲ့တစ်ချက် ကြည့်လိုက်မိသေးသည်။

သူမစိတ်ထဲမှာ ပန်းချီကားမှာ တစ်ခုခု လိုနေသကဲ့သို့ ထင်လိုက်မိသော်လည်း ဘယ်အရာ လိုနေမှန်းတော့ သေသေ ချာချာ မသိပေ။

သို့ကြောင့် အပေါ်ထပ် ဆက်တက်လာရာ လှေခါးထိပ် နားရောက်တော့ မိမိအခန်းထဲသို့ လှစ်ခနဲ ဝင်သွားသော သဏ္ဍာန်တစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသဖြင့် ဇဝေဇဝါဖြစ် သွားလေသည်။

ရေချိုးခန်းထဲ ဝင်သွားသောစိန်သန်းကတော့ သူမ အ ရင် အခန်းတွင်း ရောက်နေသည်တော့ ဘယ်နည်းမှ မဖြစ်နိုင် ပေ။ ဇဝေဇဝါနှင့် အခန်းပေါက်ဝ ရောက်လာပြီး သေချာအောင် ကြည့်ပြန်တော့လည်း အခန်းထဲမှာ မည်သူမှမရှိပေ။ သို့ကြောင့်

www.burmeseclassic.com



အခန်းတွင်းဝင်ပြီး ခုတင်ပေါ်ကို လှဲချလိုက်သည်။

သို့တိုင်အောင် စိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်ထိတ်လ

နေသလို ခံစားနေရသည်။

အတန်ကြာတော့ အောက်ထပ်မှ တက်လာသော ခြေ

သံကို ကြားရလေသည်။

စိန်သန်း ဖြစ်မည်ထင်သောကြောင့် တစ်ဖက်သို့ စောင်

လှည့်လိုက်သည်။

မကြာမီ တဖျပ်ဖျပ်နှင့် လျှောက်လာသောအသံ တရ

ရှပ်နှင့် အခန်းတွင်း ဝင်လာသောခြေသံများကို ကြားနေရသည်

တစ်စုံတစ်ယောက်က ခုတင်နံဘေးသို့ ရောက်နေမှန်

သိနေသော်လည်း အတန်ကြာသည်အထိ ငြိမ်သက်နေသဖြ

တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

ခုတင်ဘေးမှာ ရပ်နေသူကို မြင်လိုက်ရသောအခါ

မျက်လုံးပြူးသွားသည်။

ထိတ်လန့်အံ့သြမှုကြောင့် ပါးစပ်အဟောင်းသား ဖြ

သွားလေသည်။

နောက်တော့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟ

အကူအညီတောင်းရန် ဟန်ပြင်လိုက်သော်လည်း အခွင့်အရေ

က မရရှာတော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့သည်ကိုတော့ နောက်ဘ

ရေချိုးခန်းအတွင်း ရောက်နေသော စိန်သန်းခမျာ မသိရှာပေ

ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးသောအခါမှ အပေါ်





ပ်သို့ အေးအေးဆေးဆေး တက်လာသည်။

အခန်းပေါက်ဝ ရောက်ပြီး ကြည့်လိုက်တော့ ခုတင်ပေါ်

တစ်ဖက်သို့လှည့်ကာ တစောင်းအနေအထားနှင့် ငြိမ်သက်

သော မွှေးမွှေးကြည်ကို တွေ့ရသဖြင့် အနားသို့ လျှောက်သွား

ာ ခုတင်ပေါ်သို့ ဝင်ထိုင်လိုက်လေသည်။

"မမ. . . မမ"

မလှုပ်ပေ။

သို့ကြောင့် ပခုံးကို ကိုင်ပြီး ဆွဲလှည့်လိုက်တော့ ကိုယ်က

ါလာသော်လည်း ဦးခေါင်းက တစ်ဖက်လှည့်ရက်သားအတိုင်း

ျန်နေခဲ့သည်။

ဒီတော့မှ ငုံ့ကြည့်လိုက်သောအခါ မွှေးမွှေးကြည်မှာ

ည်ပင်းပြတ်လုပြတ်ခင် အနေအထားမျိုး ဖြစ်နေပြီး သွေးများ

ာ မွေ့ရာပေါ်မှာ စိုရွှဲနေလေပြီ။

"အောင်မယ်လေးဗျ"

သည်တော့မှ အလန့်တကြားဖြစ်ကာ ခုတင်ပေါ်မှ ခုန်

ထလိုက်သည်။

ထိုအချိန်မှာပင် အခန်းပေါက်ဝမှ မီးရောင်ဖြင့် အရိပ်

တစ်ခု ထိုးကျလာသောကြောင့် လှမ်းကြည့်လိုက်သည်။ ဝက်

ကောင်ပေါင်းများစွာကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော

န်သန်းခမျာ ထိုမြင်ကွင်းကို မြင်သောအခါ ဘယ်လိုမှ စိတ်မ

ထိန်းနိုင်တော့ဘဲ အခန်းထဲမှ ထွက်ပြေးရန် ကြိုးစားလေသည်။

သို့သော် မလွတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

စိန်သန်း၏အသံနက်ကြီးဖြင့် အော်သံမှာ တိတ်ဆိ

နေသောအချိန်မှာ ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာ

တော့သည်။

နောက်တစ်နေ့မနက်ပိုင်းအချိန်တွင် လမ်းမတော် ဂါ

တဲမှ အမှုလိုက်စုံထောက်ကျော်စွာက ဒေါက်တာမင်းထင်ဘ

ထံ တယ်လီဖုန်းဆက်ပြီးပြောသည်။

"ဟယ်လို. . .ဆရာလား၊ စောစောစီးစီး စိတ်ဝင်

စရာကောင်းတဲ့သတင်းတစ်ခု ပြောချင်လို့ပါ"

"ဘာသတင်းများလဲ မောင်ကျော်စွာရဲ့"

"နှစ်လောင်းပြိုင် လူသတ်မှုပါပဲ"

စုံထောက်ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့

အမှုအတော်များများတွင် အတူလက်တွဲပြီး လုပ်ကိုင်ခဲ့ကြသ

စိတ်ဝင်စားဖွယ်ကောင်းသော အမှုအခင်းမျိုး တွေ့လျှင်သေ

လည်းကောင်း၊ တစ်ခါတစ်ရံ ဥင်းတို့ ဖော်ထုတ်ရန် ခက်ခဲသေ

အမှုကြီးများနှင့် တွေ့လျှင်သော်လည်းကောင်း ဒေါက်တာ

ထင်ကျော်ကို အကူအညီတောင်းလေ့ရှိသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း အမှုလို

စုံထောက်တစ်ယောက် မဟုတ်သော်လည်း စိတ်ဝင်စားဖွ

ကောင်းသည့် လျှို့ဝှက်ဆန်းကြယ်သောအမှုမျိုးဆိုလျှင် ကို

စရိတ်နှင့်ကိုယ် အကူအညီပေးလေ့ရှိလေသည်။

"လူသတ်မှုဆိုတော့လည်း တရားခံကို ရှာရမှာ





ရားခံကိုရော သဲလွန်စ ရထားပြီလား"

"အနီးစပ်ဆုံး အဖြစ်နိုင်ဆုံး တရားခံတစ်ယောက်ကို

တော့ ဖမ်းချုပ်ထားပါပြီ"

"ဒါထက် သေတဲ့လူတွေကရော ဘယ်သူတွေလဲ. . .

ယ်နေရာကလဲ"

"လမ်းမတော်ကပါပဲ. . . သေတဲ့မိန်းမနာမည်က ဌေး

ဌေးကြည်တဲ့၊ နောက်တစ်ယောက်က သူ့လင်ငယ် စိန်သန်းလို့

ပြောတယ်"

"လမ်းမတော်က ဌေးဌေးကြည်၊ သူ့ယောကျ်ားကြီးက

ယ်သူတဲ့လဲ"

"ဝက်ထောင်ကဲ ကိုဟန်စိန်ပါ။ လူသတ်တရားခံကတော့

သူမှလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါဘူး"

ထိုအမည်နှစ်ခုကို ကြားသောအခါ ဒေါက်တာမင်းထင်

ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဒါထက် အမှုဖြစ်တဲ့အိမ် သွားစစ်တော့ ထူးခြားတာ

များ တွေ့ခဲ့သလဲ"

"တခြားထူးခြားတာတော့ မတွေ့ရသေးဘူး၊ တလော

လေလံပွဲက ဝယ်လာတဲ့ပန်းချီကားတစ်ချပ်တော့ ချိတ်ထား

တာ တွေ့တာပဲ"

"ဟင်. . ."

"ဘာဖြစ်လို့လဲ ဆရာ"

"ဘာမှမဖြစ်ပါဘူး. . . ဒါထက် အခု မောင်ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာလဲ”

“လမ်းမတော်က အမှုဖြစ်တဲ့အိမ်မှာ ရောက်နေတယ် ဆရာ လာခဲ့မလို့လား”

“လာခဲ့မယ်. . . အခုချက်ချင်း ရောက်အောင်လာ မယ်၊ ဖြစ်နိုင်ရင်တော့ အလောင်းနဲ့ တခြားဟာတွေကို ခြေရာ လက်ရာ မပျက်အောင် ထိန်းထားပေးပါဦး”

“စိတ်ချပါ ဆရာ၊ အားလုံးစစ်ဆေးပြီးမှပဲ အလောင်း တွေကို ဆေးရုံပို့ဖို့ စီစဉ်ပါတော့မယ်၊ ဒါပဲနော် ဆရာ”

ထိုသို့ပြောပြီး စုံထောက်ကျော်စွာက တယ်လီဖုန်း သွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုသတင်းကို ကြားလိုက် သဖြင့် များစွာစိတ်ဝင်စားသွားလေသည်။

သို့ကြောင့် အဝတ်အစားလဲပြီး လိုအပ်သောပစ္စည်းများ ထည့်ယူကာ ကားကို မောင်းပြီး လမ်းမတော်ဘက်သို့ ဆင်းလာ ခဲ့လေတော့သည်။







# အခန်း(၈)

# မန်းစီးအားပေါ်မှာ သွေးစက်များ

အမှုအခင်း ဖြစ်ပွားသောနေရာမှာ လမ်းမတော် အောက်ဘက် ညောင်ပင်လေးဈေးနှင့် နီးသောနေရာ၌ ဖြစ် သည်။ ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ ပုလိပ်အချို့ကို တွေ့ရသည်။

ကားကို မလှမ်းမကမ်းမှာ ရပ်ထားခဲ့ပြီး ထိုအိမ်ရှိရာသို့ လျှောက်သွားသည်။

ကိုဟန်စိန်နေသောတိုက်မှာ မျက်နှာဖွင့် ပေ(၃၀)ခန့်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသော လုံးချင်းနှစ်ထပ်တိုက်ဖြစ်သည်။

အိမ်ပေါက်ဝနှင့် မဝေးလှသော ပလက်ဖောင်းပေါ်မှာ ဝက်ဆီထည့်သော စည်ပိုင်းအချို့ ချထားသည်။

ဒေါက်တာမင်းထင်ကျော် တိုက်ပေါက်ဝ ရောက်သွ သောအခါ အထဲမှာ ရောက်နေသော စုံထောက်ကျော်စွာ ထွ လာသည်။

စုံထောက်ကျော်စွာမှာ အသက်(၃၀)ဝန်းကျင်ခန့်ရှိပြီ သွက်လက်ဖျတ်လတ်သော လူရွယ်တစ်ဦးဖြစ်သည်။

"ဆရာ ရောက်လာပြီလား၊ ကျွန်မတော်တော့ ဝတ္တရာ ရှိတဲ့အတိုင်း စစ်ဆေးပြီးပြီ၊ ဖမ်းသင့်တဲ့လူကိုလည်း ဖမ်းထားပြီ ပြီ၊ အလောင်းနှစ်လောင်းကိုတော့ ဆရာရောက်လာရင် ကြည် ချင်ကြည့်ဖို့ မူလအတိုင်းပဲ ထားသေးတယ်"

"ဒါထက် ဖမ်းထားသင့်တဲ့လူက ဘယ်သူလဲ"

"ဘယ်သူဖြစ်ရမလဲ ဆရာရယ်၊ သူ့ယောကျ်ား ကိုဟ စိန် ဆိုတဲ့သူပဲပေါ့၊ မိန်းမနဲ့အလုပ်သမား နောက်မီးလင်းနေတာ ကို ရိပ်မိတော့ မသိချင်ယောင်ဆောင်နေတယ်၊ နောက်မှ လ ဆုပ်လက်ကိုင် မိအောင် စောင့်ပြီး နှစ်ယောက်စလုံးကို သတ်ပ လိုက်တာပဲ ဖြစ်မှာပေါ့"

"ကိုဟန်စိန်ကို ဘယ်နေရာမှာ ဖမ်းမိတာလဲ"

"သူက နှစ်ယောက်စလုံး သတ်ပြီး ဆင်မလိုက်ကို သွ ရှောင်နေတယ်၊ ပြီးမှ ဟန်မပျက် အိမ်ပြန်လာတော့မှ စောင့်ဖ လိုက်တာပါပဲ"





ထို့နောက် အိမ်ထဲသို့ ဝင်ကာ အခြေအနေကို ကြည့်သည်။ အိမ်တွင်းအခြေအနေကတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ် တက်တော့ လှေကားအနီး နံရံပေါ်မှာချိတ်ထားသော ပန်းချီကားရှိရာသို့ လျှောက်သွားပြီး အသေအချာ ကြည့်သည်။

ထိုပန်းချီကားကို ဂျူဗလီဟောမှာ ပြထားစဉ်ကလည်း အသေအချာ ကြည့်ထားခဲ့ပြီးဖြစ်သည်။

ယခုတစ်ကြိမ်မှာတော့ ထူးခြားမှုတစ်ခုကို တွေ့ရလေသည်။

သို့သော်လည်း စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသည်။

"ငါများ အကြည့်မှားနေတာလား၊ ဒါမှမဟုတ် အမှတ်မှားနေတာများလား မသိဘူး"

ယခင်တစ်ကြိမ် ကြည့်စဉ်က ပန်းချီကားထဲမှာ ပါသော ဦးဒီပဆိုသူ၏ပုံမှာ မျက်နှာက ရှေ့သို့ တည့်တည့်စိုက်ကြည့်နေသောပုံဖြစ်ပြီး ယခုတွေ့ရသောပုံမှာ လက်ယာဘက်သို့ စောင်းကြည့်နေသောပုံဖြစ်နေတော့သည်။

ထို့ပြင် ၎င်းလက်ထဲမှာ ကိုင်ထားသော သင်တုန်းဓားမှာလည်း သွေးစွန်းနေသည်။

ပန်းချီဆရာ ရေးဆွဲစဉ်ကပင် သွေးစွန်းနေသောဓားကို ရေးဆွဲခဲ့သလား။

ဒါမှမဟုတ် ယခုမှ လောလောလတ်လတ် စွန်းပေနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သလားဆိုသည်ကိုလည်း မသေချာလှပေ။

ဒေါက်တာမင်းထင်ကျော်က ပန်းချီကားအောက်ဘက် ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်လိုက်သောအခါ သွေးစက်အချို့က ကြမ်းပြင်ပေါ်မှာ စွန်းပေနေသည်ကို တွေ့ရသည်။ ကြမ်းပြင်မှာ လျှာထိုးပျဉ်များ ခင်းထားသောကြောင့် ပြောင်လက်နေရာ လော လောဆယ် ကျနေသော သွေးစက်များကို အသေအချာ မြင်နေ ရသည်။

ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်သို့ ဒူး ထောက်ထိုင်ကာ သွေးစက်များကို လက်ဖြင့် တို့ကြည့်သည်။

သိပ်မခြောက်သေးသဖြင့် စေးကပ်ကပ် ရှိနေသေး သည်။

"ဆရာ ဘာတွေ့လို့လဲ"

နောက်မှာရောက်လာသော ကျော်စွာက မေးသည်။

ဒေါက်တာမင်းထင်ကျော်က လက်မှာ စွန်းပေနေသော သွေးစက်များကို ပြလိုက်သည်။

"လူသတ်သမားက အပေါ်ထပ်မှာ လူသတ်ခဲ့ပြီး ပြန် လာတုန်း သူ့ဓားက ကျခဲ့တဲ့သွေးစက်တွေ ဖြစ်မယ်ထင်တယ်"

ဟု မှတ်ချက်ချသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှ ပြန်မပြောတော့ဘဲ လှေကားအတိုင်း အပေါ်ထပ်သို့ တက်ခဲ့သည်။

လှေကားတစ်လျှောက်လုံးမှာတော့ ဘာမှ ထူးထူးခြား ခြား မတွေ့ရပေ။





အပေါ်ထပ်မှာ အိပ်ခန်းတစ်ခန်းသာရှိပြီး တံခါးပိတ် ထားလေသည်။

"အခင်းဖြစ်တာ ဒီအခန်းပဲ ဆရာ၊ အထဲမှာ အလောင်း တွေရှိတယ်"

ဟု ပြောပြီး ကျော်စွာက တံခါးဖွင့်ပေးသည်။

တံခါးဖွင့်လိုက်သည်နှင့် အတွင်းမှ သွေးညှီနံ့များ ထွက် လာသည်။

မြင်ကွင်းက မကောင်းလှပေ။

တံခါးပေါက်ဝနှင့် မနီးမဝေးကြမ်းပြင်ပေါ်မှာ မှောက် လျက်သား အနေအထားနှင့် ယောကျ်ားတစ်ယောက် လဲကျနေ ပြီး လည်ပင်းတစ်ဝိုက်မှ ထွက်နေသောသွေးများက ကြမ်းပြင် ပေါ်မှာ နီရဲနေသည်။

သွေးကွက်ကြီးမှာ အိုင်ထွန်းလျက်ရှိသည်။

ခုတင်ပေါ်မှာတော့ ပက်လက်အနေအထားဖြင့် မိန်းမ တစ်ယောက် ရှိနေသည်။

သူမမှာ လေလံပွဲနေ့က တွေ့လိုက်သော မွှေးမွှေးကြည် ပင် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်မှ မှောက် လျက်သားဖြစ်နေသည့် ယောကျ်ားအလောင်းကို ပက်လက် ဆွဲလှန်လိုက်သည်။

"ဟာ. . . ဘယ့်နှယ့်ဟာကြီးလဲ"

အလောင်း၏မျက်လုံးနှစ်လုံးမှာ ပြူးထွက်နေပြီး မှတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

လည်ပင်းတစ်ဝိုက်မှာ လှီးဖြတ်ထားသောဒဏ်ရာတစ်ခု တွေ့ရပြီး လည်ပင်းတစ်ဝက်လောက်အထိ ပြတ်ထွက်နေသည်။

ထိုဒဏ်ရာနှင့်ပင် အသက်ပေးလိုက်ရခြင်း ဖြစ်ဟန်ရှိသည်။ ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်တော့ ရှုန်းရင်းဆန်ခတ် ဖြစ်ပျက်ထားသည်များ တစ်ခုမှ မတွေ့ရပေ။

"သူက ဘယ်သူလဲ"

"ဝက်ထောင်ကဲ ကိုဟန်စိန်ဆီမှာ အလုပ်လုပ်နေတဲ့ ဝက်သတ်သမား စိန်သန်းလို့ ပြောတယ်၊ သူနဲ့ ဟိုခုတင်ပေါ်က မိန်းမနဲ့က တိတ်တိတ်ပုန်းဖြစ်နေကြတာ"

ဟု ကျော်စွာက ပြောပြသည်။

စိန်သန်းဆိုသူမှာ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းသူတစ်ယောက်ဖြစ်ပြီး တစ်ယောက်ချင်း နှစ်ယောက်ချင်းတွေ့လျှင် ပြန်လည်တိုက်ခိုက်နိုင်မည့်ပုံမျိုးဖြစ်သည်။

"ဝက်သတ်သမားဆိုတော့ ဝက်တစ်ကောင်ကိုတောင် နိုင်အောင်ဖမ်းပြီးသတ်နိုင်သေးတာ၊ သူအသတ်ခံရမယ့်အလှည့် ရောက်တော့မှ မခုခံဘဲနဲ့ ဘာကြောင့် အသက်ပေးလိုက်တာလဲ မပြောတတ်ဘူး"

"လူသတ်သမားက ဦးသွားလို့ ဖြစ်မှာပေါ့ ဆရာ"

"သေနတ်နဲ့ ပစ်သတ်တာမှ မဟုတ်တာ မောင်ကျော်စွာရယ်၊ ဓားနဲ့ သတ်မယ့်သူက အနားရောက်အောင် ကပ်လာပြီးမှ





သတ်လို့ရမှာပေါ့၊

သူကြည့်ရတာ အိပ်မောကျနေတုန်း အသတ်ခံလိုက်ရတာလည်း ဟုတ်ပုံမရဘူး၊ လူသတ်သမားကို မြင်လို့ ခုတင်ပေါ်က ထလာပြီး ဒီနေရာရောက်မှ အသတ်ခံလိုက်ရတာ ဖြစ်မယ်၊ နောက်ပြီး သူ့မျက်လုံးတွေ ပြူးထွက်နေပုံက ဝေဒနာ ခံစားရလို့ ပြူးနေတာမျိုး မဟုတ်ဘူး၊ မသေခင်မှာ အတော်ကြောက်စရာကောင်းတဲ့မြင်ကွင်းတစ်ခုကို တွေ့ခဲ့ရပုံပဲ၊ ဒါကြောင့် မှင်တက်မိပြီး ရပ်နေတုန်း လူသတ်သမားက အနားကပ်လာပြီး လည်ပင်းဖြတ်သွားတာပဲ"

ထိုသို့ပြောတော့မှ စုံထောက်ကျော်စွာမှာ စိတ်ဝင်စားမှုပြောင်းသွားလေတော့သည်။

စုံထောက်ကျော်စွာမှာ ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူတူ လက်တွဲပြီး အမှုပေါင်းများစွာ လိုက်ခဲ့ရသူဖြစ်သဖြင့် ဆန်းကြယ်သောအဖြစ်အပျက်များအကြောင်းကို ကောင်းစွာ သဘောပေါက်ထားသူ ဖြစ်လေသည်။

"ဒါ. . ဒါဖြင့် လူသတ်တရားခံက ဘယ်သူဖြစ်မလဲ ဆရာ"

"လူသတ်တရားခံက မောင်ကျော်စွာ ဖမ်းထားတဲ့ ကိုဟန်စိန်ဆိုတဲ့သူ မဟုတ်တာ သေချာတယ်၊ ကိုဟန်စိန်နဲ့ ရင်ဆိုင်တွေ့တဲ့အခါမှာ စိန်သန်းက အခုလို လွယ်လွယ်ကူကူနဲ့ အသက်ခံမှာ မဟုတ်ဘူး"

ထိုသို့ပြောပြီး ခုတင်ပေါ်မှာ သေဆုံးနေသော ငွေငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည်အလောင်းကို စစ်ဆေးကြည့်ကြသည်။

အလောင်းမှာ ကိုယ်ခန္ဓာကသာ ပက်လက်အနေ အထားမျိုး ဖြစ်နေသော်လည်း လည်ပင်းပြတ်နေသောကြောင့် ဦးခေါင်းက တစ်ဖက်သို့ စောင်းကျနေသည်။

"အတော်ကို ထက်တဲ့ဓားပဲ မောင်ကျော်စွာရေ၊ လည်ပင်းကို တစ်ချက်တည်း လှီးတာနဲ့ တစ်ဝက်လောက်အထိ ပြတ်ကျသွားတာပဲ၊ ဒီမိန်းမက အရင်အသတ်ခံရပြီးမှ ဟိုလူအသတ်ခံရတာပဲ"

"ဘာကြောင့်လဲ ဆရာ"

"သူတို့ချင်းက တိတ်တိတ်ပုန်း တွေ့ကြတယ်ဆိုပေမယ့် မကြာခဏ တွေ့နေတဲ့ပုံပဲ၊ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ကာမစပ်ယှက်မှု မပြုရသေးခင်မှာ ဒီမိန်းမ အရင်အသတ်ခံခဲ့ရတာဖြစ်မယ်၊ သူလည်း အသတ်မခံရခင်မှာ အတော်ကြောက်စရာကောင်းတဲ့မြင်ကွင်းတစ်ခုကို တွေ့မြင်သွားရပုံပဲ၊ သူတို့နှစ်ယောက် အတူရှိနေတုန်း ကိုဟန်စိန်နဲ့ ပက်ပင်းတိုးမိရင်တောင် ဒီလောက်ကြောက်လန့်နေမှာ မဟုတ်ဘူး"

"ဒါဖြင့် ဆရာက ဘယ်လိုမှတ်ချက်ချမလဲ"

"လူသတ်တရားခံဟာ သာမန်တော့ မဟုတ်ဘူး မောင်ကျော်စွာ၊ ကျွန်တော်ထင်တာ မှန်မယ်ဆိုရင် မကြာခင်မှာ အလားတူ လူသတ်မှုတွေ ထပ်ပေါ်လာလိမ့်ဦးမှာ သေချာတယ်"

ဟု ပြောဆိုကာ အခြားစစ်ဆေးစရာ ရှိသည်များကို စေ့စေ့စပ်စပ်နှင့် အသေးစိတ် စစ်ဆေးပြီးနောက် အလောင်းနှစ်





လောင်းကို ဆေးရုံကြီးသို့ပို့ရန် စီစဉ်ကြလေသည်။

ထိုနေရာမှ စစ်ဆေးပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာနှင့်အတူ လမ်းမတော်ရဲစခန်းသို့ လိုက်သွားလေသည်။

ကိုဟန်စိန်ကို ထိုအချုပ်မှာပင် ထားသေးသည်။

ကိုဟန်စိန်ကို လေလံပွဲ၌ တစ်ကြိမ်တွေ့ဖူးလိုက်ပြီး ယခုတစ်ကြိမ် တွေ့သောအခါ ကြောက်ရွံ့မှုကြောင့် အတော်ကြီးကို ပြောင်းလဲသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က မေးလိုသောအကြောင်းအရာများ ရှိနေသေးသောကြောင့် စုံထောက်ကျော်စွာက စီစဉ်ပေးသည်။

"ခင်ဗျားနာမည် ကိုဟန်စိန် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ်၊ ဆရာက ဒီစခန်းက အရာရှိလားဟင်၊ ကျွန်တော့်ကို ကယ်ပါဦး ဆရာရယ်၊ ကျွန်တော်လည်း ဘာမှမသိရဘဲနဲ့ မတရား ခံနေရတာပါ"

ဟု တွေ့သည်နှင့် ငိုသံပါကြီးနှင့် ပြောလေသည်။

"ခင်ဗျားက အမှန်အတိုင်း ပြောမယ်ဆိုရင်တော့ ကူညီဖို့ ကူညီရတာပေါ့၊ ခင်ဗျားမိန်းမနဲ့ စိန်သန်းဆိုတဲ့လူကို ခင်ဗျားသတ်တာ အမှန်ပဲလား"

"အမှန်ပါပဲ ဆရာရယ်၊ သူတို့သေတဲ့အချိန်က ကျွန်တော် မရှိပါဘူး၊ ဆင်မလိုက်စက်ရုံတစ်ရုံ ရောက်နေတာကို သက်သေပြနိုင်ပါတယ်၊ ဟိုက ကိစ္စပြီးလို့ အိမ်တန်းပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မှ သိရတာပါ"

"သေသွားတဲ့ စိန်သန်းဆိုတဲ့လူကို ခင်ဗျား သိတယ် မဟုတ်လား"

"သိပါတယ်. . . ဝက်ရုံမှာ ခိုင်းထားတဲ့ အလုပ်သမား ပါ"

"သူနဲ့ ခင်ဗျားမိန်းမနဲ့ ငြိစွန်းနေတာကို ခင်ဗျားရိပ်မိပြီး သား မဟုတ်လား"

ကိုဟန်စိန်က ခေါင်းညိတ်ပြသည်။

"သိရက်နဲ့ ဘာကြောင့် လွှတ်ထားတာလဲ"

"ဆရာကို အမှန်အတိုင်း ပြောရရင် ဒီမိန်းမအကြောင်း က သိပ်မကောင်းပါဘူး၊ အကျင့်မကောင်းတော့ တစ်ယောက် ယောက်နဲ့တော့ ဖောက်ပြန်နေရမှ ကျေနပ်နေတဲ့သူပါ၊ ကျွန် တော်ကလည်း တခြားအကြောင်းတွေရှိလို့ သည်းခံပြီး ပေါင်းနေ ရတာပါ"

"ဘယ်လိုအကြောင်းတွေလဲ"

"ငွေကြေးအရင်းအနှီးက သူ့မိဘတွေဆီက ယူသုံးနေရ တာကြောင့် ဒီလိုပဲ သည်းခံပြီး နေရတာပါ၊ နောက်တစ်ခုက ဆရာ့ကို အမှန်အတိုင်း ပြောရရင် ကျွန်တော့်မှာလည်း နောက် ထပ် မယားငယ်တစ်ယောက် ရှိပါတယ်၊ ကျွန်တော့်အကြောင်း တွေ သိမှာစိုးလို့ သူကြိုက်တာတွေ လုပ်နေတာကို မသိချင် ယောင်ဆောင်ပေးထားတာပါ"

ထိုစကားကြားသောအခါမှ အတော်ရှင်းသွားလေတော့





သည်။

နောက်ထပ် မယားငယ်တစ်ယောက် ယူထားသော ယောကျ်ားတစ်ယောက်က သူ မနှစ်သက်သော အိမ်ကမိန်းမ တခြားသူတစ်ဦးတစ်ယောက်နှင့် ဖောက်ပြန်နေသည်ကို ရိပ်မိ သော်လည်း ကွဲပြီးတိုတော့မည် မဟုတ်တော့ပေ။

ထိုမိန်းမတစ်ယောက်အတွက်နှင့် ကြိုးပေးခံရမည့် လူ သတ်မှုမျိုး ကျူးလွန်တော့မည် မဟုတ်သည်ကတော့ သေချာ သည်။

"ဒါထက် ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားအိမ်မှာ ချိတ် ထားတဲ့ပန်းချီကားက တလောက ဂျူဗလီဟောမှာလုပ်တဲ့ လေ လံပွဲက ဝယ်ခဲ့တာ မဟုတ်လား"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်ကို အ ထိတ်တလန့်ဖြင့် ကြည့်သည်။

"ဟုတ်. . . ဟုတ်ပါတယ်"

"ဘာကြောင့် ဒီပန်းချီကားကို ဝယ်ခဲ့တာလဲ"

"အမှန်ပြောရရင် ကျွန်တော်က ပန်းချီအကြောင်း ဘာမှ မသိပါဘူး၊ ဒါပေမယ့် ဒီပန်းချီကား ကြည့်ရတာ ကြောက်စရာ ကောင်းနေသလိုပဲ၊ အဲဒါကို သဘောကျပြီး ဝယ်ခဲ့တာပါ"

ထိုစကားကို အမှန်အတိုင်း ပြောနေခြင်းဖြစ်မည်ဟု စိတ်ထဲမှ ခန့်မှန်းမိသည်။

"ဒါထက် အဲ့ဒီပန်းချီကား ဝယ်လာပြီး ချိတ်ထားတော့ ဘယ်လိုထူးခြားမှုတွေ တွေ့ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်စိန်က အနည်းငယ် စဉ်းစားပြီးမှ ပြောသည်။

"ပန်းချီကား ရောက်လာပြီး သရဲခြောက်သလို တ ခြောက်သလိုတော့ ဖြစ်တယ်၊ ညဘက်ရောက်လာရင် အော ထပ်မှာ လမ်းလျှောက်နေတဲ့ခြေသံတွေ၊ လှေကားကနေ အပေ ထပ် တက်လာတဲ့ခြေသံတွေတော့ ကြားရတယ်"

"နောက်ရော ဘာတွေ့သေးသလဲ"

"စိတ်ထဲမှာ မသင်္ကာလို့ ဆင်းကြည့်တော့ လူရိပ်လို တော့ တွေ့ရတယ်၊ အသေအချာ လိုက်ကြည့်တော့လည်း ဘာ မတွေ့ရဘူး၊ ကျွန်တော့်မိန်းမကို သတ်သွားတာ ဘယ်သူလဲ ဆရာ"

"ကျွန်တော်လည်း သေသေချာချာတော့ မသိရသေး ဘူး"

"သူ့ကို မချစ်တော့ပေမယ့် တစ်သက်လုံး ပေါင်းလာတဲ့ မိန်းမဆိုတော့ အခုလို ဖြစ်တာ မြင်ရတာ စိတ်မကောင်းပါဘူး သူများမယား ကြာခိုချင်တဲ့ စိန်သန်းလိုကောင်မျိုး သေတာ တော့ စိတ်မကောင်း ဖြစ်ဖို့နေနေသာသာ ဝမ်းသာဖို့တော ကောင်းပါသေးတယ်"

ဟု သူ့စိတ်ထဲ ရှိသည့်အတိုင်း ပြောနေလေသည်။

ဒေါက်တာမင်းထင်ကျော် စစ်ဆေးပြီးသောအခါ ပုလိ နှစ်ယောက်က တရားခံအား အချုပ်ထဲ ပြန်ခေါ်သွားကြရန် ပြင် ဆင်လေသည်။

"ဆရာရယ် . . ကျွန်တော်ကို ကယ်ပေးပါဦး၊ ကျွန်တော်





မိန်းမကို ကျွန်တော် မသတ်တာ အမှန်ပါပဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ ကိုဟန်စိန်၊ ခင်ဗျား တကယ်မသတ်တာမှန်ရင် အမှန်တရားအတိုင်း ဖြစ်ရပါစေ့ မယ်"

ဟု ပြောဆိုကာ ဂါတ်တဲအတွင်းမှ ပြန်ထွက်ခဲ့လေတော့ သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

# မိစ္ဆာဝိညာဉ် တယ်ရှလဲ

နောက်တစ်နေ့ထုတ်သတင်းစာနှင့် ဂျာနယ်စာစောင်းတွင် လမ်းမတော်မှ နှစ်လောင်းပြိုင် လူသတ်မှုသတင်းကလေးတကြော်ကြော်နှင့် ဖော်ပြကြလေတော့သည်။

အချို့သတင်းစာနှင့် ဂျာနယ်စာစောင်များတွင် မျက်နှာသတင်းအဖြစ် ဓာတ်ပုံများနှင့်တကွ ဖော်ပြကြသည်။

"လမ်းမတော်မှ နှစ်လောင်းပြိုင် လူသတ်မှုသတင်း"

သစ္စာမရှိသောမိန်းမနှင့် ကြာခိုသူတို့နှစ်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com



လင်ကြီးဖြစ်သူက သတ်ဖြတ်လိုက်သည်။

ယမန်နေ့ည နံနက်လေးနာရီအချိန်က လမ်းမတော်... အောက်ဘက်၊ တိုက်အမှတ်( . . . )၌ နေထိုင်သော မဒွေးဒွေး... ကြည်ဆိုသူနှင့် စိန်သန်းဆိုသော အလုပ်သမားတို့မှာ နှ... ယောက်စလုံး လည်ပင်းကို ဓားဖြင့် လှီးဖြတ်အသတ်ခံကြရ... ဖြင့် သေဆုံးသွားခဲ့ကြသည်။

ဒွေးဒွေးကြည်မှာ ဝက်ထောင်ကဲ ကိုဟန်စိန်၏မိန်း... ဖြစ်ပြီး စိန်သန်းမှာ ဝက်ရုံမှ အလုပ်သမားဖြစ်သည်။ ၎င်းတို့နှ... ယောက်မှာ တိတ်တိတ်ပုန်း ငြိစွန်းနေကြဟန်ရှိပြီး ထိုနေ့ည... ကိုဟန်စိန် မရှိသည့်အခိုက် အခန်းတွင်းမှာ အတူရှိနေကြစဉ်... ယခုကဲ့သို့ အသတ်ခံကြရခြင်းဖြစ်သည်။

စုံထောက်နှင့် တာဝန်ရှိသူများ၏သုံးသပ်ချက်အရ ၎င်း... တို့အကြောင်းကို ရိပ်မိသဖြင့် လင်ကြီးဖြစ်သူ ကိုဟန်စိန်က တ... ကျော့ပြန်ဝင်လာပြီး နှစ်ယောက်စလုံးကို သတ်ဖြတ်ခဲ့သည်ဟ... ထင်မြင်မိပါကြောင်း။

ယခုအခါ အမှုမှန် ပေါ်ပေါက်ရေးအတွက် ပုလိပ်နှင့်... စုံထောက်များက အစွမ်းကုန် ကြိုးစားနေကြပါကြောင်း၊ လူသတ်... တရားခံ ဖြစ်နိုင်ခြေရှိသည်ဟု ယူဆရသော ဝက်ထောင်ကဲ... ကိုဟန်စိန်ကို လမ်းမတော်ဂိတ်တဲ အချုပ်ခန်း၌ ဖမ်းဆီးထားပြီး... အလောင်းများကိုတော့ ဆေးရုံကြီးသို့ ပို့လိုက်ပြီးဖြစ်ပါကြောင်း...

စသည်ဖြင့် အကျယ်တဝင့် ရေးသားဖော်ပြကြသော... သည်။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး မကြာမီမှာပင် ဦးကျော်...





...င်းဒင်က ထိုအိမ်သို့ သွားပြီး ပန်းချီကားကို သင့်တော်သောဈေး... းကာ ပြန်ဝယ်ယူလာခဲ့သည်။

ထိုအိမ်မှာ ကျန်နေကြသည့် အစောင့်များနှင့် ဆွေမျိုး... ...ားချင်းများကလည်း ထိုပန်းချီကားအကြောင်းကို ကောင်းစွာ ...သိသောကြောင့် ပြန်ရောင်းလိုက်ကြလေသည်။

ထို့နောက် ၎င်း၏နေအိမ်သို့ လျှို့ဝှက်စွာ သယ်ယူသွား... ...လေသည်။

၎င်းနေအိမ်မှာ ဒဂုံမြို့နယ်အတွင်း ဂေါ်ဒွင်လမ်း(ယခု ...မြို့မကျောင်းလမ်းအတွင်း၌ ရှိသည်။)

ထို့ပြင် ၎င်းနေထိုင်သောနေရာမှာ ဒဂုံမြို့နယ်အတွင်း ...မှာ ရှိသော အောင်မြင်ရန်နှင့် မြို့တော်ဟောင်းနှင့်လည်း နီးပြီး ...တစ်ဧကခန့် ကျယ်ဝန်းသော ခြံဝန်းကျယ်ကြီးတစ်ခြံဖြစ်သည်။

ရှေးအခါက ဒဂုံမြို့နယ်အတွင်း၌ မြို့ဟောင်းတစ်ခုရှိပြီး ...အောင်မြင်ရန်နှင်မြို့တော်ဟု အမည်ရှိခဲ့လေသည်။

သာယာဝတီမင်းလက်ထက် (၁၈၄၁)ခုနှစ်တွင် တည် ...ဆောက်ခဲ့သော အောင်မြေရန်နှင်မြို့တော်မှာ ယခု ဒဂုံမြို့နယ် ...အတွင်း၌ တည်ရှိလေသည်။

သာယာဝတီမင်း၏နန်းတော်ဟောင်းနေရာမှာ ဂေါ်ဒွင် ...(ယခု မြို့မကျောင်းလမ်း)လမ်း၊ မြင်းပြိုင်ကွင်းဟောင်း၌ တည်ရှိခဲ့ ...သည်။

မြို့တော်၏တာဝန်းမှာ (၁၈၀၀)စီ ရှိပြီး မြို့ရိုးတစ်ဖက်စီ ...၌ တံခါးပေါက်သုံးပေါက်စီ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကြီး၏တနင်္ဂနွေထောင့်မှာ မြို့တော်၏ အရှေ့မြောက်ထောင့်အဖြစ် တည်ရှိလေသည်။

မြို့တော်၏အရှေ့ဘက်တွင် လိပ်ခုံး၊ ဆင်စုနှင့် ကန်တော်ကလေးတံခါး၊

အနောက်ဘက်တွင် သစ်ညို၊ ညောင်ပင်နှင့် ပန်းပဲတန်းတံခါး၊

တောင်ဘက်တွင် ဝက်စုတံခါး၊ ဗဿာတံခါးနှင့် အခြားတံခါးတစ်ခုတို့ဖြစ်သည်။

အောင်မြင်ရန်နှင်မြို့တော်နှင့် ပတ်သက်၍ (၁၈၃၄) ခုနှစ်မှား၊ တပ်ကလေးဈေးရပ်ဇာတိ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါရှိ ကြားတောရတိုက် ဦးအရိယ၏မိန့်ဆိုချက်မှာ. .

မြို့ရိုးအရှေ့တောင်ထောင့်သည် ဂေါ်ရာကုန်း(ယခု အလံပြဘုရား တည်ရှိရာကုန်းမြေ)

အနောက်တောင်ထောင့်မှာ မစ်ရှင်လမ်း(ယခု လမ်းမတော်)အရှေ့တောင်ထောင့်မှာ ရှင်စောပုမြို့ဟောင်းမြောက်ဘက်၌ တည်ရှိကြောင်း သိရလေသည်။

နန်းမြို့တော်အတွင်းရှိ ပုဂံမင်းသားစံနေရာ၌ (၁၈၄၆) ခုနှစ်တွင် ပုဂံမင်း နန်းတက်လာပြီးနောက် ပဲခူးမြို့စား ရေဝန် ဦးဝင်းအား ငွေတော်ရှစ်ထောင် ထုတ်ပေးကာ စေတီတော်တည်ခဲ့ပြီးနောက် ဘွဲ့တော်အမည်ကို 'မမ္မရံသီ' စေတီတော်ဟု မူလအမည်ရှိသော်လည်း အိမ်တော်ရာဝန်းအတွင်း၌ တည်ရှိသောကြောင့် အိမ်တော်ရာစေတီဟုသာ လူသိများခဲ့လေသည်။





ဦးကျော်မင်းဒင် နေသောနေရာမှာ အိမ်တော်ရာစေတီမြောက်ဘက်ယွန်းယွန်းတွင် ရှိသော ခြံကျယ်ကြီးဖြစ်လေသည်။

ခြံဝင်းအတွင်း၌ လူနေသော နှစ်ထပ်တိုက်တစ်လုံးနှင့် ပစ္စည်းများထားရန် သီးခြားတိုက်တစ်လုံးကိုပါ ယှဉ်လျက်သား ဆောက်ထားလေသည်။

ထိုတိုက်အတွင်း၌ အနယ်နယ်အရပ်ရပ်မှ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းမျိုးစုံတို့ ရှိလေသည်။ အရေးသိပ်မကြီးသောပစ္စည်းကို သာမန်ထားပြီး အရေးကြီးသောပစ္စည်းများကိုတော့ သီးခြားနေရာ၌ ထားလေသည်။

ယခုလည်း မိန်းမသေပြီး ယောက်ျားအချုပ်ထဲ ရောက်နေသော ကိုဟန်စိန်တို့အိမ်မှ ပန်းချီကားကြီးကို ဈေးချိုချိုနှင့် ပြန်ဝယ်လာပြီး သီးသန့်နေရာမှာ ချိတ်ဆွဲထားလေသည်။

ဦးကျော်မင်းဒင်ကတော့ ထိုပန်းချီကားကို တန်ဖိုးနည်းနည်းနှင့် ပြန်ရလာသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

"ဒီပန်းချီကားက ငါ့အတွက်တော့ အတော်အကျိုးပေးတာပဲ၊ ရောင်းထွက်သွားရင် ခဏပဲ၊ တော်ကြာ ငါ့ဆီ ပြန်ရောက်လာတာပဲ၊ ဒီလိုများများဖြစ်လေလေ ငါ့အတွက်တော့ ဟန်ကျလေလေပဲ"

ဟု တစ်ယောက်တည်း ကျေနပ်စွာ ရေရွတ်နေသည်။

ထိုအချိန်မှာပင် သမီးဖြစ်သူက အနီးသို့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဖေဖေ၊ ဒီပန်းချီကားက တလောက လေလံပွဲမှာ ရောင်းလိုက်တဲ့ ပန်းချီကား မဟုတ်လား"

"ဟုတ်တယ်"

"ဝယ်သွားတာ တရုတ်လင်မယားမဟုတ်လား၊ သူတို့က ဘာကြောင့် ချက်ချင်းပြန်ရောင်းလိုက်ကြတာလဲဟင်"

"တစ်ယောက်က သေပြီး တစ်ယောက်က အချုပ်ထဲမှာ ရောက်နေတယ်၊ ဒါကြောင့် ပြန်ရောင်းလိုက်ကြတာလေ၊ သူတို့ လင်မယားရဲ့သတင်း ဒီကနေ့ သတင်းစာတွေထဲမှာပါတယ်"

"ဟင်. . . ဒါဖြင့် ဒီပန်းချီကားက သူများတွေ ပြောသလို ကျိန်စာသင့်နေတယ်ဆိုတာ အမှန်များ ဖြစ်နေမလား မသိဘူး"

"ကျိန်စာသင့်တာတွေ မသင့်တာတွေက ငါတို့နဲ့ မဆိုင်ဘူး၊ ငါတို့က လေလံပစ္စည်းရောင်းတဲ့လူတွေပဲ၊ ပစ္စည်းရောင်းရဖို့ပဲ အရေးကြီးတယ်၊ ဘယ်လိုပစ္စည်းမျိုးပဲဖြစ်ဖြစ် လူတွေများများ စိတ်ဝင်စားပြီး မြန်မြန်ရောင်းရလေ ဟန်ကျလေပဲ"

ထိုသို့ ပြောသဖြင့် မြသီတာလည်း ဘာမှထပ်မပြောသာတော့ပေ။

သို့ပေတည့် သူမအနေနှင့် ထိုပန်းချီကားကြီးကို ကြည့်ပြီး စိတ်ထဲမှာ မနှစ်မြို့သလို ခံစားနေမိလေသည်။ နောက်တစ်နေ့မှာတော့ ဦးကျော်မင်းဒင်တစ်ယောက် ကိစ္စတစ်ခုဖြင့် ပဲခူးဘက်သို့ ခရီးထွက်သွားလေသည်။ အိမ်မှာတော့ မြသီတာ ကျန်ခဲ့ပြီး အိမ်ဖော်များနှင့် အလုပ်သမားများ ရှိလေသည်။





နံနက်ပိုင်းအချိန်မှာပင် မော်တော်ကားနှင့် လူနှစ်ယောက် ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ မြသီတာက ကောင်းစွာမှတ်မိသဖြင့် တံခါးဖွင့်ပေးခိုင်းလိုက်လေသည်။

ဆင်ဝင်အောက်မှာ ကားရပ်ပြီး နှစ်ယောက်သား အောက်သို့ ရောက်တော့မှ မြသီတာက မေးသည်။

"ဆရာတို့ပါလား. . . ဖေဖေတော့ အပြင်သွားပါတယ်၊ ဘယ်လိုအကြောင်းများ ရှိလို့လဲ"

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါ၊ သူကတော့ လမ်းမတော်ဂါတ်တဲက စုံထောက်ကျော်စွာလို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မနာမည် မြသီတာပါ"

မြသီတာမှာ ရုပ်ရည်ချောမောသလို အပြောအဆိုလည်း သွက်လက်ချက်ချာသူတစ်ဦးဖြစ်လေသည်။

"ဒီကိုလာတဲ့ကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ လမ်းမတော်က ပြန်ဝယ်ယူလာတဲ့ ပန်းချီကားကို ကြည့်ချင်လို့ပါ"

"ရပါတယ်ရှင်. . . ဟိုဘက်တိုက်ရဲ့ အပေါ်ထပ်မှာ ရှိပါတယ်. . . ကြွကြပါ"

ဟု ပြောဆိုကာ သူမကပင် ရှေ့မှ ဦးဆောင်ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုတိုက်အတွင်းရောက်တော့မှ ဦးကျော်မင်းဒင်မှာ ရှေးဟောင်းပစ္စည်းအတော်များများ စုဆောင်းထားနိုင်သည်ကို တွေ့မြင်ရသည်။

ပန်းချီကား ချိတ်ထားသောနေရာမှာ အပေါ်ထပ် လှေကားထိပ်နံရံပေါ်၌ဖြစ်ပြီး ကတ္တီပါအနီရောင်ဖြင့် အုပ်ထားလေသည်။

မြသီတာက ထိုနေရာအထိ လိုက်ပို့ပေးပြီး အုပ်ထားသော ကတ္တီပါစကို သူမကိုယ်တိုင် ဖွင့်ပြလေသည်။

ဒေါက်တာမင်းထင်ကျော်က ပန်းချီကားကို သေသေချာချာကြည့်ပြီး များစွာအံ့သြသွားလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ပန်းချီကားအတွင်းမှာပါသော ဦးဒီပ၏ပုံမှာ ကိုဟန်စိန်တို့နေအိမ်မှာ တွေ့ရစဉ်ကလို တစ်ဖက်သို့ မျက်နှာလှည့်နေသော အနေအထားမျိုး မဟုတ်တော့ဘဲ ယခင်တွေ့ခဲ့ရသည့်အတိုင်း ရှေ့တည့်တည့်သို့ မျက်နှာပြန်လှည့်နေသောကြောင့်ဖြစ်သည်။

"ဘာထူးခြားတာ တွေ့လို့လဲ ဆရာ"

စုံထောက်ကျော်စွာက ဒေါက်တာမင်းထင်ကျော်၏ မျက်နှာအမူအရာကို အကဲခတ်ရင်း မေးသည်။

ဒေါက်တာမင်းထင်ကျော်က သူသတိထားမိသော အခြေအနေကို ပြောပြလိုက်သောအခါ ကျော်စွာသာမက အနားမှာရှိနေသော မြသီတာပါ များစွာအံ့သြသွားလေသည်။





"အဲဒါ ဘာကြောင့် ဖြစ်တာလဲ ဆရာ"

"အမှန်ပြောရရင်တော့ ဒီပန်းချီကားဟာ မှော်ဝင်ပန်းချီကား၊ ဒါမှမဟုတ် အသက်ဝင်နေတဲ့ ပန်းချီကားတစ်ချပ်ပဲ"

"ဆရာဆိုလိုတာက ဒီပန်းချီကားအတွင်းက လူသတ်သမားက ထွက်လာပြီး လူတွေကို သတ်နေတယ်လို့ ပြောချင်တာလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဒါ ဖြစ်နိုင်တဲ့အခြေအနေမျိုးပဲ၊ ဒါထက် မြသီတာကို တစ်ခုလောက် မေးပါရစေ"

"ကျွန်မကို မြသီတာလို့ပဲ ခေါ်နိုင်ပါတယ်၊ ဆရာသိချင်တာရှိရင် မေးပါ"

"အခုနောက်ဆုံးလေလံပွဲမှာ ကိုဟန်စိန်တို့ မဝယ်ခင် တခြားဘယ်သူတွေ ဝယ်ဖူးသေးလဲဟင်"

"ဒီပန်းချီကားကို ဖေဖေ မန္တလေးက ရလာခဲ့တာ သိပ်မကြာသေးဘူး၊ သူတို့အရင် တခြားတစ်ဦး ဝယ်သွားဖူးသေးတယ် ထင်တယ်၊ နောက်တော့ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ အိမ်ကို ပြန်ရောက်လာတယ်၊ အခုတစ်ကြိမ် လေလံပစ်တော့မှ သူတို့ ဝယ်သွားကြတာပါ"

မြသီတာဆိုသော မိန်းကလေးက တစ်စုံတစ်ခုကို ဖုံးကွယ်ထားခြင်းမျိုး မဟုတ်ဘဲ သူမ သိသမျှ ပြောပြနေခြင်းဖြစ်ဟန်ရှိသည်ဟု အကဲခတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားပြီးမှ ပြောလိုက်သည်။

"ဒီပန်းချီကားကို နောက်တစ်ကြိမ် ရောင်းလိုက်လို့ ဝယ်သွားပြန်ရင် အဲဒီဝယ်သွားတဲ့လူတွေ အန္တရာယ်နဲ့တွေ့ပြီး အသက်သေကြဦးမှာ အသေအချာပဲ"

ထိုစကားကြားသောအခါ မြသီတာမှာ များစွာထိတ်လန့်သွားဟန်ရှိလေသည်။

"ဒါ အမှန်ပြောတာလားဟင်"

"အမှန်ပြောတာပါ. . . ကျိန်စာသင့်နေတာတို့ ဘာတို့ ပြောနေကြတာတွေထက် ပိုပြီးကြောက်ဖို့ကောင်းပါတယ်၊ သဘောပေါက်အောင် ပြောရရင် ဒီပန်းချီကားထဲမှာ မိစ္ဆာဝိညာဉ် ပူးကပ်နေတာ အမှန်ပါပဲ"

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"ဘယ်သူ့ကိုမှ မရောင်းတော့ဘဲ ဒီပန်းချီကားကို ဖျက်ဆီးပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ထိုစကားကို ကြားသောအခါ မြသီတာက သူမသဘောကို ပြောပြသည်။

"ကျွန်မလည်း စိတ်ထဲမှာ ထင့်နေတာ ကြာပါပြီ၊ ဒါပေမယ့် ကျွန်မသဘောတစ်ခုနည်းနဲ့တော့ ဘာမှလုပ်လို့မရပါဘူး၊ ဖေဖေ ပြန်လာမှပဲ အကျိုးအကြောင်း ပြောပြပါ့မယ်"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့. . . ဒီပန်းချီကားနဲ့ ပတ်သက်ပြီး နောက်ထပ်လူတွေ မသေပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ"





ထို့နောက်မှာတော့ မြသီတာက ပန်းချီကားကို ကတ္တီပါစဖြင့် ပြန်ဖုံးထားလိုက်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

တစ်ဖက်တိုက်ဧည့်ခန်းသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့ကို လက်ဖက်ရည်နှင့် ဧည့်ခံရင်း သူမ သိချင်တာကို မေးသည်။

"ဒီလိုဆန်းကြယ်တဲ့အဖြစ်အပျက်မျိုးက တကယ်ရောရှိသလားဟင်"

"အများကြီး ရှိပါတယ်၊ ပန်းချီကားမှ မဟုတ်ပါဘူး၊ ရုပ်တုတွေမှာလည်း မိစ္ဆာဝိညာဉ်တွေ ပူးကပ်နေရင် လူတွေကို အန္တရာယ် ပေးနိုင်ပါတယ်"

"အဲဒါ ဘယ်လိုကြောင့် ဖြစ်တာလဲဟင်"

"မြသီတာ နားလည်သဘောပေါက်အောင် တိုတိုပြောရရင်တော့ လူတစ်ယောက် အသက်သေဆုံးကာနီးမှာ သူစွဲလမ်းနေတဲ့အရာပေါ်မှာ အာရုံရောက်လေ့ရှိပါတယ်၊ ကောင်းတဲ့အရာပေါ်မှာ အာရုံစွဲလမ်းမှု ရှိသလို မကောင်းတာပေါ်မှာလည်း အာရုံစွဲလမ်းမှု ရှိတတ်ပါတယ်"

"သေသွားပြီးတဲ့နောက်မှာ မကျွတ်မလွတ်ဘဲ ရှိနေကြတာ ဒီလိုအဖြစ်မျိုးတွေကြောင့်ပဲလားဟင်"

"မှန်ပါတယ်. . . အတော်များများကတော့ အသက်သေကာနီးမှာ ကောင်းတာထက် မကောင်းတာကို ပိုပြီးအာရုံရောက်လေ့ ရှိပါတယ်၊ အထူးသဖြင့် ရန်ငြိုးရန်စနဲ့ အာဃာတ, တရားတွေအပေါ်မှာ အာရုံစွဲလမ်းမှုရှိရင်တော့ ကြေကွဲစရာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်လာတတ်ပါတယ်"

"ဝိညာဉ်ဘဝရောက်မှ ကလဲ့စားချေမှုတွေ ဖြစ်တယ်ဆိုတာ ဒီလိုအဖြစ်အပျက်တွေလားဟင်"

"မှန်ပါတယ်. . . တစ်ခုခုပေါ်မှာ ရန်ငြိုးဖွဲ့နေရာက အသက်သေဆုံးသွားရင် အခြားနေရာသွားဖို့ထက် အဲဒီရန်ငြိုးအပေါ်မှာ ကလဲ့စားချေမှုအပေါ်မှာပဲ အာရုံရောက်နေတတ်တယ်။

ဝိညာဉ်ဘဝနဲ့ ရန်ငြိုးဖွဲ့ပြီဆိုရင် လူတွေ ရန်ငြိုးဖွဲ့တာထက် ပိုပြီးကြောက်စရာကောင်းပါတယ်"

"ဘယ်လိုကြောင့်လဲဟင်"

"လူအချင်းချင်း ရန်ငြိုးဖွဲ့ရင်တောင် ရုတ်တရက် တုံ့ပြန်ဖို့ မလွယ်လှဘူး၊ သူတစ်ပါးသတ်ရင် တရားဥပဒေရဲ့အပြစ်ပေးမှာကို ကြောက်ရွံ့တာတို့၊ တခြား ဂုဏ်သိက္ခာတွေ၊ တခြား အကြောင်းတွေကို ထောက်ပြီး ရုတ်တရက် တုံ့ပြန်ဖို့ မလွယ်လှဘူး"

"မှန်ပါတယ်"

"ဝိညာဉ်ကတော့ ဒီလိုမဟုတ်ဘူး၊ တစ်ခုခုပေါ်မှာ လမ်းမှုဖြစ်နေရင် အဲဒီအရာတစ်ခုပေါ်မှာပဲ အာရုံရောက်နေတော့တယ်၊ သူ့အနေနဲ့ လူတစ်ယောက်ကို သတ်လိုက်ရင်လည်း ဥပဒေရဲ့အပြစ်ပေးမှာကို မကြောက်ရဘူး၊ အခြားထောက်ထားစရာတွေလည်း မရှိတော့ စွဲလမ်းစိတ် မကုန်မချင်း လူတွေသတ်နေတော့တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စကားရပ်ပြီး စားပွဲပေါ်မှ





ချထားသော လက်ဖက်ရည်ပန်းကန်ကို ယူပြီး တစ်ငုံသောက်လိုက်သည်။

"ဒါဖြင့် ဒီပန်းချီကားကရော ဘယ်လိုမိစ္ဆာမျိုးတွေ ဝင်ပူးနေတာလဲဟင်"

"ဒီပန်းချီကားကို ရေးဆွဲခဲ့တဲ့သက်တမ်းက နှစ်ပေါင်းတစ်ရာကျော်လောက်ရှိပြီ၊ ပန်းချီကားထဲမှာ မိသားစုခြောက်ယောက်ထဲမှာ မိစ္ဆာဝိညာဉ် ပူးကပ်နေတဲ့လူတစ်ယောက်တော့ပါမှာ အမှန်ပဲ"

ထိုအခါ ကျော်စွာက ဝင်ပြောသည်။

"ကျွန်တော့်အထင်တော့ လူသတ်ကောင်ဟာ ဦးဒီပဆိုတဲ့လူပဲဖြစ်ရမယ်၊ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကိုကြည့်ရင် ရက်စက်ကြမ်းကြုတ်မှုတွေ တွေ့နေရတာပဲ"

"ဒါထက် ဆရာ့ကို မေးရဦးမယ်၊ ပန်းချီကားထဲမှာ ပါတဲ့လူတွေရဲ့လက်ထဲမှာ သင်တုန်းဓါးတွေ ကိုယ်စီကိုင်ထားကြတာ ဘယ်လိုသဘောမျိုးလဲဟင်"

"ကျန်တဲ့လူတွေ အတွေးရခက်အောင် ပဟေဠိပုစ္ဆာတွေ ပေးထားခဲ့တဲ့သဘောပါပဲ၊ ဒါကြောင့်လည်း ဒီပန်းချီကားဟာ အခြားသာမန် ပန်းချီကားတွေထက် ပိုပြီးကြောက်စရာကောင်းနေတာ ဖြစ်နေတာပေါ့"

"ကျွန်မလည်း ဒီပန်းချီကားကို မထားချင်ပါဘူး၊ ဖြစ်နိုင်ရင် ဖျက်ဆီးပစ်လိုက်ချင်ပါတယ်၊ ဒါပေမယ့် ဖေဖေ့ရဲ့သဘောကို မလွန်ဆန်နိုင်တော့ ခက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မလျှော့ပါနဲ့ မြသီတာ၊ တစ်နေ့နေ့မှာတော့ ခင်ဗျာ ရဲ့အကြံအစည်အတိုင်း ဖြစ်လာမှာပါ။ ကျွန်တော်တို့ကို အခုလ အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက ကျော်စွာတို့မှာ မြသီတာကို နှုတ်ဆက်ပြီးနောက် ပြန်ထွက်ခဲ့ကြ လေတော့သည်။







# အခန်း(၁၀)

# မန်းချီကားအတွင်းမှ သဲလွန်စ

နောက်ထပ်တစ်လခန့် ကြာသောအချိန်မှာ ဦးကျော်မင်းဒင်မှာ နောက်ထပ်ရှုလလဲပွဲတစ်ခုကို ထပ်မံပြုလုပ်ပြန်လေသည်။ ဂျူဗလီဟောခန်းမမှာပင် ထပ်မံပြုလုပ်ခြင်းဖြစ်ပြီး အခြားပစ္စည်းမျိုးစုံတို့အပြင် ဦးဒီပတို့မိသားစုပုံကို ရေးဆွဲထားသော ပန်းချီကားလည်း ပြန်လည်လေလံပစ်ပြန်လေသည်။

ထိုပန်းချီကားအကြောင်းကို ယခင်တစ်ပတ်က စိတ်ဝင်စားသူများရှိပြီး ယခုတစ်ကြိမ် လေလံခန်းမတွင် ပြန်လည်တွေ့ရသောအခါ အံ့သြနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ထိုနေရာ၌ ပြန်လည်ရောက်လာသည် ဆိုသောအချက်ကိုတော့ မသိကြပေ။

ပြခန်းဖွင့်သည့်နေ့က မြသီတာက ဖိတ်ထားသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့ ရောက်သွားကြသေ သည်။

စုံထောက်ကျော်စွာကတော့ အမှုအခင်းတစ်ခု ရှိနေ သောကြောင့် လေလံပွဲသို့ ရောက်မလာနိုင်ပေ။

ကျွန်ုပ်မှာ ပန်းချီကားနှင့် ပတ်သက်သောအဖြစ်အပျက် အကြောင်းများကို ဒေါက်တာမင်းထင်ကျော်က ပြောပြထာ သောကြောင့် ယခုတစ်ကြိမ်မှာ ပိုမိုစိတ်ဝင်စားမှု ရှိနေလေသည်

"မောင်ထင်ကျော်. . . ဒီတစ်ကြိမ် လေလံပစ်တော ပန်းချီကားကို လေလံဆွဲဝံ့တဲ့သူ ရှိပါ့မလား"

ဟု တိုးတိုးမေးလိုက်သည်။

"စိတ်မပူပါနဲ့ ဆရာ၊ မကြာခင်မှာ ဝယ်မယ့်သူ ပေါ်လာ ပါလိမ့်မယ်"

"ဘာကြောင့် အခုလို အတပ်ပြောနိုင်ရတာလဲ"

"ပန်းချီကားထဲမှာ ရှိနေတဲ့ မိစ္ဆာဝိညာဉ်တွေက ဆ ဆောင်လိုက်တဲ့အခါ ကံဆိုးတဲ့လူတစ်ယောက်ကတော့ ဝယ်ချင် စိတ်ပေါ်လာပြီး ဒီနေရာကို ရောက်လာပါလိမ့်မယ်"

"စိတ်ဝင်စားစရာတော့ ကောင်းနေပြီ"

ဒေါက်တာမင်းထင်ကျော် ပြောသလိုပင် ပြပွဲဖွင့်ပြီ မကြာခင်အချိန်မှာပင် ပန်းချီကားကို ဝယ်ယူမည့်သူ ပေါ်လာ





လေတော့သည်။

ကုက္ကိုင်းဘက်မှာ နေသော သူဌေးကတော်တစ်ဦးပင် ဖြစ်၏။ ဒေါ်စိန်ရုံဆိုသော သူဌေးကတော်ကြီးမှာ သူဌေးကြီး ကွယ်လွန်သွားပြီးသည့်နောက်မှာ ယောကျ်ားဘက်မှ တော်စပ် သော တူ၊ တူမများနှင့် အတူနေထိုင်သူဖြစ်သည်။

သူသည် ပန်းချီကားထဲမှ ပုံများကို တွေ့မြင်သောအခါ ၎င်းတို့ ဆွေတော်မျိုးတော်များဖြစ်သည်ဟု ထင်ကာ သတ်မှတ် ထားသောဈေးနှုန်းနှင့်ပင် ဝယ်ယူသွားခြင်းဖြစ်လေသည်။

ဦးကျော်မင်းဒင်ကတော့ ထိုပန်းချီကားနှင့် ပတ်သက်ပြီး မကြာခဏ ဝင်ငွေကောင်းနေသောကြောင့် သဘောအကျကြီး ကျနေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ မကြာခင် အချိန်မှာ နောက်ထပ်လူသတ်မှုများဖြစ်လိမ့်ဦးမည်ဟု ထင်နေမိ သည်။

"မောင်ထင်ကျော် ပြောတဲ့အတိုင်းပဲ၊ ပြပွဲဖွင့်တယ် ဆို တာနဲ့ ပန်းချီကားကို ဝယ်မယ့်သူက အရင်ဆုံး ရောက်လာတော့ တာပဲ၊ ဘယ်လိုတွေများ ဖြစ်လာဦးမယ် မသိဘူး"

"စောင့်ကြည့်မှပဲ သိရတော့မှာပေါ့ ဆရာရယ်"

ထို့နောက် ပန်းချီကား ဝယ်ယူသွားသူ၏အမည်နှင့် လိပ် စာကို မြသီတာထံမှ မေးမြန်းပြီး ပြန်ခဲ့ကြလေသည်။

ထိုပန်းချီကားကို ဝယ်ယူသွားသော ဒေါ်စိန်ရုံမှာ သူ၏ နေအိမ်သို့ သယ်ယူသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းနေသောနေရာမှာ ကုက္ကိုင်းအတွင်းဘက် တစ်နေရာတွင်ဖြစ်ပြီး ခြံကျယ်ဝန်းကျယ်နှင့်ပင်ဖြစ်လေသည်။

ခင်ပွန်းဖြစ်သူမှာ စက်ရှင်မင်းကြီးဟောင်းဖြစ်ပြီး အလုပ်တာဝန်ထမ်းဆောင်စဉ်ကတည်းက ချမ်းသာကြွယ်ဝလာသောကြောင့် ထိုနေရာဘက်တွင် ခြံဝယ်၍ တိုက်ကြီးတစ်လုံး ဆောက်ကာ တင့်တင့်တယ်တယ် နေနိုင်ခဲ့ခြင်းဖြစ်လေသည်။

ဦးဘဟန်နှင့် ဒေါ်စိန်ရှုံတို့မှာ သားသမီး မထွန်းကားသောကြောင့် ဦးဘဟန်ဘက်မှ တော်စပ်သော တူ၊ တူမများကို ခေါ်ယူမွေးစားထားလေသည်။

ငင်းတို့မှာ အရွယ်ရလာပြီဖြစ်ပြီး ဦးဘဟန် မရှိတော့သည့်နောက်ပိုင်းမှာ ဒေါ်စိန်ရှုံနှင့် သိပ်ပြီးမသင့်မြတ်ကြပေ။

သို့သော် ဒေါ်စိန်ရှုံ မရှိတော့လျှင် အမွေပစ္စည်းကို ငင်းတို့ပင် ရကြမည်ဖြစ်သောကြောင့် ဒေါ်စိန်ရှုံ ပြောသမျှဆိုသမျှ သည်းခံပြီး နေကြရလေသည်။

ဒေါ်စိန်ရှုံသည် ငင်း၏မိတ်ဆွေများနှင့် ဖဲဝိုင်းမှ ထသည် မရှိပေ။

ပိုကာဆွဲရသည်ကို များစွာဝါသနာကြီးလှသူဖြစ်ရာ အခြားမိတ်ဆွေများအိမ်မှ ချိန်းလျှင်လည်း သွားရောက်ကစားလေ့ရှိပြီး အကယ်၍ အခြားအိမ်မှာ မလုပ်ဖြစ်လျှင် သူ့အိမ်မှာချိန်း၍ ကစားကြလေသည်။

ထိုသို့ ဖဲကစားနေရလျှင် အရာရာကို မေ့လျော့နေပြီး ဖဲနိုင်လာလျှင် ပြုံးပြုံးရွှင်ရွှင် ရှိသော်လည်း ဖဲရှုံးလာသောနေ့တွင်





သုန်မှုန်နေပြီး အိမ်မှာရှိသည့်လူများကို အကြောင်းမရှိ အကြောင်းရှာ၍ ဆူပူကြိမ်းမောင်းနေလေ့ရှိသည်။

သို့ကြောင့် အိမ်မှာ နေကြရသူများမှာ နေ့စဉ် ဒေါ်စိန်ရှုံ ဖဲနိုင်ပါစေဟုသာ ဆုတောင်းနေကြရသည်။

ယခုလည်း ဖဲဝိုင်းမဖြစ်သောရက်တွင်း ဂျူဗလီဟောမှာ ကျင်းပသော လေလံပွဲသို့ သွားကာ ပန်းချီကားတစ်ချပ် ဝယ်ယူလာပြီး အိမ်သို့ ရောက်လာသောအခါ ဧည့်ခန်းမှာ မထားဘဲ သူမအိပ်ခန်းအတွင်းမှာ ချိတ်ဆွဲရန် ပြင်နေလေသည်။

"မေမေကြီးကလည်း ဒီပန်းချီကားကြီးက လှလည်း မလှဘဲနဲ့ ဘာဖြစ်လို့ ဈေးကြီးပေးပြီး ဝယ်လာတာလဲ မသိဘူး"

"ဟုတ်ပါရဲ့. . . နောက်ပြီး ချိတ်တော့လည်း သူများမြင်မှာစိုးလို့လား မသိဘူး၊ အခန်းထဲမှာ ချိတ်ဖို့ လုပ်နေတယ်"

ထိုသို့ အချင်းချင်း တိုးတိုးပြောနေကြသည်ကို ဒေါ်စိန်ရှုံ ကြားသွားသောအခါ. .

"နင်တို့က ဘာသိလို့ ပြောနေကြတာလဲ၊ ဒီပန်းချီကားထဲမှာပါတဲ့ မိသားစုတွေက ငါတို့တစ်တွေနဲ့ ဆွေမျိုးစဉ်ဆက်တွေထဲက လူတွေပဲ၊ ငါက မန္တလေးသူဆိုတာ နင်တို့ မေ့နေကြပြီလား၊ ဒီပန်းချီကားထဲမှာ ပါတဲ့လူတွေကလည်း မန္တလေးကပဲ၊ အခြေအမြစ် မသိဘဲနဲ့ အရမ်းလျှောက်ပြောမနေကြနဲ့"

ဟု ပြောလိုက်တော့မှ အားလုံးငြိမ်ကျသွားလေတော့သည်။ ဒေါ်စိန်ရှုံသည် ပန်းချီကားကို ဝယ်ယူလာပြီး အိပ်ခန်းထဲမှာ ချိတ်ထားပြီးသည့်နောက် ညစဉ်ညတိုင်း ဖဲဝိုင်းရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အိမ်သို့ပင် ပြန်မအိပ်နိုင်ရှာပေ။

ထုံးစံအတိုင်း ဖဲဝိုင်းသိမ်းကြသည့်အချိန် မိုးလင်းကာမှ ရောက်မှ ပြန်လာပြီး တစ်နေကုန် အိပ်နေတော့သည်။

သို့ကြောင့် အိမ်မှာ ဘာတွေဖြစ်နေသည်ကိုပင် မသိရှာပေ။

ညနေစောင်းမှ အိပ်နေရာမှ ထပြီး ရေမိုးချိုး အဝတ်အစား လဲကာ ဖဲဝိုင်းသို့ သွားပြန်လေသည်။

နောက်တစ်နေ့ ဒေါ်စိန်ရုံ ဖဲဝိုင်းမှ ပြန်လာသောအချိန်တွင် တူဖြစ်သူ မောင်ထွန်းဇော်နှင့် တူမဖြစ်သူ ကြည်ကြည်မြတို့က ပြောသည်။

"ညဘက် မမကြီး မရှိတဲ့အချိန် အိမ်ပေါ်ထပ်က ခြေသံတွေ တံခါးဖွင့်သံ ပိတ်သံတွေ ကြားရတယ်"

"ဟုတ်တယ် မမကြီး၊ ကျွန်တော်တို့မောင်နှမ အပေါ်တက်ကြည့်တော့လည်း ဘာမှမတွေ့ရဘူး"

"သူခိုးသူဝှက် ဝင်တာလည်း ဖြစ်နေဦးမယ်၊ ပစ္စည်း အပျောက်အရှ ရှိသလား"

"ဟင့်အင်း . . အဲ့သည်လို ပျောက်တာတော့ ဘာမှမရှိဘူး၊ ခြေရာလက်ရာ ပျက်တာလည်း မတွေ့ရပါဘူး"

"ညဘက် ရောက်ရင် ခြေစောင့်ကုလားတွေကိုချည်း စိတ်ချထားမနေကြနဲ့၊ နင်တို့ကလည်း နိုးနိုးကြားကြားနဲ့ ကြည့်ကြပေါ့၊ ငါပြောတာ ကြားလား"

"ဟုတ် . . ဟုတ်ကဲ့ပါ"





ထို့နောက် ဒေါ်စိန်ရုံတစ်ယောက် ဘောက်စ်ဂွန်းကားနှင့် အပြင်သို့ ထွက်သွားလေသည်။

သို့သော်လည်း ည(၈)နာရီလောက်အချိန်ရောက်မှ ပြန်ရောက်လာလေသည်။

ချိန်းဆိုထားသောဖဲဝိုင်း ပျက်သောကြောင့် စိတ်ပျက်လက်ပျက်နှင့် ပြန်ရောက်လာခြင်းဖြစ်သည်။

အိမ်သို့ ပြန်ရောက်လာသည်နှင့် မည်သူ့ကိုမှ စကားမပြောဘဲ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်လာခဲ့သည်။

မောင်ထွန်းအောင်နှင့် ကြည်ကြည်မြတို့က အောက်ထပ်အိပ်ခန်းမှာ အိပ်ကြပြီး အပေါ်ထပ်မှာ ဒေါ်စိန်ရုံတစ်ဦးတည်း ရှိလေသည်။

အိပ်ခန်းတွင်း ပြန်ရောက်ပြီး ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သောအခါ ခြေရင်းဘက်နံရံပေါ်မှာ ချိတ်ထားသော ပန်းချီကားကြီးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားလေတော့သည်။

ထိုအခါမှပင် ဒေါ်စိန်ရုံမှာ သူဝယ်ယူလာသော ပန်းချီကားချပ်ထဲမှ ပုံများကို အသေအချာ ကြည့်မိလေတော့သည်။

ပန်းချီကားထဲမှာ ဆွဲထားသောပုံများမှာ ယောကျ်ားသုံးယောက် မိန်းမသုံးယောက် ပါသည်။

အားလုံး၏မျက်နှာများမှာ ရန်လိုနေသောအမူအရာများ ရှိကြလေသည်။

ပန်းချီကားအတွင်းမှ မိန်းကလေးတစ်ဦးသော အဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ဂါဝန်အင်္ကျီနှင့် ဖြစ်ပြီး ကျန်ငါးယောက် ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ အမည်းရောင်နှင့်အညိုရောင်များ ဖြစ်သည်။

ထူးထူးခြားခြား လက်ထဲမှာ သင်တုန်းဓါးများ ကိုင်ထားပြီး အချို့ဓါးများ၏ဓါးသွား၌ သွေးစွန်းနေဟန် ရေးထားလေသည်။

ခုတင်ပေါ်၌ ပက်လက်အနေအထားဖြင့် ကြည့်သောအခါ ပန်းချီကားထဲမှ လူအားလုံး၏မျက်လုံးများက သူ့ကို ဝိုင်းကြည့်နေသလို ထင်ရသည်။

ထိုသို့ကြည့်နေရင်းနှင့် အချိန်ကြာလာသောအခါ မျက်လုံး ညောင်းလာသောကြောင့် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

ထိုသို့အိပ်ပျော်သွားသော်လည်း အိပ်မက်မက်နေသလိုနှင့် သူ့မျက်လုံးများက ပန်းချီကားကို မြင်နေရဆဲပင် ရှိသေးသည်။

ဒီတစ်ကြိမ်မှာတော့ ပန်းချီကားထဲမှာ ရှိသော ရုပ်ပုံများမှာ အသက်ဝင်နေသကဲ့သို့ ဖြစ်လာသည်။

ရှေ့ကို စိုက်ကြည့်နေသည့် လူကြီး၏မျက်နှာက ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် အမျိုးမျိုး ပြောင်းလဲလှုပ်ရှားလာသည်။ ဒေါ်စိန်ရုံစိတ်ထဲမှာ ထူးဆန်းလှသည်ဟုတော့ ထင်နေမိသည်။

ထိုသို့ကြည့်နေရင်းမှာပင် အတော်ကြာတော့ ပန်းချီ





ကားထဲမှ လူခြောက်ယောက် မရှိတော့ဘဲ လူငါးယောက်သာ တွေ့ရလေသည်။

"စောစောက ငါကြည့်တုန်းက ပန်းချီကားထဲမှာ လူခြောက်ယောက်ရှိနေတာပဲ၊ အခု တစ်ယောက်က ဘယ်ပျောက်သွားပါလိမ့်"

ဟု တွေးမိလေသည်။

ထိုသို့တွေးတောနေစဉ် အခန်းအပြင်ဘက်မှ လျှောက်လာသောခြေသံကို အရင်ကြားရသည်။

အောက်ထပ်မှ တစ်ယောက်ယောက် အပေါ်သို့ တက်လာနေသည်ဟု ထင်နေမိစဉ်မှာ ခြေသံက အခန်းတံခါးပေါက်ဝသို့ ရောက်လာလေသည်။

"ရှပ် . . ရှပ် . . ရှပ်"

"ကျွီ . . "

ပိတ်ထားသောတံခါးမှာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သဖြင့် တဖြည်းဖြည်းနှင့် ဟသွားလေသည်။

အိပ်ရာမှ မထသေးဘဲ လှမ်းကြည့်လိုက်တော့ အခန်းပေါက်ဝမှာ လူတစ်ယောက် ရပ်နေသည်။

စကြိုလမ်းမှာ ထွန်းထားသောမီးရောင်ကြောင့် ထိုသူ၏ အရိပ်မည်းကြီးက အခန်းတွင်းသို့ ထိုးကျနေသည်။

ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံနှင့် မိမိအိမ်မှ အိမ်သားတစ်ယောက် မဟုတ်မှန်း ဒေါ်စိန်ရုံစိတ်ထဲမှာ သိနေသည်။ ထိုအချိန်မှာ အခန်းပေါက်ဝမှာ ရပ်နေသူက အခန်းတွင်းသို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ရှုံက စိတ်ထဲမှာ စိုးရိမ်စိတ် ဝင်သွားသော ကြောင့် လှဲနေရာမှ ထထိုင်လိုက်သည်။

"ငါ့အခန်းထဲ ဝင်လာတာ ဘယ်သူလဲ"

ဝင်လာသူက ပြန်မဖြေပေ။

"မေးနေတယ်လေ. . . ဘယ်သူလဲ"

ဘာမှပြန်မပြောဘဲနှင့် အနီးသို့ ကပ်လာတော့မှ ပုံပန်း သဏ္ဍာန်ကို တွေ့မြင်သွားတော့သည်။

"ဟင်. . နင်. . နင်. . "

ဒေါ်စိန်ရှုံအသံက နောက်ကျသွားလေသည်။

ခုတင်နားမှာ ရပ်နေသူက လက်ထဲမှာ ကိုင်ထားသော သင်တုန်းဓါးဖြင့် ဒေါ်စိန်ရှုံလည်ပင်းကို လှီးချလိုက်လေတော့ သည်။

"အား. . . ကယ်ကြပါဦး"

တိတ်ဆိတ်နေသောအချိန်မှာ ဒေါ်စိန်ရှုံ၏အော်သံက စူးစူးဝါးဝါး ပေါ်လာလေတော့သည်။

ထိုအော်သံကြားတော့မှ အောက်ထပ်မှာ ရှိနေကြသော မောင်ထွန်းအောင်၊ ကြည်ကြည်မြနှင့် အိမ်ဖော်များ အပေါ်ထပ် သို့ ပြေးတက်လာကြသည်။

အိပ်ခန်းတွင်း ရောက်ပြီး ကြည့်လိုက်သောအခါ ဒေါ် စိန်ရှုံမှာ လည်ပင်းပြတ်ကာ သေဆုံးနေလေပြီ။

"မေမေကြီး. . . မေမေကြီး"

မည်သို့ပင် ခေါ်သော်လည်း မလှုပ်နိုင်တော့ပေ။





လည်ပင်းပြတ်နေသောနေရာမှ ထွက်နေသောသွေး များက ခုတင်ပေါ်မှာ နီရဲနေလေပြီ။

နောက်တော့ ခြံစောင့်များက ကုက္ကိုင်းရဲစခန်းကို သွား ရောက်အကြောင်းကြားသောကြောင့် စုံထောက်နှင့်ပုလိပ်များ ရောက်လာသည်။

ကုက္ကိုင်းစခန်းမှ ဌာနအုပ်ကြီးဦးဘိုးလူက အခြားဂါတ် တဲစခန်းများကိုပါ အသိပေးလေရာ ကျော်စွာတို့က ထိုသတင်း ကို လက်ခံရလေသည်။

စုံထောက်ကျော်စွာမှ ဒေါက်တာမင်းထင်ကျော်ထံ အ ကြောင်းကြားသဖြင့် ကားဖြင့် ချက်ချင်းသွားလေသည်။

ရွှေတောင်ကြားနှင့်ကုက္ကိုင်းမှာ မဝေးလှသဖြင့် ခဏချင်း ရောက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ အလောင်းနှင့် သက်ဆိုင်သူများကို စစ်ဆေးနေသောအချိန်ပင် ရှိသေးသည်။

ကုက္ကိုင်းဂါတ်စခန်း ဌာနအုပ်ဦးဘိုးလူမှာ ဒေါက်တာ မင်းထင်ကျော်ကို ကောင်းစွာသိနေသဖြင့် ကြည့်ရှုခွင့်ပေးလေ သည်။

ဒေါက်တာမင်းထင်ကျော်က အသတ်ခံထားရသော ဒေါ်စိန်ရှုံအလောင်းကို အရင်ကြည့်သည်။

လည်ပင်းမှာ တစ်ဝက်လောက် ပြတ်နေပြီး ဖက်က တစ် ဖက်သို့ လည်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မသေမီ လွန်စွာကြောက်မက်ဖွယ်ကောင်းသောအရာ တစ်ခုကို တွေ့မြင်ခဲ့ဟန်ဖြင့် မျက်လုံးမှာ ပြူးထွက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းအခြေအနေကို ကြည့်ရင်းနှင့် ခုတင်ခြေရင်းမှာ ချိတ်ထားသော ပန်းချီကားကို မြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

မီးရောင်ဖြင့် ပန်းချီကားအောက်ဘက်ကြမ်းပြင်ပေါ်မှာ စွန်းပေနေသည့် သွေးစက်များကို အရင်တွေ့ရသည်။

လက်ဖြင့် တို့ကြည့်တော့ မကြာသေးခင်ကမှ ကျထားသောကြောင့် မခြောက်သေးပေ။

စေးကပ်ကပ်နှင့်ပင် ရှိနေသေးသည်။

ထို့နောက် ပန်းချီကားကို မော့ကြည့်လိုက်သောအခါ ဆွဲထားသောရုပ်ပုံအချို့မှာ အနေအထား ပြောင်းနေကြလေသည်။

ဒီတစ်ကြိမ် အနေအထား ပြောင်းနေသောပုံမှာ သူမျှော်လင့်ထားသလို ဦးဒီပ,ပုံ မဟုတ်သောကြောင့် များစွာအံ့ဩသွားမိလေသည်။





# အခန်း(၁၁)

# မိစ္ဆာဝိညာဉ်၏မာယာ

နောက်တစ်နေ့ နံနက်စောစောအချိန်မှာပင် စုံထောက်ကျော်စွာတစ်ယောက် ၎င်း၏လင့်ရှိဘာကားဖြင့် ဒေါက်တာမင်းထင်ကျော်အိမ်သို့ ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုအချိန်မှ အိပ်ရာမှ ထတာ မျက်နှာသစ် အဝတ်အစားလဲရသည်။

ထို့နောက် တပည့်တစ်ယောက် ဖျော်ပေးသော ကော်ဖီသောက်ရင်း ဧည့်ခန်းမှာ ထိုင်ပြီး စကားပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက အတော်အိပ်ပျက်သွားသလား ဆရာ၊ ဘယ် အချိန် ပြန်ရောက်လာသလဲ"

"သန်းခေါင်းကျော်မှ အိမ်ပြန်ရောက်တယ်"

"ဘာတွေထူးသလဲ ဆရာ၊ အဲဒါသိချင်လို့ ကျွန်တော် လာခဲ့တာ"

"ထုံးစံအတိုင်းပါပဲ. . . လမ်းမတော်က နှစ်လောင်းပြိုင် လူသတ်မှုနဲ့ ခပ်ဆင်ဆင်ပါပဲ၊ ပန်းချီကားကို လေလံပွဲက ဝယ် သွားပြီး နောက်ရက်မှာ လည်ပင်းပြတ်ပြီး သေရတာပါပဲ"

"ဒီအတိုင်းဆိုရင် ဆရာယူဆတာ မှန်နေပြီနဲ့ တူတယ်"

"ကျွန်တော်တော့ ပန်းချီကားထဲက မိစ္ဆာဝိညာဉ် လက် ချက်ပဲလို့ ထင်တာပဲ၊ အဲဒီညက ပန်းချီကားရဲ့အောက်မှာ သွေး စက်တွေ ကျနေတာကို တွေ့ရရုံတင်မကဘူး၊ ပန်းချီကားထဲက လူတွေပါ အနေအထား ပြောင်းနေတာကို တွေ့ခဲ့ရတယ်"

"ဆရာပြောတဲ့ ဦးဒီပဆိုတဲ့လူကြီးလား"

"သူတင် မကဘူး၊ ကျန်တဲ့လူတွေပါ အနေအထား ပြောင်းလဲနေတာကို သတိပြုမိခဲ့တယ်"

"ဒီအတိုင်းပဲဆိုရင်တော့ ပန်းချီကားထဲမှာ ပါတဲ့လူ အားလုံး မိစ္ဆာဝိညာဉ် ပူးကပ်နေရော့သလား"

"ဒါကတော့ မပြောနိုင်ဘူး မောင်ကျော်စွာရေ၊ သေချာ တာတစ်ခုကတော့ ဒီပန်းချီကားကို နောက်ထပ်လေလံဆွဲမှာ၊ လေလံပစ်လို့ ဝယ်ရင်တော့ ဝယ်တဲ့လူ အသတ်ခံရဦးမှာ အသေ အချာပဲ"





"ဒါဖြင့် ဘယ်လိုတားဆီးမလဲ ဆရာ၊ ကျွန်တော်တို့ဘက် က ခိုင်လုံတဲ့သက်သေပြချက်တွေနဲ့ လက်ဆုပ်လက်ကိုင် ပြနိုင် တာ မရှိဘဲနဲ့ ဒီပန်းချီကားကို ဖျက်ဆီးပစ်လိုက်ပါ၊ မရောင်းပါနဲ့လို့ လည်း တားဆီးလို့ရမှာ မဟုတ်ဘူး"

"ဒါကတော့ အမှန်ပဲ၊ အခုလောက်ဆိုရင် ပန်းချီကားက ဦးကျော်မင်းဒင်လက်ထဲ ပြန်ရောက်နေလောက်ပြီ၊ သူက စီးပွား ရေးသမားသက်သက်ဆိုတော့ နောက်တစ်ကြိမ် လေလံပွဲလုပ် ရင် ပန်းချီကားကိုပါ လေလံပစ်ဦးမှာ သေချာတယ်၊

ဘာကြောင့်လဲဆိုတော့ ဒီပန်းချီကားက သူ့အတွက် ဈေးကွက်အဝင်ဆုံးနဲ့ အကျိုးအမြတ် အများဆုံးရတဲ့ ပစ္စည်း ဖြစ်နေတာကိုး"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာ၊ ကျွန် တော်တို့ တစ်ခုခု လုပ်မှ သင့်မယ်ထင်တယ်"

ထို့နောက် နှစ်ယောက်သား ကော်ဖီသောက်ရင်း အကြံ ထုတ်ကြလေသည်။

အတန်ကြာမှ ဒေါက်တာမင်းထင်ကျော်က. . .

"ဒီကိစ္စမျိုးက ဂမ္ဘီရနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်နေတော့ လက်ဆုပ်လက်ကိုင် ပြဖို့လည်း မလွယ်ဘူး၊ တခြားလူတွေကို ပြောရင်လည်း လက်ခံကြမှာ မဟုတ်ဘူး၊

ပန်းချီကားကို ဆက်ထားပြန်ရင်လည်း နောက်ထပ်လူ တွေ သေကြဦးမှာပဲ၊ တစ်ခုတော့ ရှိတယ်၊ အဲဒီပန်းချီကားကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖျက်ဆီးပစ်နိုင်ရင်တော့ ပိုကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

ဟု ပြောလေသည်။

"ဘယ်လိုဖျက်ဆီးမလဲ ဆရာ"

"အတွင်းလူတစ်ယောက်ကို အကူအညီတောင်းမှ ဖြ
မယ်၊ မြသီတာက ဒီအကြောင်းတွေကို သဘောပေါက်ထားတဲ့
ဆိုတော့ သူ့ရဲ့အကူအညီကို ယူမှဖြစ်မယ်"

"သူတို့ရဲ့စီးပွားရေး ထိခိုက်မယ့်ကိစ္စဆိုတော့ လက်ခံ
မလား ဆရာ"

"ဒါကတော့ သူနဲ့ တွေ့ပြီး အကျိုးအကြောင်း ပြေ
ကြည့်တော့မှပဲ အဖြေသိရမှာပဲ"

ထိုသို့တိုင်ပင်ပြီး မြသီတာနှင့် တွေ့ရန် ဖုန်းဆက်
ခွင့်တောင်းရာ သူမကလည်း လွယ်လင့်တကူပင် လက်ခံ
သည်။

ထို့ကြောင့် နှစ်ယောက်သား ကားဖြင့် သွားကြ
သည်။ သူမ၏နေအိမ် ရောက်သောအခါ ဦးကျော်မင်းဒင် 
ပေ။

"ဖေဖေကတော့ ကုတ္တိုင်းက ပန်းချီကားကို ပြန်
အသည်းအသန် ကြိုးစားနေတော့တာပဲ"

"ကျွန်တော်တို့ လာခဲ့တာ ဒီအတွက်ပါပဲ မြသီတ
ဒီပန်းချီကားက သာမန်မဟုတ်ပါဘူး၊ မိစ္ဆာဝိဇ္ဇာဥ်တစ်
ပူးကပ်နေတာ အမှန်ပါပဲ၊ ဒါကြောင့် ပန်းချီကားကို ဝယ်သူတို
အန္တရာယ်ဆိုးနဲ့ တွေ့ပြီး သေရတာပါပဲ"





ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ မြသီ
တာက သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချလိုက်လေသည်။

"ဒီအတွက် ကျွန်မလည်း စိတ်မကောင်းပါဘူး၊ ဆရာတို့
တို့ ဘယ်လိုအကူအညီပေးရမလဲဆိုတာ ပြောပါ"

ဟု ပွင့်ပွင့်လင်းလင်းပင် မေးလေသည်။

"ကျွန်တော့်သဘော ပြောရရင်တော့ ဒီပန်းချီကားကို
ဖျက်ဆီးပစ်ချင်ပါတယ်၊ ဒီအတွက် တန်ဖိုးပေးရမယ်ဆိုရင်လည်း
ပေးပါ့မယ်၊

ဒီအတွက် မြသီတာက ကျွန်တော်တို့ကို အကူအညီပေး
ပါ"

"တန်ဖိုးပေးစရာ မလိုပါဘူး ဆရာရယ်၊ ကျွန်မ အကူ
အညီပေးပါ့မယ်၊ ဒါပေမယ့် အခုလောလောဆယ်မှာ ပန်းချီကား
က ကျွန်မတို့လက်ထဲ ပြန်မရောက်သေးပါဘူး၊

တကယ်လို့ ပြန်ရလာခဲ့ရင် ဆရာ့ဆီကို တယ်လီဖုန်း
ဆက်ပြီး အကြောင်းကြားပေးပါ့မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်းအိမ်မှ
ဖုန်းနံပါတ်ကို ပေးထားခဲ့ပြီး ပြန်ခဲ့ကြလေသည်။

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ မြသီတာထံမှ
တယ်လီဖုန်း အဆက်အသွယ်ရလေသည်။

အိမ်မှာ ပန်းချီကားပြန်ရောက်နေပြီဆိုသောအကြောင်း
နှင့် ဦးကျော်မင်းဒင် ခရီးထွက်သွားသောကြောင့် ပစ္စည်းများ
ထားသော တိုက်အတွင်းသို့ ဝင်ရောက်ရမည့်နည်းများကို အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြားသဖြင့် များစွာဝမ်းမြောက်သွားလေသည်။

ထို့နောက် စုံထောက်ကျော်စွာနှင့် တိုင်ပင်ပြီး သွား မြင်ကြလေသည်။

ထို့နေ့က ညဉ့်အတော်နက်မှ မြသီတာတို့ ခြံရှိရာဘ သို့ သွားကြလေသည်။

ခြံနှင့် အတော်ဝေးသောနေရာတွင် ကားကို ရပ်ထား ပြီးမှ နှစ်ယောက်သား ခြေလျင်သွားကြသည်။

ထို့နောက် အစောင့်မရှိသော ခြံအနောက်ဘက်မှ တွင်းသို့ ရောက်အောင်ဝင်ကြသည်။

အတွင်းသို့ ရောက်ပြီး အခြေအနေကြည့်သောအ မြသီတာနေသော တိုက်ဘက်မှ မီးရောင်များ လင်းနေသေ လည်း ရှေးဟောင်းပစ္စည်းများချည်း သိုးသန့်ထားသော တို အတွင်းမှာတော့ မီးရောင်က ခပ်မှိန်မှိန်သာ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်စလုံးမှာ အ ဘောင်းဘီအညိုရောင်များ ဝတ်ထားကြပြီး ဦးထုပ်ကို ခပ်စို စိုက် ဆောင်းထားကြသည်။

နှစ်ယောက်စလုံးဆီမှာ သေနတ်နှင့် လက်နှိပ်မီးအသေ စား တစ်လက်စီ ပါကြလေသည်။

အခြေအနေကို ကြည့်ပြီး နှစ်ယောက်သား တိုက် နောက်ဘက်တံခါးရှိရာသို့ လျှောက်လာကြသည်။

"မြသီတာက အတွင်းဝင်ဖို့ တံခါးဖွင့်ပေးထားမယ် ပြောထားတယ်"





"ဟန်ကျတာပေါ့"

ထိုနေရာသို့ ရောက်သောအခါ ပိတ်ထားသော အ နောက်ဘက်တံခါးကို ဖွင့်ကြည့်သောအခါ သံဘာဂျာတံခါးရော အတွင်းမှ တံခါးပါ အလွယ်တကူ ပွင့်သွားသဖြင့် အတွင်းသို့ ဝင်ခဲ့ကြလေသည်။

အတွင်းပိုင်းမှာတော့ မီးရောင်ခပ်မှိန်မှိန်သာ ရှိသော် လည်း ကောင်းစွာမြင်ရလေသည်။

နှစ်ယောက်သား ပန်းချီကားကို လိုက်လံရှာဖွေရာ ယ ခင်ထားသော လှေခါးထိပ် အပေါ်ထပ်နံရံ၌ ချိတ်ထားသည်ကို တွေ့ကြရသည်။

ကတ္တီပါစနှင့် အုပ်ထားသောကြောင့် ဆွဲဖယ်လိုက် သည်။ ဒီတစ်ကြိမ်မှာတော့ ယခင်တွေ့ရသည်နှင့် သိပ်မတူတော့ ဘဲ ပန်းချီကားထဲမှာ ပါသောလူအားလုံးက သူတို့ကို စိုက်ကြည့် နေသကဲ့သို့ ရှိသည်။

"ဆရာ. . . ကျွန်တော်တော့ ဒီပန်းချီကားကို ကြည့်ရင်း စိတ်ထဲမှာ ကြောက်လာသလိုပဲ၊ ပန်းချီကားထဲက လူတွေရဲ့ မျက်လုံးတွေက ဒေါသထွက်နေသလိုပဲနော်"

"မင်းစိတ်ထင်နေလို့ဖြစ်မှာပါ"

"စိတ်ထင်လို့ ပြောတာမဟုတ်ဘူး ဆရာရဲ့၊ သူတို့မျက် နှာတွေက အသက်ဝင်နေသလိုပဲ၊ အခုချက်ချင်း ပန်းချီကားထဲ က ထွက်လာပြီး ကျွန်တော်တို့ကို ရန်မူမယ့်အတိုင်းပဲ"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ ကျော်စွာပြောသည့်အတိုင်း ဒေါသမျ
လုံးများဖြင့် စိုက်ကြည့်နေကြသည်ကို သတိပြုမိလေသည်။

"သူတို့ကို ဖျက်ဆီးတော့မှာ သိလို့ ဒေါသဖြစ်နေကြတ
နေမှာပေါ့၊ သူတို့ ဒေါသထွက်နေရင်လည်း ခဏပေါ့၊ အ
အလုပ်စလိုက်ကြရအောင်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က အိတ်အတွ
မှာ ထည့်လာသော မောင်းချခါးကို ထုတ်ပြီး ပန်းချီကားချပ
လေးဘက်လေးတန် လှီးယူလိုက်သည်။

နံရံမှာတော့ ပန်းချီကားဘောင်သာ ကျန်ခဲ့တော့သည

"ဘယ်လိုလုပ်မလဲ ဆရာ"

"နောက်အခန်းတစ်ခုထဲ သွားပြီး မီးရှို့ပစ်လိုက်ရင် ကိ
ပြီးရော မဟုတ်လား"

ထို့နောက် ပန်းချီကားချပ်ကို လိပ်ကာ နောက်ဘ
အခန်းတစ်ခုအတွင်းသို့ ယူသွားကာ မီးရှို့ပစ်လိုက်ကြလေသည

အခန်းမှာ လုံနေသည်ကတစ်ကြောင်း၊ အစောင့်မျာ
လည်း ထိုအနောက်ဘက်၌ မရှိကြသည်က တစ်ကြောင်းကြော
မည်သူမှ မရိပ်မိလိုက်ကြပေ။

ပန်းချီကားတစ်ချပ်လုံး ပြာကျသွားတော့မှ မီးကြ
မီးကျန်များကို ငြိမ်းသတ်ပြီး နှစ်ယောက်သား အပြင်သို့
ထွက်လာသည်။

သူတို့ အပြင်သို့ ရောက်သောအခါ အမှောင်ရိပ်ထဲ
စောင့်နေသော မြသီတာနှင့် တွေ့ရသည်။





"ဆရာတို့ အဆင်ပြေသွားပြီလား"

"ပန်းချီကားကို မီးရှို့ပစ်လိုက်ပြီ၊ အခုလို အကူအညီပေး
တဲ့အတွက် မြသီတာကို အများကြီး ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဆရာရယ်၊ အားလုံး အန္တရာယ်ကင်းအောင်
လုပ်ကြတာပဲ"

ထိုသို့ပြောနေစဉ် စုံထောက်ကျော်စွာက ပြောသည်။

"ဆရာ. . ကျွန်တော့်ရဲ့ကားသော့ အထဲမှာ ကျန်နေခဲ့ပြီ
ထင်တယ်၊ မတွေ့တော့ဘူး"

"ဘယ်နေရာမှာ ဖြစ်မယ်ထင်သလဲ"

"ကျွန်တော်ထင်တာတော့ ပန်းချီကားချပ် လှီးဖြတ်နေ
တုန်းက ကျကျန်ခဲ့တာပဲ ဖြစ်မယ်ထင်တယ်"

"ကားသော့ကျန်နေမှတော့ တွေ့အောင်ပြန်ရှာရမှာ
ပေါ့၊ အတွင်းပြန်ဝင်ကြရအောင်"

သူတို့ နောက်တစ်ကြိမ် ပြန်ဝင်လာသောအခါ မြသီတာ
တပါ နောက်မှ လိုက်လာလေသည်။

အတွင်းပြန်ရောက်သောအခါ အမှောင်ရိပ်များထဲမှ
ရယ်သံလိုလို စကားပြောသံလိုလိုအသံမျိုးကို ခပ်တိုးတိုး ကြားကြ
ရသည်။

"ဆရာတို့က ပန်းချီကားကို မီးရှို့ပစ်လိုက်ပြီလို့ ပြော
တယ်၊ ကျွန်မစိတ်ထဲမှာတော့ အခုထိ တစ်ခုခုဖြစ်မှာကို ကြောက်
နေတုန်းပဲ"

ဟု မြသီတာက လေသံတိုးတိုးနှင့် ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား လှေခါးအတိုင်း အပေါ်သို့ ပြန်တက်လာသည်။

မလှမ်းမကမ်းနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သည်။ သူမျှော်လင့်ထားသည်က ပန်းချီကားချပ် မရှိတော့သော ဘောင်ကိုသာ တွေ့ရလိမ့်မည်ဟု ထင်ထားသော်လည်း ယခုတော့မဟုတ်ပေ။

မူလအတိုင်း ကတ္တီပါစက ပန်းချီကားပေါ်မှာ ယခင်အတိုင်း ဖုံးထားသည်ကို လှမ်းမြင်ရသောကြောင့် ခြေလှမ်းတုံ့သွားသည်။

"ဘာဖြစ်လို့လဲ ဆရာ"

နောက်မှ လိုက်လာသောကျော်စွာက မေးသည်။

ဒေါက်တာမင်းထင်ကျော်က ပြန်မပြောဘဲ နောက်တစ်ကြိမ် ပန်းချီကားရှိရာသို့ မီးရောင်ဖြင့် ထိုးပြလိုက်သည်။

"ကတ္တီပါစကြီးက စောစောက အောက်ကို ဖြုတ်ချထားခဲ့တာ မဟုတ်လား၊ ဘယ်သူပြန်တပ်သွားတာလဲ"

ထို့နောက် သုံးယောက်သား အပေါ်ရောက်အောင် တက်လာခဲ့ကြသည်။

အပေါ်ထပ်ရောက်သောအခါ ပန်းချီကား အောက်ဘက်မှာ ကျနေသော ကားသော့ကို ပြန်တွေ့သဖြင့် ကျော်စွာက ကောက်ယူလိုက်သည်။

သူကောက်ယူနေသောအချိန်မှာ အမှောင်ရိပ်ထဲမှ ရုတ်တရက် သုံ့လိုလို ထပ်ကြားလိုက်ရသည်။





ဒေါက်တာမင်းထင်ကျော်က အသံကြားရာဘက်သို့ မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သော်လည်း ဘာမှမတွေ့ရပေ။ ထို့နောက် ပန်းချီကားအနီးသို့ ကပ်သွားပြီး ပန်းချီကားအပေါ်မှာ အုပ်ထားသော ကတ္တီပါစကို ဆွဲဖယ်လိုက်သည်။

"ဟာ. ."

"ဟယ်. ."

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

သုံးယောက်သား မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားကြကာ အာမေဍိတ်သံများ ထွက်သွားကြလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

မကြာသေးမီအချိန်ကမှ သူတို့နှစ်ယောက် မီးရှို့ဖျက်ဆီးလိုက်သော ပန်းချီကားချပ်က မူလအနေအထားအတိုင်း ဘောင်အတွင်းမှာ ပြန်လည်ရောက်နေသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။

"ဆရာတို့ မီးရှို့လိုက်ပြီဆို"

မြသီတာက အသံတုန်တုန်ယင်ယင်နှင့် မေးသည်။

"ဟုတ်ပါတယ်. . . ဒီပန်းချီကားချပ်ကို စောစောကမှ မီးရှို့ပစ်လိုက်တာပါ"

"အခု ဒီပြန်ရောက်နေပြီ. . . ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်လို့မှ မရတော့ဘူး မြသီတာ၊ ဒီတစ်ခါ ထားဆိုးသူတွေ ဘယ်သူဖြစ်လာမလဲဆိုတာသာ စောင့်ကြည့်ရုံပဲ ရှိပါတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်လေသည်။ ထိုညက ပဋ္ဌလက်မိစ္ဆာဝိညာဉ်၏လှည့်စားခြင်းကို ခံလိုက်ကြရခြင်းဖြစ်သည်ကိုတော့ သူတို့ မသိနိုင်ခဲ့ကြပါချေ။







# အခန်း(၁၂)

# ဝိညာဉ်ပူးကပ်နေသော သားကောင်

နောက်တစ်ကြိမ် လေလံပစ်သောအခါ ဦးကျော်မင်းဒင်က ထိုပန်းချီကားကိုပါ ထည့်ပြီး လေလံပစ်ပြန်လေသည်။ ဒီတစ်ကြိမ်မှာတော့ သူ့အတွက် ကံကောင်းခြင်းများ ဖြစ်မလာတော့ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

ထိုပန်းချီကားနှင့် ပတ်သက်ပြီး လူသတ်မှုသတင်းများက သတင်းစာများမှာ မကြာခဏ ပါနေသောကြောင့် ဝယ်ဝံ့

www.burmeseclassic.com



သည့်လူ မရှိတော့ပေ။

အချို့ဆိုလျှင် ပန်းချီကားကို ဝယ်ယူဖို့ဝေးစွ၊ အနားသို့ပင် မလာဝံ့ကြတော့ပေ။

အချို့ကလည်း နာမည်ကြီးလှသောပန်းချီကားကို မြင်ဖူးသည်ရှိအောင် လာကြည့်ကြလေသည်။

သို့သော်လည်း အနားမလာဝံ့ကြဘဲ မနီးမဝေးမှပင် တစေ့တစောင်း ကြည့်ဝံ့ကြလေသည်။

တစ်ကြိမ်လည်း မရောင်းရ၊ နှစ်ကြိမ်လည်း မရောင်းရသောအခါ ထိုပန်းချီကားကို လေလံပွဲသို့ ယူမသွားတော့ဘဲ အိမ်မှာပင် ထားလေတော့သည်။

ထိုသို့ထားသည်ကို မြသီတာက မနှစ်သက်ပေ။ သို့သော် တလောက ဒေါက်တာမင်းထင်ကျော်တို့ မီးရှို့ဖျက်ဆီးပြီးမှ အကောင်းပကတိအတိုင်း ပြန်ဖြစ်နေသည်ကို တွေ့မြင်ခဲ့ရသောကြောင့် မထိဝံ့ဘဲ ရှိနေလေသည်။

"ဖေဖေ. . . ဒီပန်းချီကားကို မရောင်းရမယ့်အတူတူတော့ အိမ်မှာမထားဘဲ တခြားပို့လိုက်ပါလားဟင်"

ဦးကျော်မင်းဒင်နှင့် တွေ့သောအခါ ပြောပြသည်။

ထိုစကားကြားသောအခါ ဦးကျော်မင်းဒင်က မျက်စိမျက် မျက်နှာပျက်နှင့် သက်ပြင်းချလိုက်လေသည်။

"ဖေဖေကလည်း စွန့်ပစ်ချင်တာပေါ့ သမီးရယ်"

"စွန့်ပစ်ချင် စွန့်ပစ်လိုက်ပေါ့ ဖေဖေရဲ့၊ ဘယ်သူကတားထားလို့လဲ"





"သမီး မသိပါဘူးကွယ်၊ ဒီပန်းချီကားက သာမန်မဟုတ်ဘူး၊ ကိုယ့်သဘောနဲ့ကိုယ် စွန့်ပစ်လို့မရဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဖေဖေလည်း အစကတော့ မသိပါဘူး၊ အခုမှ တဖြည်းဖြည်း သိလာရတာပါ၊ ဒါပေမယ့် အတော်ကလေး နောက်ကျသွားပြီ"

ထိုသို့ပြောပြီး ဆက်မပြောတော့ပေ။

မြသီတာ မည်သို့ပင် ဆက်မေးတော့လည်း မရတော့ပေ။ သို့သော်လည်း နောက်ပိုင်းမှာတော့ ဦးကျော်မင်းဒင်တစ်ယောက် တဖြည်းဖြည်းနှင့် မူပျက်လာသည်။

ထိုရက်များအတွင်း ပြပွဲလည်း မလုပ်၊ လေလံပွဲ ကျင်းပရန်လည်း မစီစဉ်တော့ပေ။

ယခင်က လေလံပွဲတစ်ပွဲ ပြီးသည်နှင့် နောက်ထပ်ရောင်းချနိုင်ရန် ပစ္စည်းများ လှည့်လည်ရှာဖွေသော်လည်း ယခုတော့ ခရီးပင် မထွက်နိုင်တော့ပေ။

လူမှာလည်း တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေဟန်ဖြင့် တစ်နေ့တခြား ပိန်ကျလာလေသည်။

မြသီတာက ဘယ်လိုပင် မေးသော်လည်း မပြောတော့ပေ။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်ထံ တယ်လီဖုန်းနှင့် ချိန်းပြီး အကျိုးအကြောင်း ပြောပြကာ အကူအညီတောင်းရလေတော့သည်။

"ကျွန်မတို့ကို အကူအညီပေးပါဦး ဆရာ၊ ဖေဖေတော့



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တစ်ခုခုနဲ့ တွေ့နေရပြီထင်ပါတယ်"

"ဘယ်လိုအခြေအနေတွေ ထူးနေလို့လဲ၊ အေးအေးဆေးဆေး ပြောပြပါဦး မြသီတာ"

"ပန်းချီကားကို မရောင်းရတော့ အိမ်မှာပဲ ထားပါတယ်၊ ဒါပေမယ့် အဲဒါနဲ့ ပတ်သက်ပြီး ကြောက်ရွံ့စရာတွေ တွေ့နေရပြီ ထင်ပါတယ်"

"ပန်းချီကားကို တခြားစွန့်ပစ်လိုက်လို့ မရဘူးလား"

"ကျွန်မလည်း ပြောပါတယ်၊ မရဘူးလို့ ပြောပါတယ်"

"ဒါဖြင့် သူ့မှာ တစ်ခုခု အခက်အခဲ ရှိနေပုံရတယ်၊ သိပ်လည်း စိတ်မပူပါနဲ့ မြသီတာ၊ ကျွန်တော်တို့ တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

ထို့နောက် မြသီတာပြန်သွားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ ကားဖြင့် သူ့မိတ်ဆွေကြီးဦးဗန်ကောင်း ရှိရာသို့ သွားလေသည်။

ဦးဗန်ကောင်းမှာ ကြားတောရလမ်းမှ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ နေထိုင်ရင်း အင်္ဂလိပ်တိုးနေလေသည်။ ဒေါက်တာမင်းထင်ကျော်က သူနေသောဘုန်းကြီးကျောင်းသို့ တစ်ခေါက် ရောက်ဖူးသောကြောင့် အခက်အခဲမရှိ သွားနိုင်လေသည်။

ဦးဗန်ကောင်းမှာ ကျောင်းမှာနေသည်ဆိုသော်လည်း ကျောင်းထိုင်ဘုန်းတော်ကြီးက ခင်မင်နေသဖြင့် အင်္ဂလိပ်တိုးရန် ကျောင်းအနောက်ဘက်၌ သီးသန့်အဆောင်တစ်ခုပေးထားလေ





သည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ ဖိုခန်းထဲမှ ထွက်လာပြီး ညှော်ခံလေသည်။

"မောင်ထင်ကျော်ပါလား. . . မတွေ့ရတာတောင် အတော်ကြာသွားပြီ၊ ဘယ်က လှည့်လာတာလဲ"

"အဘဆီပဲ သက်သက်လာခဲ့တာပါပဲ"

"ကိစ္စရှိလို့လား. . . ခရီးဝေး ထွက်ကြတော့မလို့ ကျုပ်ကိုလာခေါ်ကြတာလား"

"ခရီးထွက်ကြမလို့ မဟုတ်ပါဘူး၊ အဘကို မေးစရာရှိလို့ လာခဲ့တာပါ"

"မေးစရာရှိတာသာ မေးပါ"

ဦးဗန်ကောင်းက ကွမ်းအစ်ကို ယူ၍ ကွမ်းယာနေရင်းမှ နားထောင်နေသည်။

ဒေါက်တာမင်းထင်ကျော်က ထူးဆန်းသောပန်းချီကား နှင့် ပတ်သက်သည့်အကြောင်းများကို ပြောပြလိုက်သည်။

ဒေါက်တာမင်းထင်ကျော် ပြောပြသမျှ နားထောင်နေပြီးမှ သူ့ထင်မြင်ချက်ကို ပြန်ပြောလေသည်။

"ပန်းချီကားနဲ့ ပတ်သက်တဲ့သတင်းတွေတော့ သတင်းစာတွေထဲမှာ ဖတ်ရပါတယ်၊ ကျုပ်အထင်ပြောရရင်တော့ လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်နေတဲ့ လူသတ်တရားခံက ပန်းချီကားထဲမှာပဲ ရှိမှာပေါ့"

"ကျွန်တော်လည်း အဲသည်လိုပဲ ယူဆမိပါတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေက ဖြစ်နိုင်သလား အဘ"

"အများကြီး ဖြစ်နိုင်တာပေါ့၊ လူတွေဟာ အသက်သေ
ကာနီးမှာ စွဲလမ်းမှုတစ်ခုခု ရှိတတ်ကြတယ်၊ ဥပမာ လူတို့ ပစ္စည်း
တစ်ခုခုတို့ပေါ့၊ သူတို့စွဲလမ်းတဲ့ပစ္စည်းကို မဖျက်ဆီးပစ်မချင်း
အခုလိုပဲ လူတွေကို ဒုက္ခပေးလေ့ရှိတယ်၊

အဲဒီလိုမှ မဟုတ်ရင် သူ့ရဲ့မူလရုပ်ကလပ်ဟောင်းကို
ဖျက်ဆီးလိုက်ရင်လည်း ပြေပျောက်သွားတာမျိုးတွေ ရှိတယ်"

"ဒါထက် အဲဒီလို စွဲလမ်းစိတ် ရှိတာနဲ့တင် လူတွေကို
ဘာကြောင့် သတ်တာလဲဟင်"

"စွဲလမ်းစိတ်အပြင် နာကြည်းချက်တို့၊ ရန်ငြိုးတွေ ရှိတာ
မျိုးတွေကြောင့် သတ်နေတာလည်း ဖြစ်နိုင်ပါတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ အဘ"

"မောင်ထင်ကျော် ပြောတဲ့အထဲမှာ ပန်းချီကားကို မီးရှို့
ဖျက်ဆီးလို့တောင် မရတော့ဘူးဆိုတော့ စွမ်းအားတစ်ခုခုလည်း
ရှိနေတာ ဖြစ်နိုင်တယ်၊ ပန်းချီကားထဲမှာ ပါတဲ့လူတွေထဲမှာ
မသေခင်က စွမ်းအင်တစ်မျိုးမျိုး ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်
များ ပါနေရော့သလား မောင်ထင်ကျော်"

ထိုစကားမှာ ဒေါက်တာမင်းထင်ကျော်အဖို့ စိတ်ဝင်စား
ဖွယ်အကောင်းဆုံးဖြစ်နေတော့သည်။

"ကျွန်တော်လည်း သေသေချာချာတော့ မသိရသေး
ဘူး၊ ပန်းချီကား ဆွဲခဲ့တဲ့သက်တမ်းကလည်း နှစ်ပေါင်းတစ်ရာ
ကျော်နေပြီ၊ ကျွန်တော့်အထင်ပြောရရင်တော့ ပန်းချီကားထဲမှာ





ပါတဲ့လူတွေက မန္တလေးဘက်ကပဲ ဖြစ်မယ်ထင်တယ်"

"ဒီလိုဆိုရင်လည်း မန္တလေး သွားပြီးစုံစမ်းကြည့်ရင် သိ
နိုင်မှာပေါ့"

"ဒီလောက် နှစ်တွေကြာနေမှ သိနိုင်ကြပါတော့မလား
အဘ"

"နှစ်ပေါင်းသုံးလေးရာ ကြာပြီးခဲ့တဲ့ အကြောင်းတွေ
တောင် မှတ်မိနေကြသေးတာ၊ နှစ်ပေါင်းတစ်ရာလောက်က
အကြောင်းကို မသိဘဲ ရှိပါ့မလား၊ ဒီလိုပဲ ဆက်စပ်ပြီး မေးယူရင်
နိုင်ပါတယ်"

ဟု ပြောသဖြင့် ဂိတ်ထဲမှာ အားရှိသွားလေသည်။

"အဘပြောသလို မှန်ရင်တော့ ဒီပန်းချီကားကို မူလရေး
ဆွဲခဲ့တဲ့ မန္တလေးဘက်ကို သယ်ယူသွားပြီး စုံစမ်းကြည့်ရင်တော့
အကျိုးအကြောင်း သိရမယ်ထင်တယ်၊ ဒါပေမယ့် အဘပါ လိုက်
ခဲ့ရင်တော့ ပိုပြီးအဆင်ပြေမယ်"

"ဒါထက် စောစောက ပြောတုန်းက ခရီးထွက်ဖို့ အ
ကြောင်းမရှိသေးဘူးဆို၊ အခုတော့. . ."

"လာတုန်းကတော့ ခရီးသွားဖို့ အစီအစဉ် လုံးဝမရှိတာ
အသေအချာပါပဲ၊ ဒီရောက်ပြီး အဘနဲ့တွေ့တော့မှ ခရီးစဉ်က
ပေါ်လာတော့တာ၊ အဘ လိုက်ခဲ့မယ် မဟုတ်လား"

"ခေါ်ရင်တော့ လိုက်ရမှာပေါ့၊ ဘယ်တုန်းက ငြင်းဖူးလို့
လဲ"

ဟု ရယ်ရယ်မောမောနှင့် ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးဗန်ကောင်းထံမှ ပြန်လာခဲ့လေသည်။ ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ မြသီတာထံမှ ဖုန်းဆက်ပြန် လေသည်။

"ဆရာ. . . အခုချက်ချင်း ကျွန်မအိမ်ကို လာခဲ့စေချင် တယ်၊ ဖေဖေ့အိပ်ခန်းဘက်က အော်သံဟစ်သံတွေ ကြားရသလို ပဲ၊ ကျွန်မတို့လည်း အပေါ်မတက်ဝံ့ကြဘူး၊ ဆရာတို့ အမြန်ဆုံး လာခဲ့ကြပါနော်"

ဟု အကူအညီတောင်းသောကြောင့် စုံထောက်ကျော် စွာရော ဦးဗန်ကောင်းကိုပါ လှည့်ဝင်ခေါ်ပြီးနောက် မြသီတာတို့ အိမ်သို့ ကားဖြင့် သွားကြလေသည်။

ခြံပေါက်ဝ ရောက်သောအခါ မြသီတာကိုယ်တိုင် ထွက် လာပြီး ဆီးကြိုလေသည်။

"ဘာဖြစ်တာလဲ မြသီတာ"

"ဖေဖေ့အခန်းဘက်က အသံတွေ ကြားရတယ်၊ ဒါပေ မယ့် ဖေဖေက မှာထားလို့ ကျွန်မတို့ မတက်ဝံ့ဘူး"

"ဘယ်လိုမှာထားလို့လဲ"

"ညဘက် သူ့အခန်းဘက်က ဘယ်လိုအသံမျိုးပဲကြား ကြား မလာခဲ့နဲ့လို့ မှာထားလို့ပါ"

"ကျွန်တော်တို့ တက်ကြည့်လို့ ဖြစ်ပါ့မလား"

"တက်ကြည့်ပေးပါ ဆရာရယ်၊ ကျွန်မအထင်တော့ ဖေဖေ တစ်ခုခု ဖြစ်နေပြီထင်ပါတယ်"

ဟု ငိုသံပါသောအသံဖြင့် ပြောသဖြင့် ဒေါက်တာမင်း





ထင်ကျော်တို့ လှေခါးမှ အပေါ်ထပ်သို့ တက်သွားသောအခါ အပေါ်ရောက်တော့ အခန်းတစ်ခန်းတွင်းသို့ ဝင်သွားသော လူ ရိပ်လိုလို လှမ်းမြင်လိုက်ရသည်။

"ဟိုအခန်းမှာ ဘယ်သူနေသလဲ"

"ဟင့်အင်း. . . အဲဒီအခန်းထဲမှာ ဘယ်သူမှ မနေဘူး၊ မေမေရှိတုန်းက မေမေနေခဲ့တဲ့အခန်းပဲ"

အပေါ်ထပ်မှာ မီးပွင့်များ ထွန်းထားသော်လည်း အ လင်းရောင်က ခပ်မှိန်မှိန်သာရှိသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်နှင့်လက်နှိပ်မီးကို အဆင်သင့်ဆောင်ကာ ထိုအခန်းရှေ့သို့ လျှောက်သွားလေ သည်။

အခန်းပေါက်ဝရောက်တော့ ကြမ်းပြင်ပေါ်မှာ မသက်ာ စရာတွေ့သဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်လေသည်။

"ဟင်. . . သွေးစက်တွေပါလား"

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

မီးရောင်မရှိသောကြောင့် အခန်းတွင်းမှာ မှောင်နေ သည်။ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ အခန်းထဲမှာ ဘယ်သူမှ မရှိပေ။

ကြမ်းပြင်ပေါ်မှာ သွေးစက်များက အခန်းထဲအထိ တောက်လျှောက်ရှိနေသောကြောင့် အားလုံး အခန်းထဲ ဝင် ကြည့်ကြလေသည်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ ကိုယ့်မျက်စိကိုပင် မယုံ ကြည်နိုင်အောင် ဖြစ်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော် သွေးစွန်းသောပန်းချီကားကြီး က ထိုအခန်းအတွင်း၏နံရံပေါ်မှာ ရောက်နေသောကြောင့်ဖြစ် သည်။

"ဒီပန်းချီကားကြီးကို ဟိုဘက်တိုက်မှာ ထားတာ မဟုတ် လား၊ ဒီအခန်းထဲကို ဘယ်လိုရောက်နေတာလဲဟင်"

"ကျွန်မလည်း မသိဘူး၊ ဖေဖေများ ရွှေ့ထားတာလား မပြောတတ်ဘူး"

ဟု ပြောသဖြင့် အခန်းတွင်းမှ မီးလုံးဖွင့်ပြီး ပန်းချီကား ကို အသေအချာ ကြည့်သောအခါ ဦးဒီပဆိုသူ၏ပုံမှာ သိသိ သာသာကြီး ပြောင်းလဲနေသည်ကို သတိပြုမိလေသည်။

ထို့ထက် ၎င်းလက်ထဲမှာ ကိုင်ထားသော သင်တုန်းဓါးမှ သွေးများက ပန်းချီကားပေါ်မှ ဖြတ်ကာ ကြမ်းပြင်ပေါ်သို့ ကျနေ ဟန်ရှိသည်။

"သွေးစက်တွေတောင် မခြောက်သေးဘူး ဆိုတော့ နောက်ထပ်လူသတ်မှုတစ်ခု ဖြစ်နေပြန်ပြီလားမသိဘူး ဆရာ"

ဟု ကျော်စွာက တိုးတိုးကပ်ပြောသည်။

ထိုအခါမှ ဦးကျော်မင်းဒင်ကို သတိရပြီး ၎င်းအခန်း ရှိရာဘက်သို့ ခပ်သုတ်သုတ် သွားကြလေသည်။

ထိုအခန်းဝရောက်တော့ တံခါးက စေ့ရုံသာ စေ့ထား သောကြောင့် တွန်းဖွင့်လိုက်သည်။





အခန်းတွင်းမှာ မီးရောင်ခပ်မှိန်မှိန် ရှိနေသောကြောင့် ခုတင်ပေါ်မှာ တစ်ဖက်သို့ စောင်းလျက်အနေအထားနှင့် အိပ် နေဟန်ရှိသော ဦးကျော်မင်းဒင်ကို လှမ်းမြင်ကြရသည်။

သို့ကြောင့် အနားကပ်သွားပြီး နှိုးကြည့်လိုက်သည်။

"ဖေဖေ. . . ဖေဖေ"

မလှုပ်ပေ။

"ဖေဖေ. . . ဖေဖေ"

မြသီတာက ခေါင်းရင်း ပခုံးကို ကိုင်လှုပ်ရန် ဟန်ပြင်လိုက် သဖြင့် ဒေါက်တာမင်းထင်ကျော်က သူမလက်ကို ဖမ်းဆွဲထား လိုက်သည်။

အကယ်၍ ယခင်တွေ့ခဲ့ရသော အလောင်းများကဲ့သို့ လည်ပင်းပြတ်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေပါက သွေးလန့် သွားမည်စိုးသောကြောင့်ဖြစ်သည်။

"မလှုပ်နဲ့ မြသီတာ၊ နောက်ဘက်နားမှာ ဆုတ်နေပါ"

ဟု ပြောသဖြင့် မြသီတာက နောက်ဘက်သို့ ဆုတ်သွား လေသည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ဘေးသို့ စောင်းလျက်သား အိပ်နေဟန်ရှိသော ဦးကျော်မင်းဒင်ပခုံးကို အသာလှုပ်နှိုးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်လက်နှင့် ထိလိုက်သောအခါ ဦးကျော်မင်းဒင်မှာ ငေါက်ခနဲ ထထိုင်လာလေသည်။

"ဟင်. ."

ဒီတော့မှ သူတို့ထင်ထားသလို မဟုတ်ဘဲ ဦးကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒင်မှာ အိပ်ပျော်နေခြင်းဖြစ်ကြောင်း သိကြရသည်။

သို့သော် ဒီအတိုင်းတော့ မဟုတ်ပေ။

ဂျင်း၏ဦးခေါင်းကို လက်တစ်ဖက်နှင့် ထိန်းကိုင်ထား
လေသည်။ သူ့ရှေ့မှာ ရှိနေသူများကိုလည်း မျက်လုံးအပြူးသာ
နှင့် စိုက်ကြည့်နေလေသည်။

ထိုအခြေအနေကို မြင်သောအခါ ဦးဗန်ကောင်းထ
သဘောပေါက်သွားဟန်ဖြင့် စိုးရိမ်တကြီး လှမ်းပြောလိုက်သည်

"နောက်ကိုဆုတ်ကြ . . . နောက်ကိုဆုတ်ကြ"

ထိုအသံကြောင့် အားလုံး နောက်ဘက်သို့ ဆုတ်
လိုက်သည်နှင့် ဦးကျော်မင်းဒင်က ဦးခေါင်းကို ကိုင်ထားသော
လက်ကို လွှတ်လိုက်ရာ ဦးခေါင်းက တစ်ဖက်သို့ လည်ကျသွား
လေတော့သည်။

"အမယ်လေး . . "

မြသီတာ၏ စူးစူးဝါးဝါးအော်သံက အခန်းထဲမှ ပေါ်လာ
လေသည်။ မရှေးမနှောင်းမှာပင် လည်ပင်းပြတ်နေပြီဖြစ်သော
ဦးကျော်မင်းဒင်၏ခန္ဓာကိုယ်ကြီးမှ ခုတင်ပေါ်မှ အောက်သို့ ပြုတ်
ကျလာလေတော့သည်။

ဒီတော့မှ လည်ပင်းပြတ်ပြီး သေဆုံးနေရာမှ အပမှီ
ထထိုင်လာခြင်းဖြစ်ကြောင်း သိကြရလေတော့သည်။







# အခန်း(၁၃)

# သချိုင်းနေရာဟောင်းဆီသို့ ရောက်ကြခြင်း

နောက်ထပ်(၁၅)ရက်ခန့် ကြာသောအခါ သွေးစွန်းနေ
သော ပန်းချီကားကိုပါ သယ်ဆောင်ပြီး မန္တလေးသို့ ခရီးထွက်ခဲ့
ကြလေသည်။

ခရီးထွက်ရာမှာတော့ ကျွန်ုပ်၊ ဒေါက်တာမင်းထင်ကျော်၊
ဦးဗန်ကောင်း၊ စုံထောက်ကျော်စွာနှင့် မြသီတာက သူမပါ လိုက်
လိုသည်ဆိုသောကြောင့် ခေါ်ခဲ့ရလေသည်။

မန္တလေးမြို့သို့ ရောက်သောအခါ ပန်းချီကား အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို မေးမြန်းစုံစမ်းကြည့်သောအခါ ရက်အတန်ကြ
သည်အထိ စုံစမ်းမရဘဲ ရှိလေသည်။

နောက်မှ တစ်ယောက်က ဂေါဝိန်ဆိပ်ကမ်းနှင့် နီးသေ
နေရာဘက်သို့ လမ်းညွှန်ပေးလိုက်သဖြင့် ထိုနေရာဘက်သို့ လ
ခဲ့ကြသည်။

(၁၉၅၀)ခုနှစ်ဝန်းကျင်လောက် ထိုနေရာတစ်ဝိုက်မှ
လူနေအိမ်ခြေ သိပ်မများသေးဘဲ စည်စည်ကားကားလည်း မ
လှသေးပေ။

၄ အချို့နေရာများတွင် ချုံနွယ်ပိတ်ပေါင်းနှင့် တောမျ
ဖုံးအုပ်ထားလျက်ပင်ရှိသေးသည်။

ထိုနေရာသို့ ရောက်သောအခါ ဘုန်းကြီးကျောင်းတ
ကျောင်းနှင့် နီးသောနေရာ၌ ရှိသော တိုက်ဟောင်းတစ်လုံး
ခေတ္တငှားရမ်းနေထိုင်ခွင့်ရသဖြင့် အဆင်ပြေသွားသည်။

ထိုတိုက်ပိုင်ရှင်များမှာ မန္တလေးမြို့ထဲမှာ နေကြသဖြ
ကျောင်းထိုင်ဘုန်းတော်ကြီးက အကူအညီပေးသောကြေ
အဆင်ပြေသွားကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ကျောင်းထိုင်ဘုန်းကြီးအာ
လှူဖွယ်ဝတ္ထုများ ကပ်လှူပြီး ပန်းချီကားနှင့် ပတ်သက်သေ
အကြောင်းများကို စုံစမ်းလျှောက်ထားသောအခါ. . .

"ဘုန်းကြီးကတော့ ကြားဖူးရုံပဲ ရှိပါတယ်၊ အဲဒီ
ကြောင်းကို ဂဃနဏ သိတဲ့လူတစ်ယောက်တော့ ရှိတယ်၊
ကျောင်းမှာ ကပ္ပိယလုပ်နေတဲ့ ဦးသာမြိုင်ဆိုတဲ့လူပဲ၊ သူ့ကို မေ





ကြည့်ရင် ဒကာကြီးတို့ သိချင်တာတွေ သိရနိုင်ပါတယ်"

ဟု လမ်းညွှန်ပေးလေသည်။

သို့ကြောင့် ဦးသာမြိုင်ဆိုသောသူကို ရှာဖွေပြီး သိလိုသော အကြောင်းအရာများကို မေးရလေသည်။

ကပ္ပိယကြီးဦးသာမြိုင်မှာ အသက်(၇၀)ကျော်အရွယ်ခန့် ရှိပြီး ခြေတစ်ဖက် မသန်ရှာပေ။

"ဦးသာမြိုင်ကို ဒီပန်းချီကားနဲ့ ပတ်သက်ပြီး သိချင်တာတွေ မေးချင်လို့ပါ"

ဟု ပြောပြီး ကတ္တူစက္ကူချပ်များ၊ အဝတ်များနှင့် အထပ်ထပ် ပတ်ထားသောပန်းချီကားကို ပြသည်။

ဦးသာမြိုင်မှာ အသက်(၇၀)ကျော်နေပြီဖြစ်သော်လည်း မျက်စိကောင်းနေဆဲပင် ရှိသေးသောကြောင့် ပန်းချီကားကို အသေအချာကြည့်သည်။

ပြီးမှ ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။

"နောက်ဆုံးတော့ သူ့ရဲ့မူလနေရာဟောင်းကို ပြန်ရောက်လာတာပဲကိုး"

ဟု တစ်ယောက်တည်း ရေရွတ်သလို ပြောနေသည်။

"အဘ. . . ဒီပန်းချီကားအကြောင်းကို သိတယ်မဟုတ်လား"

"ကောင်းကောင်းသိတာပေါ့ကွယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ကို ပြောပြပါလား၊ အဘက ဘယ်လိုသိခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ မမီလိုက်ပါဘူး၊ ကျုပ်မိဘတွေကတော့ ဒီအကြောင်းတွေကို ကောင်းကောင်းသိခဲ့တာပေါ့။ ဘာကြောင့်လဲဆိုတော့ သူတို့က ဒီပန်းချီကားထဲမှာပါတဲ့ ဦးဒိပတို့မိသားစုဆီမှာ နှစ်ရှည်လများ အလုပ်လုပ်ခဲ့ကြတဲ့သူတွေဖြစ်လို့ပဲ"

"ဒီပန်းချီကားအကြောင်းကို အဘသိသမျှ ပြောပြပါလား"

ဦးသာမြိုင်က ပါးစပ်အတွင်းမှ ဝါးလက်စ ကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီးနောက် သူမှတ်မိသမျှ အကြောင်းအရာအချို့ကို ပြောပြလေသည်။

"ဦးဒိပတို့မိသားစုတွေအားလုံး ကံကြမ္မာဆိုးတွေနဲ့ တွေ့ခဲ့ကြတယ်လို့လည်း ပြောလို့ရတယ်၊

ဒါမှမဟုတ် သူတို့ပြုခဲ့တဲ့ အကုသိုလ်ကံတွေကြောင့်လည်း အခုလို ဖြစ်ကြတယ်လို့လည်း ယူဆမယ်ဆိုရင်လည်း ယူဆနိုင်ပါတယ်"

"ဒါထက် သူတို့မိသားစုတွေက ဘယ်လိုအကုသိုလ်မျိုးတွေ ရှိခဲ့ကြလို့လဲ"

"ဦးဒိပဆိုတဲ့လူက လူသတ်ဓါးပြတိုက်အလုပ်တွေ လုပ်ပြီး ချမ်းသာလာတဲ့လူပဲ၊ သူ့လက်ချက်နဲ့ သေခဲ့ရတဲ့လူတွေ မိသားစုတွေ နည်းကြတာ မဟုတ်ဘူး၊ သူတို့အိမ်မှာ မွေးစားထားတဲ့ မာလာဆိုတဲ့မိန်းကလေးတစ်ယောက် ရှိတယ်၊ အဲဒီမိန်းကလေးရဲ့မိဘတွေကိုလည်း သူပဲ သတ်ခဲ့တယ်လို့ ပြောကြတယ်"

"ဟုတ်ကဲ့"





"မိဘတွေ မရှိကြတော့တဲ့ အဲဒီမိန်းကလေးကိုလည်း အိမ်မှာသာ ခေါ်မွေးထားပေမယ့် နှိပ်စက်လိုက်ကြတာ မပြောပါနဲ့တော့၊ တစ်အိမ်လုံးက ဝိုင်းပြီးနှိပ်စက်လိုက်ကြတာ အရှင်လတ်လတ် ငရဲကျနေသလိုပါပဲ"

"နောက်တော့ ဘယ်လိုဖြစ်သွားသလဲ"

"နောက်တော့ သူတို့မိသားစုတွေအားလုံး အသေဆိုးနဲ့ တစ်ယောက်ပြီးတစ်ယောက်သေကုန်ကြတယ်၊ အဲဒီမာလာဆိုတဲ့ မိန်းကလေးလည်း သေသွားရှာတယ်၊

သူတို့ မသေခင်မှာ ဦးဒိပက ပန်းချီဆရာတစ်ယောက် ခေါ်ပြီး ဒီပန်းချီကားကြီးကို ဆွဲခိုင်းခဲ့တာ၊ ဘာလို့ သူတို့မိသားစုတွေထဲမှာ မာလာရဲ့ပုံပါ ဘာကြောင့် ထည့်ဆွဲခဲ့လဲဆိုတာတော့ မသိဘူး၊

နောက်ပြီး ပန်းချီကား ရေးဆွဲပြီးတာနဲ့ အဲဒီပန်းချီဆရာလည်း အသတ်ခံလိုက်ရတယ်လို့ ပြောကြတယ်"

"ဒါဖြင့် ပန်းချီဆရာရဲ့ဝိညာဉ်က ပန်းချီကားထဲမှာ ရောက်နေပြီးတော့ နာကြည်းစိတ်နဲ့ လူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်ပစ်နေတာများလား မသိဘူး"

စုံထောက်ကျော်စွာက သူ့ယူဆချက်ကို ဝင်ပြောသည်။

"ဒါထက် ပန်းချီကားနဲ့ ပတ်သက်လို့ရော အဘ ဘာတွေ သိပါသေးလဲ"

"ပန်းချီကားကတော့ ခိုက်တယ်လို့ ပြောကြတယ်၊ အဲဒီကားကို ယူထားတဲ့လူတိုင်း အသတ်ခံရပြီး သေကြတယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



ပြောသံကြားတယ်၊ နောက်တော့ ရန်ကုန်က လူတစ်ယောက်က
ဝယ်သွားပြီး အခုမှ ဒီကို တစ်ကျော့ပြန်ရောက်လာတာပဲ”

ဟု ဦးသာမြိုင်က သူသိသမျှ ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ၎င်းတို့ တွေးထားသည်
နှင့် တူညီနေသောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်လိုက်ကြသည်။

“ဒါထက် သူတို့မိသားစုတွေ သေသွားပြီးတဲ့နောက်မှာ
ဘာတွေ ထူးထူးခြားခြား ဖြစ်သေးသလဲဆိုတာ အဘ သိသမျှ
ပြောပါဦး”

“ထွေထွေထူးထူးတော့ မရှိတော့ပါဘူး၊ ဦးဒီပက သူ့
မသေခင်ကတည်းက မြေပိုတစ်ခု ဝယ်ထားခဲ့တယ်၊ သူတို့မိသား
စုတွေ သေတဲ့အခါ သီးသန့်မြှုပ်ဖို့ သင်္ချိုင်းနေရာပေါ့၊ သူတို့သေ
တဲ့အခါကျတော့ အားလုံးကို တစ်နေရာမှာပဲ မြှုပ်ခဲ့ကြတယ်၊

မာလာဆိုတဲ့မိန်းကလေးကိုတော့ အဲဒီနေရာမှာဆိုပေ
မယ့် သီးသန့်တစ်နေရာမှာ ခွဲမြှုပ်ထားခဲ့တယ်ဆိုတာလောက်ပဲ
သိတယ်”

ဦးသာမြိုင်က သိသမျှ ပြောပြနေသည်ဆိုသော်လည်း
ထိုပြောပြနေသောအကြောင်းများက ဒေါက်တာမင်းထင်ကျော်
တို့ သိလိုသောအကြောင်းများ ဖြစ်နေလေသည်။

“မေးလက်စနဲ့ မေးရဦးမယ်၊ အဘက အဲဒီသင်္ချိုင်း နေ
ရာကိုရော မှတ်မိသေးလားဟင်”

“မှတ်မိပါတယ်. . . ကျုပ်တို့ ခပ်ငယ်ငယ်က အဲဒီနေရာ





ကို သွားပြီး ငှက်ပစ်နေကျပဲ၊ ဒါပေမယ့် အခုတော့ ပြုပြင်မယ့်သူ
မရှိတော့ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေပြီး မြွေဆိုးတွေ ပေါလို့
ဘယ်သူမှ မသွားကြပါဘူး”

ဟု ပြောသည်။

နေ့လယ်ပိုင်းအချိန်မှာတော့ ဦးသာမြိုင်ပါ ခေါ်ပြီး
သင်္ချိုင်းဟောင်းနေရာသို့ သွားကြလေသည်။

ထိုနေရာမှာ သူတို့တည်းခိုနေသောနေရာမှ ခြေလျင်
သွားလျှင် ရနိုင်သော်လည်း အတန်ငယ် ဝေးသောနေရာတွင်
ရှိလေသည်။

ထို့ပြင် မြစ်ကမ်းနှင့်လည်း သိပ်မဝေးလှပေ။

ထိုနေရာရောက်သောအခါ ဦးသာမြိုင်ပြောသကဲ့သို့ပင်
သစ်ပင်ချုံနွယ်များ ထူထပ်လှပြီး လူနေသောနေရာနှင့်လည်း
ဝေးလေသည်။

လူသူအရောက်ပေါက် မရှိလေဟန်ဖြင့် ချုံနွယ်ပိတ်
ပေါင်းများမှာ ထူထပ်ချင်တိုင်း ထူထပ်နေတော့သည်။

သို့သော် အုတ်ဂူများ ရှိသောနေရာဘက်မှာတော့ သစ်
ပင်ကြီးများ မရှိဘဲ ချုံနွယ်များလောက်သာ ရှိပေသည်။

အုတ်ဂူများမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော
ကြောင့် ပြိုကျပျက်စီးနေလေပြီ။

အုတ်ဂူတစ်လုံးနှင့်တစ်လုံးမှာလည်း မဝေးလှပေ။ အုတ်
ဂူငါးလုံးက တန်းစီလျက်အနေအထား ရှိပြီး အခြားအုတ်ဂူ တစ်
လုံးကတော့ မနီးမဝေးနေရာ၌ သီးသန့်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူများကို ပြုလုပ်ထားသော အုတ်ချပ်များမှာ နှစ်ပေါင်းများစွာကတည်းက ပြုလုပ်ထားသောကြောင့် ဆွေးမြေ့ပျက်စီးနေပြီဖြစ်သော်လည်း နာမည်ရေးထိုးထားသော ကျောက်ပြားချပ်များကတော့ ဒီအတိုင်းပင် ရှိနေသေးသည်။

ကျောက်ပြားချပ်ပေါ်မှာ တင်နေသော ကြေးနှင့်ရေညှိများကို ပွတ်တိုက်ဖယ်ရှားလိုက်သောအခါ နာမည်နှင့်အသက်၊ ကွယ်လွန်သည့်နေ့စွဲရက်စွဲများကိုပါ တွေ့ကြရသည်။

၎င်းတို့အားလုံး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီဖြစ်သည်။

ကျောက်ပြားများပေါ်မှာ ရေးထားသော အမည်များအတိုင်းဆိုလျှင် ဦးဒီပ၊ ဒေါ်ငွေရှုံ၊ ဦးရန်နောင်၊ မောင်ရွှေလှ၊ မရွှေရည်တို့ဖြစ်ကြပြီး သီးခြားထားသောနေရာမှ အမည်မှာ 'မမာလာ' ပင်ဖြစ်ကြလေသည်။

ထိုအမည်များကို တွေ့ရသောအခါ ဒေါက်တာမင်းထင်ကျော်မျက်စိထဲမှာ ပန်းချီကားထဲမှ ရုပ်ပုံများကို ပြန်လည်မြင်ယောင်မိလေသည်။

ဒေါက်တာမင်းထင်ကျော်က သချိုင်းဟောင်းနေရာနှင့်ပတ်ဝန်းကျင်အနေအထားများကို အသေအချာ မှတ်သားကြည့်ရှုခဲ့ပြီးနောက် မိမိတို့ တည်းခိုရာနေရာသို့ ပြန်ခဲ့ကြလေသည်။

ဦးသာမြိုင်လည်း ကျောင်းသို့ ပြန်သွားလေသည်။

ထိုအခါမှ အချင်းချင်း တိုင်ပင်ကြလေသည်။

"ဘယ်လိုလုပ်ကြမလဲ မောင်ထင်ကျော်၊ သေတဲ့လူတွေ





က တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေခဲ့ကြပုံပဲ"

"ဟုတ်တယ် အဘ၊ ဒီလူတွေထဲမှာ လူသတ်တရားခံ ဘယ်သူဖြစ်မလဲဆိုတာ ခန့်မှန်းရတာတောင် အတော်ခက်တယ်"

"မိန်းမသုံးယောက်နဲ့ ကလေးတစ်ယောက်ကို ဖယ်ထားလိုက်ရင် ဦးဒီပနဲ့ ဦးရန်နောင်တို့ညီအစ်ကိုနှစ်ယောက်ပဲ ကျန်မယ်၊ သူတို့နှစ်ယောက်တည်းက တစ်ယောက်ယောက် မဖြစ်နိုင်ဘူးလား"

"သူတို့နှစ်ယောက် ဖြစ်နိုင်သလို မာလာဆိုတဲ့ မိန်းကလေးလည်း ဖြစ်နိုင်တာပဲ"

"မာလာက တစ်အိမ်လုံးကို ကြောက်နေရတာ၊ သူဖြစ်နိုင်ပါ့မလား၊ နောက်ပြီး သူက ခွန်အားမရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ဝိညာဉ်ဘဝမှာ ခွန်အားမလိုဘူး၊ စွမ်းအားရှိဖို့ပဲ လိုတယ်၊ ကမ္ဘာဇိဒ္ဓိစွမ်းအားရှိရင် ဘာမဆို လုပ်လို့ရတယ်၊ လူ့ဘဝတုန်းက မာလာက တစ်အိမ်သားလုံးရဲ့နှိပ်စက်တာ ခံခဲ့ရတော့ သူ့စိတ်ထဲမှာ အငြိုးအတေးနဲ့နာကြည်းချက်တွေ ရှိမှာအမှန်ပဲ၊

လူ့ဘဝတုန်းက ဘာမှပြန်မလုပ်နိုင်ခဲ့သမျှ ဝိညာဉ်ဘဝရောက်မှပဲ ပြန်ပြီးကလဲ့စားချေတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"ဖြစ်နိုင်ပါတယ်. . ကျုပ်ကတော့ စာရေးဆရာဆိုတော့ လူတစ်ယောက်ရဲ့ပုံပန်းသဏ္ဍာန်နဲ့ စရိုက်ကို တွဲပြီးကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပန်းချီကားထဲက ပုံတွေအတိုင်းဆိုရင် ဦးဒီပက လူသတ်တရားခံ အဖြစ်နိုင်ဆုံးပဲ"

ဟု အချင်းချင်း ကိုယ်ထင်မြင်ရာ ပြောဆိုကြလေသည်။ သို့သော်လည်း အဖြေတစ်မျိုးတည်းတော့ မရကြပေ။

"ဒါဖြင့် ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

"အကောင်းဆုံးကတော့ လူသတ်သမား အဖြစ်နိုင်ဆုံး ဦးဒီပရဲ့အုတ်ဂူကို တူးပြီး ရှိသမျှ ဖျက်ဆီးလိုက်ရင်တော့ အကောင်းဆုံးပဲ"

"မောင်ထင်ကျော် ကောင်းမယ်ထင်ရင် လုပ်လေ၊ ဘယ်အချိန် သွားကြမှာလဲ"

"ညဘက် လူခြေတိတ်မှပဲ သွားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ခရီးပန်းလာကြသောကြောင့် တရေးတမော အိပ်စက်ကာ နားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မြသီတာတို့နှစ်ယောက်ကတော့ မနားကြဘဲ အပြင်ဘက် ထွက်ကာ စကားပြောနေကြသည်။

မြသီတာမှာ ယခုရက်ပိုင်းမှပင် ဖခင်ဖြစ်သူ သေဆုံးသည်ကတစ်ကြောင်း၊ အခြားထိတ်လန့်စရာများပါ ဆက်တိုက်တွေ့နေရသောကြောင့် အတော်ကလေး ပိန်ကျသွားလေသည်။

"မြသီတာ ဒီခရီးကို လိုက်လာတဲ့အတွက် ကျွန်တော်က အံ့သြနေတာ၊ ဘာဖြစ်လို့ လိုက်ခဲ့တာလဲဟင်"

"ဖေဖေ သေပြီးစလည်းဖြစ်၊ အိမ်မှာလည်း ချောက်ချား





ရာတွေက ဆက်တိုက်တွေ့နေရတာမို့ မနေချင်တာနဲ့ လိုက်လာတာ"

"ဒီမှာက အန္တရာယ်လည်း များတယ် မြသီတာရဲ့"

"မထူးတော့ပါဘူး ဆရာရယ်၊ ဒီမှာ အန္တရာယ်များတယ်ဆိုပေမယ့် ဆရာတို့ ရှိနေသေးတော့ ကာကွယ်ပေးသူတွေ ရှိတော့ တော်သေးတာပေါ့၊ အိမ်မှာက အလုပ်သမားတွေပဲ ရှိတာဆိုတော့ ကျွန်မအတွက် အားကိုးရမယ့်သူ မရှိပါဘူး"

"ကျွန်တော်တို့ အကူအညီပေးနိုင်မယ့်ကိစ္စ ရှိရင်တော့ အကူအညီတောင်းနိုင်ပါတယ် မြသီတာ"

"ဆရာ့ဆီက ဒီစကားကြားရတာ ဝမ်းသာပါတယ် ဆရာရယ်၊ ကျွန်မမှာ ဆွေမျိုးရင်းချာ အားကိုးရမယ့်သူ သိပ်မရှိပါဘူး၊ တစ်နေ့နေ့မှာတော့ ဆရာတို့ရဲ့အကူအညီ လိုမယ်ထင်ပါတယ်"

"ကျွန်တော့်ကို ဆရာလို့ မခေါ်ဘဲ ကိုမင်းထင်ကျော်လို့ပဲ ခေါ်နိုင်ပါတယ် မြသီတာ"

မြသီတာက ခေါင်းညိတ်ပြရင်း မေးသည်။

"ကိုမင်းထင်ကျော်တို့ ညဘက် ဟိုနေရာကို ပြန်သွားရင် ကျွန်မ လိုက်ခဲ့ရမလားဟင်"

"အန္တရာယ်ရှိနိုင်တယ်. . မြသီတာ တစ်ခုခု ဖြစ်သွားမှာစိုးလို့ ဒီမှာပဲ နေခဲ့ပါလား"

"ဒီပန်းချီကားကြီး ရှိတဲ့နေရာမှာတော့ မနေဝံ့ပါဘူး၊ ဒီမှာ နေခဲ့ရတာနဲ့စာရင် ကိုမင်းထင်ကျော်တို့နဲ့ လိုက်ခဲ့တာမှ ကျွန်မအတွက် အကာအကွယ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသဖြင့် ညဘက် သချိုင်းဟောင်းသို့ သွား
မြသီတာပါ ခေါ်ခဲ့ရန် အစီအစဉ် ပြုလုပ်ရတော့သည်။







# အခန်း(၁၄)

# မန်းစိုးအားအတွင်းမှ အကျဉ်းစခီလျဉ်များ

အချိန်က နွေနှောင်းပိုင်းအချိန်ကာလဖြစ်သော်လည်း
ကောင်းကင်၌ မိုးသားမိုးရိပ်များ ရှိနေသည်။

လမိုက်ရက်လည်းဖြစ်သောကြောင့် ညဉ့်ဦးပိုင်းအချိန်
ရောက်လာသည်နှင့် အမှောင်ရိပ်များက ဖုံးလွှမ်းစပြုလာချေပြီ။

ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေ သိပ်မများလှသော
ကြောင့် ညဉ့်ဦးပိုင်းအချိန်ရောက်လာသည်နှင့် လူသွားလူလာ
နှင့် သလောက် ကျဲသွားတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ မိုးမချုပ်ခင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သော ပေါက်တူး၊ ဂေါ်ပြား စသည်တို့ကို ကပ္ပိယကြီး
တောင်းယူထားလေသည်။

သေနတ်နှင့်လက်နှိပ်ဓါတ်မီး၊ ရေနံဆီမီးအိမ်၊ မီးခြစ်
ကိုလည်း စုံလင်အောင် ယူကြသည်။

လိုရမယ်ရ အသုံးပြုရန် ဓါးရှည်တစ်လက်ကိုပါ အ
သင့် ယူထားသည်။

မြသီတာပါ လိုက်ခဲ့မည်ဆိုသောကြောင့် တိုက်အတွ
မှာ ပန်းချီကားနှင့် ရင်းတို့ပစ္စည်းများသာ ကျန်ခဲ့လေသည်

သချိုင်းရှိရာသို့ မသွားမီမှာတော့ ကပ္ပိယကြီးဦးသာ
ကို တိုးတိုးတိတ်တိတ် အသိပေးထားခဲ့သည်။

ဦးသာမြိုင် နေသောအဆောင်လေးမှာ ထင်းများ
လှောင်ထားသောနေရာ၌ဖြစ်ပြီး ဒေါက်တာမင်းထင်ကျေ
တည်းနေသောတိုက်သို့ လှမ်းကြည့်လျှင် မြင်နိုင်သည်။

"တိုက်ထဲမှာတော့ မီးအိမ်တစ်လုံး ထွန်းထားခဲ့
ဦးသာမြိုင် လှမ်းကြည့်ပေးပါ"

"စိတ်ချသာ သွားကြပါ၊ ကျုပ်က ညအချိန် သိပ်အိပ်
မဟုတ်ဘူး၊ လက်ဖက်ရည် ကျိုသောက်ရင်းနဲ့ ဒီလိုပဲ နေ

ဟု ပြောသဖြင့် စိတ်ချလက်ချဖြစ်ကာ ည၉နာ
အချိန်သို့ ရောက်သောအခါ သချိုင်းဟောင်းရှိသော နေ
သွားကြလေသည်။ နေ့ဘက်သွားစဉ်က အလင်းရောင်ရှိ
ခရီးတွင်သော်လည်း ညအချိန်ရောက်သောအခါ ဖြည်းဖြည်
သွားနေရသောကြောင့် အချိန်အတော်ကြာမှ သချိုင်း





ရောက်ကြလေသည်။

ထိုနေရာရောက်သောအခါ မှုလရည်ရွယ်ထားသည့်
တိုင်း ဦးဒိပ၏အုတ်ဂူကို ဖြိုဖျက်ကြလေသည်။ အုတ်များမှာ
ဆွေးနေပြီဖြစ်သဖြင့် ခက်ခက်ခဲခဲတော့ မရှိလှပေ။

အတန်ကြာအောင် ဖြိုဖျက်လိုက်သောအခါ အုတ်ဂူပွင့်
ားပြီးနောက် အတွင်းမှ ခေါင်းတလားကြီး ပေါ်လာလေသည်။

ကျွန်းသားဖြင့် ပြုလုပ်ထားသောကြောင့် နှစ်ပေါင်း တစ်
ကျော် ကြာသည့်တိုင် အခြေအနေမပျက်ပင် တွေ့ကြရသည်။

လူအင်အားသုံးပြီး ခေါင်းတလားကြီးကို အပြင်ရောက်
ည်အထိ ဆွဲထုတ်လိုက်ကြသည်။

ပြီးမှ အဖုံးကို ဖွင့်လိုက်သည်။

အတွင်းမှာတော့ ဖြူဖွေးလျက် ပြုတ်ထွက်နေသော
ိုးစုများကို တွေ့ကြရသည်။

"ဘယ်လိုလုပ်ကြမလဲ"

"တစ်ခါတည်း ကိစ္စပြတ်သွားအောင် မီးရှို့ပစ်လိုက်ကြ
ကောင်းမယ်"

ဟု ပြောကာ သစ်ချုံများ ရှင်းသောနေရာသို့ ယူသွားကြ
ရေနံဆီလောင်းကာ မီးရှို့ကြလေသည်။

ကျွန်းခေါင်းနှင့်အရိုးစုများမှာ သွေ့ခြောက်နေသဖြင့်
ချင်းမှာပင် မီးစွဲလောင်သွားလေတော့သည်။

မီးတောက်များကြောင့် အနီးပတ်ဝန်းကျင်၌ ရှိသော
ပင်များအပေါ်မှာ အိပ်တန်းတက်နေကြသော ငှက်များ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ထပ်မံကြသည်မှလွဲပြီး အခြားအနှောင့်အယှ
များတော့ မတွေ့ကြရပေ။

ခေါင်းတလားနှင့် အရိုးစုများ ပြာကျသွားသည်အ
စောင့်နေပြီး ညဉ့်နက်ပိုင်းမှ တည်းခိုနေသောနေရာသို့ ပြန်
ကြသည်။

"ကျွန်တော်ထင်တဲ့အတိုင်း လူသတ်တရားခံဟာ ဦး
သာ အမှန်ဖြစ်ရင်တော့ ဒီညကစပြီး အန္တရာယ်တွေ ကင်းသွား
အသေအချာပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောသည်။

သို့သော် သူထင်သလိုတော့ မဖြစ်ခဲ့ပါချေ။

သူတို့အဖွဲ့ တည်းခိုနေသောနေရာသို့ ရောက်သော
ခါ တိုက်ထဲသို့ပင် မဝင်ကြရသေးဘဲ ကျောင်းဘက်မှ ဆူဆူည
အသံများနှင့် မီးရောင်များ လှမ်းမြင်ရသဖြင့် ထိုနေရာဘက်
လျှောက်ခဲ့ကြလေသည်။

ကျောင်းသားနှင့် ကိုရင် ဦးပဥ္စင်းများ စုဝေးနေသော
နေရာမှာ ကပ္ပိယကြီး ဦးသာမြိုင်နေသော အဆောင်ငယ်
လေးရှိသော နေရာ၌ဖြစ်သည်။

သူတို့ကို မြင်တော့ ကျောင်းထိုင်ဘုန်းကြီးက အနီး
လျှောက်လာလေသည်။

"အချိန်မတော်ကြီးမှ ဒကာကြီးတို့ ဘယ်က ပြန်လာ
တာလဲ"

"တပည့်တော်တို့ ကိစ္စရှိလို့ အပြင်သွားနေတာပါ





တွေဖြစ်နေတာလဲ ဘုရား"

"ကပ္ပိယကြီးဦးသာမြိုင်တစ်ယောက်တော့ ဆုံးရှာပြီ"

"ဟင်... ဘယ်လိုဖြစ်လို့လဲ ဘုရား"

"မသိပါဘူး ဒကာကြီးရယ်၊ ဘုန်းကြီးလည်း ကျောင်း
ပါ်မှာ ကျိန်းနေတာနဲ့ မသိလိုက်ပါဘူး၊ ဆူးဆူးဝါးဝါးအော်သံတွေ
ကြားလို့ ဆင်းကြည့်တော့မှသာ အခုလို တွေ့ရတော့တာပါပဲ"

ဒေါက်တာမင်းထင်ကျော်တို့မှာ များစွာအံ့ဩသွားသော
ကြောင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကြလေတော့သည်။

"ကပ္ပိယကြီးက အေးအေးဆေးဆေးပဲ နေတာပါ၊ ကျုပ်သိရသ
လောက်တော့ လူမုန်းလည်း မရှိပါဘူး၊ ရန်ငြိုးရန်စတွေလည်း
ဟန်မတူပါဘူး၊ ဘယ်သူတွေကများ ရန်ငြိုးဖွဲ့ပြီး အခုလိုလုပ်
သွားကြတာလဲတော့ မသိပါဘူး"

ဟု ပြောကာ ဘုန်းကြီးက ကျောင်းပေါ် ပြန်တက်သွား
လေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်
ကျော်စွာတို့က အဆောင်အတွင်းသို့ ဝင်ကြည့်ကြလေသည်။

ကြမ်းပြင်ပေါ်မှာတော့ ကပ္ပိယကြီးဦးသာမြိုင် တစ်
ယောက် ခွေခွေကလေး သေဆုံးနေသည်။

လည်ပင်းတစ်ဝိုက်မှ ထွက်နေသော သွေးများက ကြမ်း
ပြင်ပေါ်သို့စီးကျနေသည်။ ကြည့်စရာ မလိုတော့ပေ။

လည်ပင်းပြတ်ပြီး သေဆုံးနေသည်မှာ သေချာသွားပေ
ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဆရာ၊ ဦးဒိပရဲ့ရုပ်အလောင်း
လည်း စောစောကတည်းက မီးရှို့လိုက်ပြီးပြီ မဟုတ်လား"

"လူသတ်ကောင်ဟာ ကျွန်တော်တို့ ထင်သလို ဦး
မဟုတ်တော့ဘူးထင်တယ်"

ထိုအချိန်မှာပင် အပြင်ဘက်မှာ ရပ်နေသော မြသီ
ထံမှ အော်သံထွက်လာလေသည်။

"ဟိုမှာ. . ဟိုမှာ. ."

ထိုအော်သံကြောင့် ဒေါက်တာမင်းထင်ကျော်နှင့်
စွာတို့ အပြင်သို့ ပြေးထွက်သွားကြသည်။

"ဘာလဲ မြသီတာ. . . ဘာဖြစ်တာလဲ"

"ဟို. . ဟိုမှာ. ."

သူမ လက်ညှိုးထိုးပြသောနေရာဘက်သို့ ကြည့်လို
သောအခါ အမှောင်ရိပ်ထဲမှာ ရပ်နေသောသဏ္ဍာန်ကို တွေ့
ရသည်။

ဂါဝန်အဖြူဝတ်ထားသော မာလာဆိုသော မိန်းကလေ
၏ပုံရိပ်သဏ္ဍာန်ပင်ဖြစ်၏။

ထိုသဏ္ဍာန်ကို မြင်သောအခါ ဒေါက်တာမင်းထင်ကျေ
မှာ များစွာအံ့ဩသွားလေသည်။

"အထင်နဲ့အမြင်နဲ့တော့ တလွဲစီ ဖြစ်ပြီဗျို့၊ ကျွန်တော်
က လူသတ်ကောင်ကို ဦးဒိပလို့ ထင်နေတဲ့အချိန်မှာ တက
လူတွေ လိုက်သတ်နေတာက မာလာဆိုတဲ့မိန်းကလေး ဖြစ်
တာကိုး၊ လာကြ. . လာကြ၊ ပန်းချီကားထားတဲ့ဆီ အမြန်သွ





ကြရအောင်"

ထိုသို့ပြောနေစဉ်မှာ မာလာ၏ပုံရိပ်မှာလည်း ဖျပ်ခနဲ ပျောက်ကွယ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း မိမိတို့ တည်းခိုနေသော အဆောက်အအုံ ရှိရာသို့ အလျင်အမြန် သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ ပန်းချီကားတွင် ပတ်ထားသောကတ္တူပြားနှင့် စက္ကူများကို ဆွဲဖယ်လိုက်ကြလေသည်။

"ဟင်. ."

"ဟာ. ."

တွေ့လိုက်ရသောမြင်ကွင်းကြောင့် အားလုံး တအံ့တဩ ဖြစ်သွားကြလေသည်။

အဘယ့်ကြောင့်ဆိုသော် ပန်းချီကားအတွင်းမှ ဆွဲထားသောပုံများထဲမှ လူတစ်ယောက် လျော့နေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ပျောက်နေသူမှာလည်း အခြားမဟုတ်ဘဲ အပြင်မှာ တွေ့လိုက်ရသည့် မာလာဆိုသော မိန်းကလေးပင်ဖြစ်နေတော့သည်။

"သူ အပြင်ရောက်နေပြီ၊ လူတွေကို တစ်ယောက်ပြီး တစ်ယောက် လိုက်ပြီးဒုက္ခပေးတော့မယ်၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

"သချိုင်းကို တစ်ခေါက်ပြန်သွားပြီး သူ့အုတ်ဂူထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှာကြည့်ရင်ကောင်းမယ်၊ ကျုပ်အထင်ပြောရရင်တော့ သူ့ဂူထဲမှာ ထူးခြားတာ တစ်စုံတစ်ခု ရှိနေနိုင်တယ်”

ဟု ပြောသဖြင့် ပန်းချီကားကိုပါ တစ်ပါတည်း သယ်ယူကာ သချိုင်းသို့ တစ်ခေါက်ပြန်သွားကြသည်။

အချိန်မှာ သန်းခေါင်ယံအချိန် နီးနေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ထုများနှင့် တိတ်ဆိတ်မှုများက ဖုံးလွှမ်းလျက်ရှိနေသည်။

သချိုင်းသို့ ပြန်ရောက်သောအခါ စောစောက မီးရှို့ထားခဲ့သောနေရာမှ မီးခိုးငွေ့များနှင့် ညှော်နံ့များ ထွက်နေဆဲပင်ရှိသေးသည်။

သချိုင်းနေရာသို့ ရောက်သောအခါ မာလာ၏အုတ်ဂူကို ရှာဖွေရတာ မခက်ခဲလှပေ။

မိသားစုသချိုင်းဖြစ်သောကြောင့် အခြားအုတ်ဂူများ မရှိသောကြောင့် အလွယ်တကူ ရှာတွေ့ကြသည်။

ထိုသို့တွေ့သည်နှင့် ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့က တူရွင်းပေါက်ပြားများ အသုံးပြုပြီး အုတ်ဂူကို ဖြိုဖျက်ကြသည်။

အုတ်ချပ်များမှာ ဆွေးနေသောကြောင့် ခက်ခက်ခဲခဲတော့ မရှိလှပေ။

ထိုသို့ အုတ်ဂူကို ဖြိုဖျက်နေစဉ် အမှောင်ရိပ်ထဲမှ လျှောက်လာနေသော ဖြူဖြူသဏ္ဌာန်တစ်ခုကို လှမ်းမြင်ကြရသည်။





“ဟိုမှာ. . သူလာနေပြီ၊ ခပ်မြန်မြန် လုပ်ကြမှ ဖြစ်မယ်”

ဟု ပြောကာ ခပ်သွက်သွက် တူးဖော်ကြရာ အုတ်ဂူပွင့်သွားပြီးနောက် ကျွန်းဖြင့် ပြုလုပ်ထားသော ခေါင်းတလား တစ်လုံးက ပေါ်လာသည်။

သုံးယောက်သား ခေါင်းတလားကို အပြင်သို့ ဆွဲထုတ်နေစဉ်မှာ ဖြူဖြူသဏ္ဌာန်က မနီးမဝေးနေရာသို့ ရောက်လာသည်။

ထိုသဏ္ဌာန်မှာ ပန်းချီကားအတွင်းမှာ ပါလာသော မာလာဆိုသောမိန်းကလေးပင်ဖြစ်သည်။

အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး ဆံပင်ကို ဖားလျားချထားသည်။

မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် လူသေတစ်ယောက်၏ မျက်နှာမျိုးပင်ဖြစ်သော်လည်း လူတစ်ယောက်ပုံသဏ္ဌာန်အတိုင်း တွေ့မြင်နေရခြင်းဖြစ်သည်။

လက်ထဲမှာ သွေးစွန်းနေသော သင်တုန်းဓါးတစ်လက်ကို ကိုင်ထားပြီး ဒေါက်တာမင်းထင်ကျော်တို့ကို စိုက်ကြည့်နေသည်။

မာလာဆိုသော မိန်းကလေးမှာ (၁၅)နှစ် (၁၆)နှစ် အရွယ်ခန့်သာ ရှိသေးပြီး သူမတစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များ ရှိနေဟန်ဖြင့် ထိုနေရာများမှ သွေးများစိမ့်ထွက်နေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း သူမကို ဂရုမစိုက်နိုင်တော့ဘဲ အပြင်သို့ ရောက်လာသော ခေါင်းတလားအဖုံးကို



www.burmeseclassic.com

www.burmeseclassic.com



အလျင်အမြန်ဖွင့်ရန် ကြိုးစားနေကြသည်။

အဖုံးပွင့်သွားသောအခါ ထူးခြားသောမြင်ကွင်းအချို့ကို တွေ့မြင်ရသည်။

လူအရိုးစုတစ်ခုလုံးကို ဆံပင်များဖြင့် ပတ်ချည်ထားသည်ကို တွေ့ရသည်။

ဆံပင်များမှာ ဆွေးမြေ့နေပြီဖြစ်သော်လည်း ကိုယ်ပေါ်မှာ ပုံစံမပျက် တင်နေလေသည်။

"ဒါ ဝိညာဉ်ကို ဘယ်မှမသွားနိုင်အောင် ချုပ်နှောင်ထားတဲ့ ပညာတစ်မျိုးပဲ၊ ဒါကို အမြန်ဖျက်ဆီးမှဖြစ်မယ်"

ဟု ဦးဇန်ကောင်းက ပြောသဖြင့် ထိုအလောင်းကို အပြင်ထုတ်ပြီး မီးရှို့ရန် ပြင်ဆင်နေစဉ်မှာ စောစောက ငြိမ်သက်စွာ ရပ်နေသော မာလာ၏ဝိညာဉ်က လှုပ်ရှားလာလေတော့သည်။

သူမသည် အသက်ဝင်နေသည့်အလား ပန်းချီကားအနီး၌ ရပ်နေသော မြသီတာ ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

ထို့နောက် မြသီတာကို တွန်းလှဲလိုက်ပြီး လည်ပင်းကို သင်တုန်းဓါးဖြင့် လှီးရန် ဟန်ပြင်လိုက်သည်။

အနီးမှာ ကျွန်ုပ်ရှိနေသော်လည်း သူမမှာ ဝိညာဉ်ဖြစ်နေသောကြောင့် မည်သို့မှ တားဆီးမရတော့ပေ။

"ကယ်ကြပါဦး. . ကယ်ကြပါဦး. . ကျွန်မကို သတ်တော့မယ်"





မြသီတာအော်သံက စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

ထိုအချိန်၌ သူမကို မည်သူကမှ အကူအညီမပေးနိုင်တော့ပေ။

အကယ်၍ အကူအညီပေးရန် ကြိုးစားလျှင်လည်း အချိန်ကုန်ပြီး အချည်းနှီးသာ ဖြစ်ပေမည်။

သို့ကြောင့် သုံးယောက်သား မိမိတို့ ပြုလုပ်နေသောအလုပ်ကို အလျင်အမြန် လုပ်ကြလေသည်။

မာလာ၏အလောင်းကို ရေနံဆီ လောင်းချပြီး မီးနှင့်ရှို့လိုက်ရာ ချက်ချင်း မီးတောက်များ တောက်လောင်လာတော့သည်။

ထိုအခိုက်မှာပင် မာလာက မြသီတာ၏လည်ပင်းကို လှီးဖြတ်ချလိုက်လေသည်။

"အမယ်လေး. . . သေပါပြီ"

မြသီတာမှာ ကြောက်လွန်းသဖြင့် မျက်စိမှိတ်ထားလိုက်သည်။ ဒီတစ်ခါတော့ အသက်သေပြီဟု ထင်မှတ်လိုက်သည်။

သို့သော် အတန်ကြာသည်အထိ လည်ပင်းပေါ် ဓါးရောက်မလာသောကြောင့် ကြောက်ကြောက်လန့်လန့်နှင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူမကိုယ်ပေါ်မှာ မိုးနေသော မာလာဝိညာဉ်ကို မတွေ့ရတော့ပေ။

"သူ. . သူ ဘယ်ရောက်သွားပြီလဲဟင်"

"သူ ပန်းချီကားထဲ ပြန်ရောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်ပြီး ပန်းချီကားရှိရာသို့ လှမ်းကြည့်လိုက်သောအခါ ပန်းချီကားအတွင်း၌ လူပုံပြန်တွေ့ရလေသည်။

ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်တို့ မီးရှို့နေသောကိစ္စလည်း ပြီးသွားကြသဖြင့် ထိုနေရာသို့ လျှောက်လာကြသည်။

"မြသီတာ. . ဘာဖြစ်သွားသေးလဲဟင်"

"ဘာ. . ဘာမှမဖြစ်ပါဘူး"

"တော်ပါသေးရဲ့ မြသီတာရယ်၊ နည်းနည်းလေးသာနောက်ကျသွားရင် မြသီတာ လည်ပင်းအဖြတ်ခံရတော့မှာ အသေအချာပဲ"

"သူ့ကိုယ်ပေါ်မှာ စီရင်ထားတာတွေ ပျောက်သွားတာနဲ့ ဝိညာဉ်စွမ်းအားတွေ ပျောက်သွားပုံရတယ်၊ ဒါကြောင့် ပန်းချီကားထဲ ပြန်ရောက်သွားတာပဲ"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

"ဝိညာဉ်စွမ်းအား ပျက်ပြယ်သွားပြီဆိုတော့ ဒီသွေးစွန်းနေတဲ့ ပန်းချီကားကို မီးရှို့ဖျက်ဆီးပစ်လိုက်ရင်တော့ အကောင်းဆုံးပေါ့"

ဟု ပြောသဖြင့် ထိုပန်းချီကားကိုပါ ရေနံဆီလောင်းပြီး မီးရှို့လိုက်ကြလေသည်။

ထိုသို့မီးရှို့လိုက်သောအခါ ပြာကျသွားပြီး အဖြူရောင်မီးခိုးငွေ့များ ထွက်လာလေသည်။





ထိုမီးခိုးငွေ့များမှာ လူတစ်ယောက်၏ပုံသဏ္ဍာန်များအတိုင်း ပေါ်လာခြင်းဖြစ်ပြီး အသေအချာကြည့်သောအခါ ပန်းချီကားအတွင်းမှာ ရှိကြသော ဦးဒီပ၊ ဒေါ်ငွေရုံ၊ ဦးရန်နောင်၊ မောင်ရွှေလှ၊ မရွှေရည်နှင့် မာလာတို့ပုံရိပ်များဖြစ်သည်ကို ခေတ္တမျှ မြင်လိုက်ကြရလေသည်။

အတန်ကြာသောအခါ တဖြည်းဖြည်းနှင့် အဝေးသို့ လွင့်ပါးကာ ပျောက်ကွယ်သွားလေတော့သည်။

"အခုမှပဲ ပန်းချီကားထဲမှာ နှစ်ပေါင်းများစွာ အကျဉ်းစံနေတဲ့ သူတို့ရဲ့ဝိညာဉ်တွေ လွတ်မြောက်ခွင့် ရသွားတော့တယ်"

ဦးဗန်ကောင်းက ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

"ဒီလိုဆိုရင် မာလာဆိုတဲ့မိန်းကလေးရဲ့ဝိညာဉ်လည်း လွတ်မြောက်သွားပြီပေါ့နော်"

"သူ့ရဲ့ဝိညာဉ်ကို ချုပ်နှောင်ထားတဲ့ အစီအရင်တွေ မရှိတော့ဘူးဆိုတော့ သူ့ဝိညာဉ်လည်း လွတ်မြောက်သွားရောပေါ့"

ထိုစကားကြောင့် ဘဝတစ်လျှောက်လုံး ကံဆိုးခဲ့ရုံမက ဝိညာဉ်ဘဝအထိ ကံဆိုးခဲ့ရသော မာလာဆိုသောမိန်းကလေးအတွက် စိတ်မကောင်းဖြစ်ကြရသဖြင့် သက်ပြင်းချလိုက်ကြလေသည်။ ထို့နောက်မှာတော့ အရုဏ်တက်ကာနီးအချိန်ရောက်မှ မိမိတို့ တည်းခိုနေသောနေရာသို့ ပြန်လာခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# ကံဆိုးရှာသောမိန်းကလေး၏ ကလဲ့စား

ဒေါက်တာမင်းထင်ကျော်အနေနှင့် မာလာဆိုသော မိန်းကလေးနှင့် နောက်တစ်ကြိမ် ပြန်တွေ့ရသောအခါ အံ့သြခြင်းတော့ မဖြစ်မိတော့ပေ။

သူသည် မာလာကို အိပ်မက်ထဲမှာ နောက်တစ်ကြိမ် ပြန်တွေ့ရခြင်းဖြစ်လေသည်။

သူမသည် ယခင်တစ်ကြိမ် တွေ့စဉ်ကကဲ့သို့ပင် ဆံပင်ရှည်ကို ဖားလျားချထားလျက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ဒီတစ်ကြိမ် ပြန်တွေ့သောအခါ သူမကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များနှင့် သွေးစွန်းနေသောအရာများကို မတွေ့ ရသလို လက်ထဲမှာ ကိုင်ထားသော သင်တုန်းဓါးလည်း မရှိတော့ ပေ။

သူက ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ ပြောပြသည်။

"ကျွန်မရဲ့ဝိညာဉ်ကို ချုပ်နှောင်ထားတဲ့ အကျဉ်းသား ဘဝကနေ လွတ်မြောက်အောင် အကူအညီပေးခဲ့တာ ကျေးဇူး တင်ပါတယ်"

"အခု လွတ်မြောက်သွားပြီလား"

"လွတ်မြောက်သွားပါပြီ. . . မကြာခင် အခြားဘုံဘ တစ်ခုကို သွားရတော့မှာပါ။ ဒါကြောင့် ရှင်တို့ကို လာပြီးနှုတ် ဆက်တာပါ"

"မသွားခင် မင်းရဲ့အကြောင်းတွေကိုလည်း သိချင် သေးတယ်"

"ကျွန်မရဲ့မိဘတွေကို ဓါးပြဗိုလ် ဦးဒီပတို့က ရက်ရက် စက်စက် သတ်ပစ်ခဲ့ပြီး ကျွန်မကိုလည်း အတင်းခေါ်သွားကြ တယ်. . . ဟိုမှာကြည့်ပါ"

မာလာက တစ်နေရာသို့ လက်ညှိုးထိုးပြရာ သူ့မျက် ထဲမှာ မြင်ကွင်းအချို့ကို တွေ့မြင်ရလေသည်။

ထိုမြင်ကွင်းမှာ လူဆိုးများက မိသားစုများကို ရက်ရက်





စက်စက် သတ်ဖြတ်ပြီးနောက် ဥစ္စာပစ္စည်းများကို ယူနေကြသည်။

ပြီးနောက် တစ်ယောက်တည်း ကျန်ခဲ့သောမိန်းကလေး ကို ခေါ်သွားကြသည်ကို တွေ့မြင်ရပြီး ပြန်လည်ပျောက်ကွယ် သွားသည်။

မာလာက ဆက်ပြောပြသည်။

"ဦးဒီပတို့က ကျွန်မကို သူတို့အိမ် ခေါ်သွားပြီးတဲ့နောက် တစ်အိမ်သားလုံးက နှိပ်စက်တာကို ခံရပါတယ်. . . ကြည့်ပါဦး"

ဟု ပြောပြီး မကြာခင် မြင်ကွင်းတစ်ခု ပေါ်လာလေရာ ထိုမြင်ကွင်းထဲမှာ မိန်းကလေးတစ်ယောက်ကို လူကြီးတစ် ယောက်က ကြာပွတ်ဖြင့် ရိုက်လိုက်၊ မိန်းမကြီးတစ်ယောက်က တုတ်ဖြင့် ရိုက်နှက်လိုက်၊

ထို့ပြင် လူရွယ်တစ်ယောက်နှင့် ရွယ်တူမိန်းကလေး တစ်ယောက်တို့ကလည်း နိုင်ထက်စီးနင်း နှိပ်စက်နေသော မြင် ကွင်းများကို တွေ့ရသည်။

မိန်းကလေး၏တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များ နှင့် သွေးသံတရဲရဲ ဖြစ်နေသည်။

ထိုမြင်ကွင်းမှာ မှေးမှိန်ပျောက်ကွယ်သွားပြီးနောက် မာလာက ဆက်ပြောပြန်သည်။

"ဒါ့အပြင် ကျွန်မ အပျိုဖော်ဝင်စမှာ ဦးဒီပရဲ့သားရွှေလှ ဆိုသူက ကျွန်မရဲ့ဘဝကို ဖျက်ဆီးပစ်ခဲ့တယ်"

ထိုမြင်ကွင်းကတော့ စိတ်ချမ်းသာစရာမကောင်းလှ သော မြင်ကွင်းတစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို လူရွယ်တစ်ယောက်က အတင်းအဓမ္မ ရိုက်နှက်ချုပ်နှောင်ကာ အဓမ္မ ကျင့်ကြံနေသော မြင်ကွင်းပင်ဖြစ်လေသည်။

"အဲဒီနောက်ပိုင်းမှာတော့ ကျွန်မ ဘယ်သူနဲ့မှ မတွေ့ တော့ဘဲ အခန်းထဲမှာပဲ နေခဲ့ပါတယ်၊ အဲဒီလိုနေရင်းနဲ့ စိတ် ခံစားမှုတွေကမှတဆင့် စိတ်စွမ်းအင်တစ်ခုကို ရခဲ့ပါတယ်"

ထိုအကြောင်းကို ဒေါက်တာမင်းထင်ကျော်က စိတ်ဝင် စားသွားလေသည်။

"ဘယ်လိုစွမ်းအင်မျိုးလဲဟင်"

"အရာဝတ္ထုတွေ၊ လူတွေ၊ တိရစ္ဆာန်တွေကို အလိုရှိတဲ့ အတိုင်း စိတ်ထဲက အမိန့်ပေးခိုင်းလို့ ရနိုင်တဲ့ စိတ်စွမ်းအင်တစ်မျိုး ပါ"

"အဲဒီလိုရတော့ ဘယ်လိုအသုံးချခဲ့သလဲဟင်"

"ကျွန်မကို နှိပ်စက်ခဲ့တဲ့မိသားစုတွေကို ကလဲ့စားချေတဲ့ အနေနဲ့ တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်ခဲ့ပါတယ်"

ထို့နောက် မြင်ကွင်းအချို့ ပေါ်လာပြန်တော့သည်။

ဦးစွာ လူတစ်ယောက်ကို အင်းခွေးကြီးသုံးကောင်တ ဝိုင်းဝန်းကိုက်ခဲကြသဖြင့် မရှုမလှ သေဆုံးသွားသောမြင်ကွင်းပင် ဖြစ်သည်။

ထိုသူမှာ ဦးရန်နောင်ဆိုသူပင်ဖြစ်သည်။

"ဒါဖြင့် အင်းခွေးကြီးတွေကို စိတ်စွမ်းအင်သုံးပြီး အမိန့် ပေးခဲ့တာ မင်းပဲပေါ့"





"မှန်ပါတယ်"

နောက်မြင်ကွင်းကတော့ သူမကို စော်ကားခဲ့သော ရွှေလှအလှည့်ပင်ဖြစ်သည်။

ရွှေလှ သေရပုံမှာ ဆန်းသည်။

အပြင်မှာ ခွေထားသောကြိုးက မြွေတစ်ကောင်ကဲ့သို့ အသက်ဝင်လာပြီး အလိုအလျောက် ဝင်လာကာ ရွှေလှ၏ လည် ပင်းကို ရစ်ပတ်သတ်လိုက်ခြင်းပင်ဖြစ်သည်။

တတိယကတော့ သမီးဖြစ်သူ ရွှေရည်အလှည့်ဖြစ် သည်။ ပွင့်နေသောပြတင်းပေါက်မှ ဓါးတစ်ချောင်းက ဝင်လာပြီး လည်ပင်းကို လှီးဖြတ်လိုက်ခြင်းပင်ဖြစ်လေသည်။

ရွှေရည်မှာ သူမ အသတ်မခံရခင်အချိန်အတွင်းမှာ သူမအခန်းတွင်းမှာ မာလာ၏ပုံရိပ်ကို တွေ့မြင်ခဲ့ရသဖြင့် များစွာ ထိတ်လန့်ကြောက်ရွံ့ပြီးမှ သေဆုံးသွားခြင်းဖြစ်လေသည်။

နောက်တစ်ယောက်ကတော့ ဒေါ်ငွေရှုံအလှည့်ပင်ဖြစ် လေသည်။

အလုံပိတ်ထားသောအခန်းအတွင်းမှာ မာလာ၏ပုံရိပ် ကို တွေ့ရသဖြင့် များစွာကြောက်ရွံ့သွားသဖြင့် နောက်ဆုတ်သွား ရင်းမှ နံရံကပ်သွားလေတော့သည်။

ထိုအခါ အခန်းထဲမှာ အကြောင်းရှိလျှင် အသုံးပြုနိုင်ရန် ထားသော ဓါးတစ်လက်က လေပေါ်သို့ ဝဲတက်လာပြီး ဒေါ်ငွေရှုံ ၏မျက်နှာရှေ့နားမှာ ဝဲနေလေသည်။

"ငါ့ကို မသတ်နဲ့၊ အသက်ကို ချမ်းသာပေးပါ၊ နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မနှိပ်စက်တော့ပါဘူး”

ထိုသို့တောင်းပန်သော်လည်း မရတော့ဘဲ ဓါးက တ ဖြည်းဖြည်းနှင့် ရှေ့တိုးနောက်ဆုတ် ဖြစ်လာတော့သည်။

ထို့ကြောင့် အပြင်မှ လူများ ကြားအောင် အကူအညီ တောင်းလိုက်လေသည်။

ထိုအချိန်မှာပင် ဓါးက အရှိန်ဖြင့် ပြေးဝင်လာပြီးနောက် ပါးစပ်တွင်းမှ ဖောက်ဝင်ကာ အနောက်ဘက်နံရံ၌ စိုက်ဝင်သွား လေတော့သည်။

နောက်ဆုံးအလှည့်ကတော့ ဦးဒီပအလှည့်ဖြစ်သည်။

သူသည် မသေခင်အချိန်မှာ ထိတ်လန့်မှုများစွာတို့နှင့် ကြုံခဲ့ရသေးသည်။

နောက်ဆုံးမှ လည်ပင်းကို ဓါးဖြင့် အဖြတ်ခံရပြီး သေ ဆုံးသွားလေသည်။

မာလာ၏မိဘနှစ်ယောက်စလုံးကို သူကိုယ်တိုင် ဓါးဖြင့် လည်ပင်းဖြတ်၍ သတ်ဖြတ်ခဲ့သောကြောင့် သူ့အလှည့်၌ လည် ပင်း အဖြတ်ခံရခြင်းဖြစ်သည်။

“အားလုံးသေသွားပြီးတဲ့နောက် မင်းကို ဘယ်သူက သတ်တာလဲ”

“သူတို့အားလုံးကို ကလဲ့စားချေ သတ်ပြီးတဲ့နောက်မှာ ကျွန်မကိုယ်ကျွန်မ သတ်ပြီးသေခဲ့တာပါ”

“မင်းရဲ့ဝိညာဉ်ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့တာ ဘယ်သူ တွေလဲ”





“ကျန်ခဲ့တဲ့ ဦးဒီပရဲ့ဆွေမျိုးသားချင်းတွေပါ၊ နောက်ပိုင်း ဦးဒီပတို့မိသားစုတွေ ကျွန်မလက်ချက်နဲ့ သေခဲ့ကြရတယ်ဆိုတာ တို့ သိသွားခဲ့တာကြောင့် အောက်လမ်းဆရာတစ်ယောက်ကို ခေါ်ပြီး ဝိညာဉ်ဘဝနဲ့ မကျွတ်မလွတ်အောင် လုပ်ထားခဲ့ကြတာ ပါ”

အကြောင်းစုံ သိရသောအခါ ဘဝမကောင်းခဲ့ရှာသော မာလာဆိုသောမိန်းကလေးအတွက် စိတ်မကောင်းဖြစ်မိလေ သည်။

“ဒီအကြောင်းတွေ ကြားရတာ မင်းအတွက် စိတ်မ ကောင်းပါဘူး၊ အခုတော့လည်း အားလုံးပြီးသွားပါပြီ”

“ဒါကြောင့် ရှင်တို့ကို ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် လည်း ကျွန်မ မသွားခင် ပြောပြစရာတစ်ခု ရှိတာကို ပြောပြထား ခဲ့ပါမယ်”

“ဘာများလဲ”

“ဒီသချိုင်းနေရာရဲ့မြောက်ဘက်မှာ ဦးဒီပ နေခဲ့တဲ့ အိမ် ဟောင်းနေရာ ရှိပါတယ်၊ အဲဒီနေရာမှာ သူ ဓါးပြဘဝနဲ့ ရခဲ့တဲ့ ပစ္စည်းတွေနဲ့ ပိုင်ဆိုင်တဲ့ရွှေငွေရတနာတွေကို မြေအောက်မှာ မြှုပ်ထားတာ ရှိပါတယ်၊

အဲဒီပစ္စည်းတွေကို တူးယူပြီးတော့ ရှင်တို့လည်း ယူပါ၊ ကျွန်မတို့အားလုံးအတွက်လည်း ရည်စူးပြီးတော့ ကုသိုလ် ကောင်းမှုတွေ ပြုလုပ်ပေးပါ၊ အမျှအတန်း ဝေပေးပါ”

“ကောင်းပါပြီ. . . မင်းပြောတဲ့အတိုင်း ပြုလုပ်ပေးပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်”

ဟု ပြောလိုက်သောအခါ မာလာဆိုသော မိန်းကလေ ၏ဝိညာဉ်မှာလည်း တဖြည်းဖြည်းနှင့် ဖဲ့ဝါးပျောက်ကွယ်သွာ လေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း အိပ်မက်မှ အဆုံးသ ရာ အိပ်ပျော်ရာမှ နိုးလာလေတော့သည်။

သူ့အတွေးအိမ်ထဲမှာတော့ လွန်ခဲ့သည့် နှစ်ပေါင် တစ်ရာကျော်လောက်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြန်လည်တွေးတောကာ စိတ်မကောင်းဖြစ်မိရုံမှအပ အခြာ ဘာမှမတတ်နိုင်တော့ပါချေ။





# အခန်း(၁၆)

## အချစ်သည် အောင်မြင်ခြင်းကို ဖြစ်စေနိုင်ပါသည်

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ အိပ်မက်ထဲမှာ မာလာဆိုသောမိန်းကလေး ပြောသွားသည့်အတိုင်း လိုက်လံရှာဖွေကြသောအခါ ချုံနွယ်ပိတ်ပေါင်းများ ဖုံးနေသောနေရာအောက်မှ အိမ်ဟောင်းတစ်လုံး၏အပြိုအပျက်များကို တွေ့ကြရသဖြင့် ထိုနေရာတစ်ဝိုက်မှ မြေများကို တူးဆွရှာဖွေကြသောအခါ ဦးဒီပ မြှုပ်နှံထားခဲ့သော ကြေးသေတ္တာတစ်လုံးကို ရှာဖွေတွေ့ကြလေသည်။

ထိုသေတ္တာကို ဖွင့်ကြည့်သောအခါ အတွင်း၌ ရွှေငွေ



www.burmeseclassic.com

www.burmeseclassic.com



ရတနာများကို တွေ့ကြရလေသည်။

ထို့ကြောင့် ထိုပစ္စည်းအချို့ကို ထုခွဲရောင်းချပြီး ကျောင်းဝင်းအတွင်းမှာ ဘုရားတစ်ဆူနှင့် သိမ်တစ်လုံး ဆောက်လုပ်ရန်အတွက် ကျောင်းထိုင်ဆရာတော်ကို ငွေများ လှူဒါန်းခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရန်ကုန်မပြန်ခင်မှာပင် ထိုကျောင်းမှာ အလှူကြီးတစ်ခုပြုကာ ကွယ်လွန်သွားသူများအတွက် ရည်စူးကာ အမျှအတန်း ဝေပေးလိုက်လေတော့သည်။

ထို့နောက်မှာတော့ ရန်ကုန်-မန္တလေးရထားနှင့် ရန်ကုန်သို့ ပြန်ခဲ့ကြလေသည်။

ရထားပေါ် ရောက်တော့ ဦးဗန်ကောင်းက ပြောသည်။

"ဝိညာဉ်နောက် လိုက်ရင်း မမျှော်လင့်ဘဲ ရတနာတွေ တောင်ရလို့ အလှူအတန်းတောင် လုပ်နိုင်ခဲ့ကြသေးတယ်၊ ဘယ်လောက်ကံကောင်းကြသလဲ"

"ဒါက သင်တုန်းခါးနဲ့ လည်ပင်းအလှီးမခံခဲ့ရလို့ ဒီစကားမျိုး ပြောနိုင်တာပါ အဘရာ၊ တကယ်လို့သာ အလှီးခံရင် ကပ္ပိယကြီး ဦးသာမြိုင်လို မြေကြီးထဲ ရောက်နေလောက်ရောပေါ့"

စုံထောက်ကျော်စွာစကားကြောင့် ရယ်လိုက်ကြသည်။

"ကျွန်တော်လည်း အခုမှ တာဝန်ပေါ့ပါးသွားတော့တယ်၊ ဒီက ပြန်ရောက်တော့မှပဲ အထက်ကို အကျိုးအကြောင်းတင်ပြပြီး တရားခံ မဟုတ်ဘဲ ဖမ်းထားတဲ့ ကိုဟန်စိန်ကို ပြန်လွှတ်





ပေးရမယ်"

"ကျွန်တော်တို့အားလုံးက လူသတ်တရားခံကို ဦးဒီပလို့ ထင်နေတဲ့အချိန်မှာ တကယ့်လူသတ်ဝိညာဉ်က အနားရောက်နေကြတော့ ကံကောင်းကြလို့သာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်ကတော့ ရေးစရာဇာတ်လမ်းတစ်ပုဒ် ရလိုက်တာအမြတ်ပါပဲ"

"စာရေးဆရာဆိုတဲ့လူမျိုးကတော့ ထူးဆန်းတာ တွေ့တာနဲ့ ရေးဖို့ပဲ စိတ်ကူးနေတော့တာပဲ"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ ပြုံးနေလိုက်ရလေသည်။ ညဉ့်နက်ပိုင်း ရောက်လာသောအခါ အနားယူကြသည့်အနေဖြင့် အသီးသီး အိပ်ကြလေရာ ဒေါက်တာမင်းထင်ကျော်နှင့် မြသီတာတို့ မအိပ်ဘဲ ကျန်တော့သည်။

မြသီတာက ဒေါက်တာမင်းထင်ကျော်နံဘေးမှာ ကပ်ထိုင်နေခြင်းဖြစ်သည်။

"ကိစ္စတွေ ပြီးသွားပြီဆိုတော့ ပန်းချီကားအတွက် စိတ်အေးသွားရပြီ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က မေးသည်။

"ပန်းချီကားအတွက်ကတော့ စိတ်အေးသွားရပြီပေါ့၊ ဒါပေမယ့် ကျွန်မအတွက်ကတော့ စိတ်မအေးစရာတွေ ကျန်သေးတာပေါ့"

"ဟင် . . . ဘာတွေများလဲဟင်"

"ကျွန်မတို့မှာ အဖေနဲ့သမီးပဲ ရှိတာ၊ အခု အဖေ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုတော့ အလုပ်တွေကို ဘယ်လိုဆက်လုပ်ရမလဲ၊ အလုပ်သမားတွေနဲ့ ဘယ်လိုဆက်ပြီး စခန်းသွားရမလဲ မသိလို့ ခက်နေရတယ်”

“ကျွန်တော် ဘယ်လိုအကူအညီပေးရမလဲ”

“အခု ပြောပြနေတာလေ”

“ကျွန်တော်လည်း အကူအညီပေးချင်ပါတယ်၊ မြသီတာ သဘောကို မမေးရသေးလို့ပါ”

“ဘာလဲဟင်”

“ကျွန်တော်က အကူအညီပေးရမှာဆိုတော့ ယာယီပေးရမှာလား၊ ဒါမှမဟုတ် တစ်သက်လုံး ပေးရမှာလားဟင်”

“ကိုမင်းထင်ကျော်က ဘယ်လိုတာဝန်ယူပေးချင်လို့လဲ”

“တစ်သက်လုံး တာဝန်ယူ စောင့်ရှောက်ပေးဖို့ စိတ်ကူးထားလို့ပါ”

“ဘယ်တုန်းကတည်းက ဒီလိုစိတ်ကူးမျိုး ရနေခဲ့တာလဲဟင်”

“လေလံပွဲ လာတုန်းက မြသီတာကို စတွေ့ကတည်းက ဆိုပါတော့”

“ဘာကြောင့် အခုမှ ပြောရတာလဲ”

“ဒီကြားထဲမှာ အန္တရာယ်တွေနဲ့ နပန်းလုံးနေရလို့ မပြောဖြစ်ခဲ့တာပါ၊ အခုမှ ကိစ္စတွေအားလုံး ပြီးသွားလို့ ဖွင့်ပြောတာ”

“ဒီစကားကို တကယ်ပဲ ပြောနေတာလားဟင်”





“ဒီစကားမျိုးက စိတ်ထဲမှာ မပါဘဲ ပြောလို့ရတာမှ မဟုတ်တာ၊ မြသီတာကို တွေ့စကတည်းက စိတ်ဝင်စားနေတာပါ၊ အခုလို ခရီးအတူတူ ထွက်လာခဲ့ပြီးတော့မှ ပိုပြီးစွဲလမ်းမှု ဖြစ်နေခဲ့ရတာပါ၊ ဒီစကားက မှန်သောစကားပါပဲ”

မြသီတာထံမှ တိုးညင်းသော သက်ပြင်းချသံကလေး တစ်ချက် ထွက်ပေါ်လာလေသည်။

“ကျွန်မလည်း အစ်ကို့ကို တွေ့မြင်စကတည်းက စိတ်ဝင်စားမှု ရှိပါတယ်၊ ဒါကြောင့် အခုလိုခရီးမျိုးကို ယုံယုံကြည်ကြည်နဲ့ လိုက်ခဲ့ဝံ့တာပါ”

“ဒါဖြင့် ကိုယ့်မေတ္တာကို လက်ခံပေးမယ် မဟုတ်လား”

“မေတ္တာစစ်နဲ့ လက်ကမ်းလာတဲ့သူကို မေတ္တာစစ်နဲ့ တုံ့ပြန်ရမှာ ဝန်မလေးပါဘူး အစ်ကိုရယ်၊

တကယ်တော့ အစ်ကိုက ကျွန်မအတွက်တော့ ဦးဆုံး တွေ့ရတဲ့ဖူးစာရှင်ပါပဲ”

“ကိုယ့်အတွက်လည်း မြသီတာက ပထမဆုံး တွေ့ရတဲ့ ချစ်သူပါပဲကွယ်”

“ဒီလိုမှတော့ ကျွန်မဘဝအတွက် ဦးဆောင်ပေးမယ့်သူ လာပြီမို့ စိတ်မပူရတော့ဘူးပေါ့နော်”

“ဘာမှစိတ်ပူစရာ မရှိတော့ပါဘူး၊ မြလေးရဲ့ဘဝတစ်ခုကို တာဝန်ယူပြီး စောင့်ရှောက်ပေးသွားပါ့မယ်လို့ ကိုယ်ကတိပေးပါတယ်”

ဟု ပြောကာ မြသီတာ လက်ကလေးတစ်ဖက်ကို ဆုပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ ကိုယ်ကလေးကို ငွေထွေးဖက်ထားလိုက်လေတော့သည်။

မြသီတာကလည်း ချစ်ရသူရင်ခွင်မှာ မှီထားရင်း ဒေါက်တာမင်းထင်ကျော်လက်ကို ခပ်တင်းတင်း ပြန်လည်ဆုပ်ကိုင်ထားလိုက်လေတော့သည်။

ရထားပြတင်းပေါက်မှ လေသည် အေးမြခြင်းကို ဖြစ်စေသည်။ . ထို့ထက်. . .

ချစ်သူနှစ်ဦးအတွက် အချစ်ကြောင့် ဖြစ်သော သာယာချမ်းမြေ့မှုက ပို၍အေးမြခြင်းကို ဖြစ်စေပါသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သွေးစက်ဝက်ပါ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

BURMESE CLASSIC .com

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ပြုံးကွ

စာပြီးချိန်။ ။ (၂၀၁၁)ခုနှစ်၊ဇန်နဝါရီလ(၁၆)ရက်
တနင်္ဂနွေနေ့၊ည(၉)နာရီ။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com